The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 42 တနင်္လာနေ့တိုင်းထုတ်ဝေသည် October 30, 2017

## ASEAN Trade Fair 2017 ကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပ

စာမျက်နှာ - ၈ ➢

## ရောပုသိမ်ဖွံ့ဖြိုးမှု အများနှင့် သက်ဆိုင်သော ကုမ္ပဏီက ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်များတွင် ကန်ထရိုက်လယ်ယာစနစ် စိုက်ပျိုးနိုင်ရေးဆွေးနွေး

စာမျက်နှာ - ၂၃ ➢

## Contract Farming စနစ်ဖြင့် ကုလားပဲများစိုက်ပျိုး

စာမျက်နှာ - ၂၄ ➢

# ချင်း(ဂျင်း) စိုက်ပျိုးဝင်ငွေတိုး၊ ချင်း(ဂျင်း)ခြောက် ပြည်ပဈေးကွက် တိုးချဲ့တင်ပို့နိုင်ရေးကြိုးစားပေး

စာမျက်နှာ - ၁၂ ➢



## ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာ့ကုန်သွယ်မှုတိုးတက်မှုနှုန်း သိသိသာသာ မြင့်မားလာ

စာမျက်နှာ - ၈ ➢

## အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းသည့် လယ်ယာထွက်ကုန်အမယ်တချို့တွင် အသုံးပြုသည့် Florpyrauxifen-benzyl ပိုးသတ်ဆေးပါဝင်မှု MRLs( Maximum Residue Limits) ပြောင်းလဲ

စာမျက်နှာ - ၈ ➢




ဝိစာရ
ဝိစာရ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်
စစ်မှန်ပြည့်ဝ ဝိစာရ


Every Day...
Fresh & Tasty
J'DONUTS

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ကျင်းပသည့် စားသုံးသူများ ဘေးကင်းလုံခြုံမှုရှိစေရေး ဒေသတွင်းညီလာခံသို့ တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၆ရက်မှ ၂၇ ရက်အထိ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ကျင်းပပြုလုပ်သည့် စားသုံးသူများ ဘေးကင်းလုံခြုံမှုရှိစေရေး ဒေသတွင်းညီလာခံသို့ တက်ရောက်ခဲ့ပါသည်။

အဆိုပါညီလာခံသို့ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် တက်ရောက်ခဲ့ပြီး အရှေ့အာရှ၊ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ ဝန်ကြီးများ၊ နိုင်ငံတကာမှ အဆင့်မြင့်အရာရှိကြီးများ၊ အစိုးရဌာနများမှ ကိုယ်စားလှယ်အရာရှိကြီးများ၊ စားသုံးသူအကာအကွယ်ပေးရေးအေဂျင်စီမှ ကိုယ်စားလှယ်ကြီးများ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။



ထိုသို့တွေ့ဆုံရာတွင် စားသုံးသူများ ဘေးကင်းလုံခြုံမှုရှိစေရေးနှင့် ဆောင်ရွက်ရေး၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခြင်း၊ Online စားသုံးသူများအပေါ် အကာအကွယ်ပေးရေး၊ သစ်တောဆိုင်ရာ ဘဏ္ဍာရေး ဝန်ဆောင်မှုများအပေါ် အကာအကွယ်ပေးရေး၊ စားသုံးသူပညာပေးရေးနှင့် လုပ်ပိုင်ခွင့်နှင့် ကာကွယ်ခြင်း အထူးအခွင့်အရေးများ၊ အားနည်းချက်များနှင့် စားသုံးသူများ စီးပွားရေးဆိုင်ရာ စရိတ်သက်သာရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။ **MOC(IR)**

# ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Trade Development Programme-TDP) စီမံကိန်းကော်မတီ၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးကျင်းပ



EU နှင့် GIZ အဖွဲ့အစည်းတို့ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Trade Development Programme-TDP)၏ ပဉ္စမအကြိမ် စီမံကိန်းကော်မတီအစည်းအဝေးကို အောက်တိုဘာ ၂၅ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃)ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ပဉ္စမအကြိမ် စီမံကိန်းကော်မတီအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ စီမံကိန်းတွင် အကျိုးခံစားခွင့်ရသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကော်မတီအဖွဲ့ဝင်များ၊ EU နှင့် GIZ မှ တာဝန်ရှိသူများ အပါအဝင် စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြပါသည်။

ကုန်သွယ်မှု တိုးတက်ရေးအစီအစဉ် (Trade Development Programme-TDP) ၏ အဓိကရည်မှန်းချက်မှာ

စာမျက်နှာ (၁၅)သို့ ➤

# မြန်မာနိုင်ငံတွင် (၁၆)ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအား အလှည့်ကျ အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ်ကျင်းပ




(၁၆)ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေး ကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးကျင်းပခြင်းကို ရန်ကုန်မြို့ရှိ ချက်ထရီယံဟိုတယ်တွင် အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်ထိ လေးရက်ကြာ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက်တွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာနိုင်ငံသည် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီနှင့်အတူ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို

စာမျက်နှာ (၂၀)သို့ ➤

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
-

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Vol: 17, No.42 Monday October 30 2017

## မအူပင်မြို့နယ်အတွင်း ကောက်စောစပါးများဈေးကောင်းရ

မအူပင်မြို့နယ်ရှိ ကျေးရွာအုပ်စုအချို့တွင် ကောက်စောစပါးများဖြစ်သည့် ရက် (၉၀) သီးထပ်ရင်၊ ဆင်းသုခ အနည်းငယ် ထွက်ပေါ်နေပြီဖြစ်ကြောင်း သိရှိရပါသည်။

ယခုထွက်ရှိသော ကောက်စောစပါးများသည် မအူပင်မြို့နယ်အတွင်း ယခင်နှစ်မိုးစပါးများ လက်ကျန်နည်းနေခြင်း၊ နွေစပါးများဈေးကောင်းရ၍ အရောင်းသွက်ပြီး ရန်ကုန်ဈေးကွက်သို့ ပေးပို့ခြင်းများကြောင့် ဒေသတွင်းလိုအပ်ချက်ရှိလာခြင်း၊ဈေးကွက်ဝယ်လိုအားကြောင့် ဆန်ဈေးအနည်းငယ်ဈေးကောင်းရလာခြင်းတို့ကြောင့် ကောက်စောစပါးများကို အစိုတင်း ၁၀၀လျှင်ကျပ်လေးသိန်း ရှစ်သောင်း ဖြင့်ဝယ်ယူပြီး အခြောက်တင်း ၁၀၀လျှင် ကျပ်ငါးသိန်းငါးသောင်းအထိ ဝယ်ယူနေရကြောင်း မအူပင်မြို့နယ် လှေဆိပ်ဒေသရှိဆန်စက်ပိုင်ရှင်များ၏ ပြောကြားချက်အရ သိရှိရပါသည်။

CONSUMER- MT

## ယခုတစ်ပတ် ဖိလစ်ပိုင်နိုင်ငံသို့ ဆန်အများဆုံးတင်ပို့

မြန်မာ-တရုတ်နယ်စပ်နဲ့မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာ ၁၄ ရက် မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်းအမေရိကန်ဒေါ်လာ ၇ ဒသမ ၃၉၃သန်းတန်ဖိုးရှိ ဆန်နဲ့ကောက်ညှင်းဆန် ၂၀၅၅၅တန်နီးပါးတင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၁၇၆၉၂ တန်ခန့်နဲ့ ကောက်ညှင်းဆန်တန်၁၀၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၈၂ တန်နီးပါးနဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန်၁၉၃၇တန်တင်ပို့ခဲ့ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၅၀၅ တန်နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၃၉၂ တန်ကျော်တင်ပို့ခဲ့ပါတယ်။ နယ်မြေ မအေးချမ်းတဲ့အတွက် ဆန်တင်ပို့ခြင်းကို ရပ်နားထားခဲ့တဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ ယခုအခါနယ်မြေအေးချမ်းပြီဖြစ်တဲ့အတွက် ဆန်ပြန်လည်တင်ပို့နေပြီဖြစ်ပါတယ်။ကုန်သွယ်ရေးစခန်းများရဲ့ဆန်တင်ပို့မှုမှာ ယခင်တစ်ပတ်က ဆန်တန်ချိန် ၁၁၆၂၀ ကျော်တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ ၂၀၅၅၅တန်ခန့် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ဆန် ၈၉၃၅ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၉သန်းဖိုးနဲ့ တန်ချိန် ၁၆၈၆ တန်တင်ပို့ခဲ့ပြီး မူဆယ်မှ ၁၅၉၇ တန်နဲ့ လွယ်ဂျယ်မှ ၈၉ တန်တင်ပို့ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းနှစ်ခုမှ ဆန်ကွဲ ၇၆၅ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ၉၂၁ တန်ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။

အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၇ဒသမ ၅၆၅သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၂၃၆၂၅ တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် ဆန်အများဆုံးတင်ပို့တဲ့နိုင်ငံမှာ ဖိလစ်ပိုင်နိုင်ငံဖြစ်ပြီး ဧည့်မထဆန်တန်ချိန် ၁၀၀၀၀တင်ပို့ခဲ့ပါတယ်။ အခြားတင်ပို့တဲ့နိုင်ငံများမှာဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၈၇၅၀၊ ဂျပန်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန်၅၀၀၊အာဖဂန်နစ္စတန်နိုင်ငံသို့ ဧည့်မထဆန်၈၇၅တန်၊ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၇၅ တန်၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် ၁၂၅တန်နဲ့ငစိန်ဆန် တန်ချိန်၅၀၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၁၇၅၀၊ ရုရှားနိုင်ငံသို့ ပေါင်းဆန် ၁၂၅ တန်၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထဆန် ၁၁၂၅တန်၊အီးယူနိုင်ငံများသို့ပေါင်းဆန်တန်ချိန် ၂၅၀တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ဆန် ၁၅၀၂၅တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာတန်ချိန် ၈၆၀၀ပိုမိုတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။

ယခုတစ်ပတ် ဆန်တင်ပို့မှု ပိုမိုသလို ဆန်ကွဲလည်းပိုမိုတင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခုတစ်ပတ် အမေရိကန်ဒေါ်လာ ၁ဒသမ၅၃၅သန်းတန်ဖိုးရှိ ဆန်ကွဲ၆၀၆၄တန်တင်ပို့ခဲ့ရာ စင်ကာပူနိုင်ငံသို့ ၇၅တန်၊ သီရိလင်္ကာနိုင်ငံသို့ တန်ချိန် ၅၀၀၊ မလေးရှားနိုင်ငံသို့ ၃၇၅ တန်၊ အာဖဂန် နစ္စတန်နိုင်ငံသို့ ၁၂၅ တန်နဲ့ အီးယူနိုင်ငံများသို့ ဆန်ကွဲ ၄၉၈၉တန် တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ဆန်ကွဲ ၄၁၂၅ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ဆန်ကွဲတင်ပို့ မှု ၁၉၃၉ တန်ပိုမိုခဲ့ပါတယ်။ ယခုတစ်ပတ်မှာ နယ်စပ်ရော ပင်လယ်ရေကြောင်းမှပါ ဆန်နဲ့ဆန်ကွဲ ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

**ယဉ်ယဉ်အေး**

## ဆန်ဟောင်းအဝင်နည်းတဲ့အတွက် ဈေးတက်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောရော ဆန်ကြမ်းပါ ပစ္စည်းအဝင်နည်းတဲ့အတွက် ဈေးတက်ကြောင်း ဝါးတန်းဆန်ကုန်စည်ဒိုင်မှ သိရပါတယ်။ ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၄၁၀၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၃၇၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၄၂၀၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၃၈၅၀၀၊ နယ်စုံကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၈၅၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၃၆၅၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၄၈၅၀၀ မှ ကျပ် ၅၁၀၀၀ အထိရှိပြီး ဆန်ချောတစ်အိတ်ကို ယခင်တစ်ပတ်ထက်ကျပ် ၂၀၀၀ မှ ကျပ်၄၅၀၀ အထိဈေးတက်ကြောင်းသိရပါတယ်။ ဆန်ချောမှာ ပစ္စည်းအဝင်နည်းတဲ့အတွက် လက်ကျန်ပစ္စည်းနည်းပြီး ဈေးတက်သွားတာဖြစ်ကြောင်း၊ဆန်သစ်ပေါ်ပေမယ့် ဝါးတန်းကုန်စည်ဒိုင်ကို အဝင်နည်းနေသေးကြောင်း သိရှိရပါတယ်။

ဆန်ချောနဲ့အပြိုင်ဆန်ကြမ်းလည်း ယခုတစ်ပတ်ဈေးထပ်မံမြင့်တက်တာတွေ့ရပါတယ်။ ဧည့်မထဆန်ထိပ်စတစ်အိတ်ကျပ် ၂၃၅၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၂၀၅၀၀၊ နွေသီးထပ်ရှယ်တစ်အိတ်ကျပ် ၂၃၅၀၀မှ ကျပ် ၂၄၀၀၀၊ နွေဆန်ရက် ၉၀ တစ်အိတ်ကျပ် ၂၄၅၀၀ မှ ကျပ် ၂၅၅၀၀၊ ဧည့်မထ ၂၅မှတ်တစ်အိတ်ကျပ် ၂၀၀၀၀ မှ ကျပ် ၂၀၃၀၀ ဖြစ်ပြီး ဆန်ကြမ်းယခုတစ်ပတ်အတွင်း အတက်အကျရှိတာတွေ့ရပါတယ်။ နွေသီးထပ်(ရှယ်)နဲ့ နွေဆန်ရက် ၉၀ က တစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ အထိ ဈေးတက်ပြီး ဧည့်မထဆန်က တစ်အိတ်ကိုကျပ် ၅၀၀ခန့်ဈေးတက်ပြီး အောက်တိုဘာ ၂၃ ရက်နောက်ပိုင်းမှာ တစ်အိတ်ကို ကျပ် ၁၀၀၀ ခန့်ဈေးပြန်ကျလာတာတွေ့ရပါတယ်။ ဆန်ကြမ်းအသစ်ပေါ်ပြီဖြစ်တဲ့အတွက် ဘုရင့်နောင်ကုန်စည်ဒိုင်နဲ့ဝါးတန်းကိုလည်း အနည်းငယ်ဝင်နေတာကြောင့်ဈေးပြန်ကျတာလို့ ဝါးတန်းကုန်စည်ဒိုင်မှ သိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာလည်း အနည်းငယ်ဈေးတက်ကြောင်းသိရပါတယ်။ ဧည့်မထ ၅မှတ်မှော်ဘီတစ်အိတ် ၁၄၁ ယွမ်မှ ၁၄၃ ယွမ်၊ ဧည့်မထ ၅ မှတ်စူပါတစ်အိတ် ၁၃၆ ယွမ်မှ ယွမ် ၁၄၀၊ ဧည့်မထ ၁၀ မှတ်မှော်ဘီတစ်အိတ် ၁၃၄ ယွမ်မှ ၁၃၆ယွမ်၊ ဧည့်မထ ၁၀ မှတ်စူပါတစ်အိတ် ၁၃၁ယွမ်မှ ၁၃၂ ယွမ်၊ မနောသုခ ၁၅ မှတ်တစ်အိတ်၁၂၆ယွမ်မှ ၁၂၇ ယွမ်၊ မနောသုခ၂၅ မှတ်တစ်အိတ် ယွမ် ၁၂၀ မှ ၁၂၄ ယွမ်၊ ငစိန် ၅ မှတ်တစ်အိတ်ယွမ် ၁၃၀မှ ၁၃၂ ယွမ်၊ ငစိန် ၁၅မှတ်တစ်အိတ် ၁၂၅ ယွမ်မှ ၁၂၇ ယွမ်၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၂၁ယွမ်မှ ၁၂၄ယွမ်ရှိပါတယ်။ ငစိန်ဆန်ဈေးမတက် သော်လည်း ဧည့်မထဆန်တစ်အိတ်ကို တစ်ယွမ်ခန့် ဈေးတက်ကြောင်း သိရပါတယ်။

မြို့တွင်းနယ်စုံမှ မူဆယ်သို့ဆန်အဝင်မှာ အောက်တိုဘာ ၂၀ရက်မှ ၂၆ ရက်အထိ ဆန် ၁၇၀၄၈ တန်ရှိကြောင်းသိရပါတယ်။ ယခင်တစ်ပတ်ထက် ဆန်အဝင်ပိုမိုကြောင်းနဲ့ တစ်ဖက်တရုတ်နိုင်ငံမှာ ငါးနှစ်တစ်ကြိမ်ကျင်းပတဲ့ ကွန်မြူနစ်ပါတီညီလာခံကို အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပတဲ့အတွက် အဲဒီရက်တွေမှာ အရောင်းအဝယ် ခေတ္တရပ်ဆိုင်းသော်လည်းအောက်တိုဘာ၂၅ရက်ကစပြီး အရောင်းအဝယ်ပြန်ဖြစ်နေပြီလို့ မူဆယ်မှသိရပါတယ်။ အောက်တိုဘာ ၂၇ရက်ငွေလဲနှုန်းအရ တစ်ယွမ်ကို ၂၀၄ ဒသမ ၄၉ ကျပ်ဈေးပေါက်ကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၇-၁၀-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၇၄ | ၃၇၃ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၄ | ၃၇၃ | ▽ | ၃၉၀ | ၃၉၅ | △ | ၄၀၀ | ၄၀၀ | □ | ၃၆၈ | ၃၇၂ | △ |
| ဆန်ဖြူ ၁၀% | ၃၇၂ | ၃၇၁ | ▽ | ၃၈၅ | ၃၉၀ | △ | - | - | - | ၃၆၅ | ၃၆၉ | △ |
| ဆန်ဖြူ ၁၅% | ၃၆၅ | ၃၆၄ | ▽ | ၃၈၀ | ၃၈၅ | △ | - | - | - | ၃၆၂ | ၃၆၆ | △ |
| ဆန်ဖြူ ၂၅% | ၃၅၀ | ၃၅၀ | □ | ၃၆၅ | ၃၆၇ | △ | ၃၆၀ | ၃၆၀ | □ | ၃၃၈ | ၃၄၂ | △ |
| ပေါင်းဆန် | ၄၂၉ | ၄၂၉ | □ | - | - | - | ၄၀၅ | ၄၀၀ | ▽ | ၄၁၀ | ၄၁၀ | □ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၂၇-၁၀-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၀၀၀ | □ | ၂၁၀၀၀ | □ | ၆၅၃၂ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၅၂၀ | □ | ၂၃၀၀၀ | □ | ၈၄၁၀ | □ | ၃၈၀၀၀ | ▽ |
| ပဲခူး | ၅၁၀၀ | □ | ၂၁၀၀၀ | □ | ၆၇၀၀ | □ | ၃၆၀၀၀ | ▽ |
| ရွှေဘို | ၅၈၀၀ | ▽ | ၂၃၀၀၀ | □ | ၁၄၀၀၀ | △ | ၄၄၀၀၀ | △ |
| စစ်တွေ | ၄၃၀၀ | □ | ၁၈၀၀၀ | □ | ၇၅၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၂၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၇၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | △ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မကွေး | ၇၂၀၀ | □ | ၂၃၅၀၀ | □ | - | - | ၄၁၀၀၀ | □ |
| မော်လမြိုင် | ၄၈၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၇၂၈၅ | △ | ၃၂၀၀၀ | □ | - | - | ၅၂၀၀၀ | △ |
| မြိတ် | ၄၀၀၀ | □ | ၂၅၀၀၀ | △ | - | - | ၄၀၀၀၀ | △ |
| ဘားအံ | ၅၄၀၀ | □ | ၂၅၀၀၀ | □ | - | - | ၄၃၅၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၃-၁၀-၂၀၁၇ မှ ၂၇-၁၀-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 918 | 41,115,130.415 |
| 2 | Form D | 75 | 2,265,886.620 |
| 3 | Form E | 101 | 1,725,896.316 |
| 4 | Korea GSP | 3 | 174,458.090 |
| 5 | Form AK | 181 | 4,584,185.380 |
| 6 | Form AJ | 10 | 589,981.580 |
| 7 | Form AI | 99 | 4,503,329.500 |
| 8 | Form AANZ | 15 | 135,227.210 |
| 9 | Form DFTP | | |
| **Grand Total** | | **1402** | **55,094,095.111** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၇-၁၀-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၀/၁၀ | ၂၇/၁၀ | ပြောင်းလဲမှု | ၂၀/၁၀ | ၂၇/၁၀ | ပြောင်းလဲမှု | ၂၀/၁၀ | ၂၇/၁၀ | ပြောင်းလဲမှု | ၂၀/၁၀ | ၂၇/၁၀ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၇၈ | ၈၀၀ | ▲ | ၇၆၇ | ၇၅၀ | ▼ | ၇၅၀ | ၇၀၀ | ▼ | ၇၃၅ | ၇၅၀ | ▲ |
| ပဲစင်းငုံ | ၅၃၁ | ၅၄၅ | ▲ | ၅၀၀ | ၄၉၂ | ▼ | ၅၀၀ | ၄၈၅ | ▼ | ၅၀၀ | ၄၅၀ | ▼ |
| ပဲတီစိမ်း | ၁၅၀၀ | ၁၄၃၀ | ▼ | ၁၅၁၁ | ၁၄၂၂ | ▼ | ၁၄၂၀ | ၁၃၆၈ | ▼ | ၁၄၂၀ | ၁၃၇၀ | ▼ |
| ကုလားပဲရိုးရိုး | ၂၈၀၀ | ၂၇၀၀ | ▼ | ၂၂၅၃ | ၂၂၃၆ | ▼ | ၂၂၃၇ | ၂၂၁၁ | ▼ | ၂၁၆၀ | ၂၂၆၅ | ▲ |
| ပဲလွန်းဖြူ | ၁၆၆၅ | ၁၆၆၅ | ■ | - | ၁၈၀၀ | - | - | - | - | ၁၄၂၀ | ၁၅၀၀ | ▲ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၅၆၅ | ▼ | ၂၆၆၇ | ၂၆၆၇ | ■ | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၇-၁၀-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|
| | ၂၀/၁၀ | ၂၇/၁၀ | ပြောင်းလဲမှု | ၁၈/၁၀ | ၂၇/၁၀ | ပြောင်းလဲမှု | ၁၈/၁၀ | ၂၇/၁၀ | ပြောင်းလဲမှု |
| မတ်ပဲ | ၃၅၀ | ၃၅၀ | ■ | ၆၁၅ | ၅၇၅ | ▼ | - | ၆၁၅ | - |
| ပဲစင်းငုံ | ၂၈၀ | ၂၄၀ | ▼ | ၅၈၄ | ၅၆၅ | ▼ | ၆၁၅ | ၅၉၁ | ▼ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | - | ၆၉၁ | - |
| ကုလားပဲဖြူလုံးကြီး | ၁၁၃၀ | ၁၁၃၀ | ■ | ၈၁၅ | ၇၇၆ | ▼ | ၈၅၄ | ၈၁၈ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၇.၁၀.၁၇)ထိ | ယခုတစ်ပတ် (၂၁.၁၀.၁၇)ထိ | (၁.၁.၁၇) မှ (၂၁.၁၀.၁၇) ထိ |
| မတ်ပဲ | ၄၁၂၉၂၀ | ၆၅၉၂ | ၄၁၉၅၁၂ |
| ပဲတီစိမ်း | ၁၀၆၄၇၂ | ၈၁၅ | ၁၀၇၂၈၇ |
| ပဲစင်းငုံ | ၂၀၂၂၇၉ | ၁၀၄၈ | ၂၀၄၁၂၇ |
| ကုလားပဲ | ၃၇၆၉၂ | ၁၇၀ | ၃၇၈၆၂ |
| ပဲလွန်းဖြူ | ၁၂၇၅၆ | ၁၂ | ၁၂၇၆၈ |
| မြေထောက်ပဲ | ၁၈၃၆၃ | ၅၃ | ၁၈၄၁၆ |

## ပြည်ဘိုကိတ် လက်လီဝယ်ယူမှုဖြင့် ဈေးပိုရလာခဲ့

အောက်တိုဘာ တတိယပတ်ပြည်ပဲမျိုးစုံဈေးကွက်အတွင်း လက်လီပဲများထဲမှ ဘိုကိတ်ပဲသီးနှံမှာ အိတ်အနည်းငယ်ရောင်းဝယ်မှုဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပဲအဝင်မရှိဘဲ လက်ကျန်သာရှိခဲ့လို့ ပဲဈေးမှာ ဈေးအနည်းငယ်ပိုရလာပြီး၊ တစ်တင်းကျပ် ၃၄၀၀၀ဖြင့် ယခင်တစ်ပတ်ကထက် တစ်တင်းကျပ် တစ်သောင်းခန့် ပိုရလာခဲ့ပါတယ်။ ယခုနှစ်အတွင်း လက်လီပဲဈေးနှုန်းများ ဈေးကောင်းရရှိခဲ့လို့ ပဲလွန်းဖြူ ဘိုကိတ်၊ ပဲနီပြား၊ ထောပတ်ပဲသီးနှံများလည်း ဈေးနှုန်းများအသီးသီး မြင့်တက်ခဲ့တာကိုတွေ့ရပါတယ်။ ဒါကြောင့် ပြည်ပဝယ်လက်ပဲတွေထက် ပြည်တွင်းဝယ်လက်ပဲများရော၊ လက်လီပဲများပါ ဈေးကောင်းခဲ့တဲ့နှစ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ထောပတ်ပဲ ယခင်နှစ်ထက်ဈေးအေးခဲ့ပေမယ့် ယခုနှစ်မှာ ဈေးကောင်းရလာခဲ့

ပြည်ပဲဈေးကွက်မှာ အောက်တိုဘာ တတိယပတ်အတွင်း လက်လီဝယ်ယူမှုများတဲ့သီးနှံများဈေးကောင်းရလျက်ပုံမှန်ရောင်းဝယ်မှုဖြစ်နေခဲ့ပါတယ်။ ထောပတ်ပဲသီးနှံဟာဆိုလျှင်လည်း တစ်တင်းကျပ် သုံးသောင်းအထက်ရရှိပြီး လဆန်းရက်မှ ယခုအချိန်ထိ အဆိုပါဈေးအတိုင်း ဈေးငြိမ်နေခဲ့ပါတယ်။ ယခင်နှစ်ကဆိုလျှင် ထောပတ်ပဲသီးနှံဈေးဟာ ပဲဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးရခဲ့လို့ တစ်တင်းကျပ် ၁၃၅၀၀သာရရှိခဲ့ပြီး ယခုနှစ်ဈေးဟာ ယခင်နှစ်ထက် ကျပ်နှစ်သောင်းနီးပါးထိ ဈေးပိုရလို့ ပြည်ပဝယ်လက် မတ်ပဲ၊ ပဲတီစိမ်း၊ သီးနှံများထက်ပင် ဈေးကောင်းရတဲ့သီးနှံဖြစ်ခဲ့ကြောင်းသိရှိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံ အရောင်းအဝယ် အေးသော်လည်း ပဲကြီးသီးနှံအရောင်းအဝယ်သွက်နေ

ပဲခူးတိုင်းဒေသကြီး၊ပြည်ပဲမျိုးစုံဈေးကွက်မှာ အောက်တိုဘာတတိယပတ်မှစ၍ ဆောင်းသီးနှံမျိုးပဲများ အရောင်းအဝယ်ဖြစ်သလို လက်လီလက်ကားပုံမှန်ရောင်းဝယ်မှုများလည်း ရှိခဲ့ကြပါတယ်။ မတ်ပဲ၊ ပဲစင်းငုံသီးနှံများ ပဲလက်ကျန်ရှိသော်လည်း အရောင်းအဝယ် အေးမြဲအေးနေခဲ့ပါတယ်။ ဒါကြောင့် နေ့စဉ်ရောင်းဝယ်မှုမဖြစ်ခဲ့ဘဲ တစ်ခါတစ်ရံငွေလို၍ ရောင်းချသူအချို့ဖြင့် ရောင်းဝယ်မှုအိတ် အနည်းငယ်ဖြစ်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဈေးနှုန်းများမှာ မတ်ပဲသီးနှံအနေဖြင့် တစ်တင်းကျပ် ၁၅၃၀၀၊ ပဲစင်းငုံ သီးနှံအနေဖြင့် တစ်တင်းကျပ် ၉၆၀၀သာရရှိခဲ့ကြပါတယ်။ ယခင်နှစ်က ယခုလိုကာလမျိုးတွင် မတ်ပဲသီးနှံအား မျိုးပဲဝယ်ယူသူများရှိခဲ့လို့ ဈေးကောင်းခဲ့သော်လည်း ယခုနှစ်မှာတော့ တောင်သူများအနေဖြင့် မျိုးပဲလက်ကျန်များရှိနေသလို မျိုးပဲလက်ကျန်မရှိတဲ့ တောင်သူတွေကလည်း မတ်ပဲသီးနှံဈေးကွက်အခြေအနေကြောင့် တခြားသီးနှံများပြောင်းလဲစိုက်ပျိုးကြမှာဖြစ်လို့ မျိုးပဲအဝယ်မရှိဘူးလို့ သိရပါတယ်။

ပြည်တွင်းပဲသီးနှံဈေးကွက်မှာတော့ ပဲကြီးသီးနှံက ဈေးအမြင့်ဆုံးနဲ့အရောင်းအဝယ်လည်းသွက်သလိုဖြစ်ခဲ့လို့ တစ်ရက် အိတ် ၂၀၀ မှ ၂၅၀ ကျော်၊ ပဲကြော်ဖိုလုပ်ငန်းသမားများ ရောင်းဝယ်နေကြတာကိုတွေ့ရပါတယ်။ ပဲဈေးမှာ (ရွှေကျွန်း) တစ်တင်းကျပ် ၅၈၀၀၀၊ (ကမ်းနား) တစ်တင်း ကျပ် ၅၃၀၀၀ ဖြင့် ပဲအဝင်မရှိဘဲ လက်ကျန်ပဲများဖြင့် ရောင်းဝယ်နေခဲ့ကြကြောင်း သိရပါတယ်။ ယခင်နှစ်က အောက်တိုဘာလအတွင်း ပဲကြီးဈေးနှုန်းမှာ တစ်တင်းကျပ် သုံးသောင်းအောက်သာရရှိခဲ့တဲ့အတွက် ကုလားပဲသီးနှံထက် ဈေးလျော့နည်းနေသော်လည်း ယခုနှစ်မှာတော့ တစ်တင်း ကျပ် ငါးသောင်းကျော်ခြောက်သောင်းနီးပါးအထိ ရရှိလာတာကြောင့် ဈေးကွက်အတွင်းမှာ မျက်နှာပန်းလှနေတဲ့ ပဲသီးနှံဖြစ်တယ်လို့သိရပါတယ်။

လက်လီပဲဈေးကွက်မှာတော့ ပဲအချို့လက်ကျန်ပြတ်ခဲ့လို့ ပဲလွန်းဖြူသီးနှံဟာဆိုလျှင် အရောင်းအဝယ်သိပ်မဖြစ်တော့ဘဲ ကျပ်လေးသောင်းအထက် ရရှိနေတယ် လို့ သိရပါတယ်။ သို့သော်လည်း ပဲလက်ကျန် မရှိသလောက်ဖြစ်ခဲ့တာကြောင့် အရောင်းအဝယ်ပါးသွားခဲ့ပါတယ်။ ပဲနီပြား၊ စားတော်ပဲ၊ ပဲပုပ်သီးနှံများကို လက်လီဝယ်ယူမှုများသဖြင့် အိတ်အနည်းငယ်စီ နေ့စဉ်ပုံမှန်ရောင်းချနေကြတာကို တွေ့ရပါတယ်။ပဲနီပြားသီးနှံမှာ ယခင်တစ်ပတ်ကထက် တစ်တင်း ကျပ်တစ်သောင်းကျော်ပိုရလာခဲ့ပါတယ်။ စားတော်ပဲသီးနှံမှာ လက်လီသာအရောင်းအဝယ်ဖြစ်တဲ့ပဲဖြစ်ပြီး ဈေးကွက်မှာ ပဲအရည်အသွေးပေါ်လိုက်၍ ဈေးကွာခြားမှုရှိတာကို တွေ့ရပါတယ်။ ကနေဒါပဲကတော့ မင်းတုန်းပဲလောက် ပဲအရည်အသွေးမကောင်းလို့ တစ်တင်းကျပ် ၃၀၀၀၀ သာရရှိခဲ့တယ်လို့သိရပါတယ်။

ပဲပုပ်သီးနှံမှာ ယခုနှစ်အတွင်း အခြားပဲများအားလုံးလိုလို လက်လီပဲဈေးကွက်မှာ ဈေးကောင်းရနေသော်လည်း ပဲပုပ်သီးနှံရဲ့ဈေးမှာ ဈေးအေးနေတဲ့နှစ်လို့ဆိုရမှာဖြစ်ပါတယ်။ ပဲ တစ်တင်းလျှင်ကျပ် ၂၇၅၀၀ ဖြင့်သာ အရောင်း အဝယ်ဖြစ်ပြီး ဈေးလည်း အတက်အကျသိပ်မဖြစ်ဘဲ ယခုလအတွင်းမှာ အဆိုပါဈေးအတိုင်းဈေးငြိမ်နေပြီး အိတ်အနည်းငယ်သာ ရောင်းဝယ်မှုဖြစ်ခဲ့ကြပါတယ်။ ယခင်နှစ်ကလည်း တစ်တင်း ကျပ်သုံးသောင်းအောက်သာရရှိလို့ ယခုနှစ်ဈေးကလည်း သိပ်ကွာခြားမှုမရှိခဲ့ဘူးလို့သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲတီစိမ်းသစ်အချို့ ဈေးကွက်သို့ အနည်းငယ်ဝင်ရောက်လာ

ပြည်ပဲမျိုးစုံဈေးကွက်အတွင်းသို့ ယခုတစ်ပတ်မှာ ဆောင်းပဲသစ်အနည်းငယ် ဝင်ရောက်လာခဲ့တာကို တွေ့ရပါတယ်။ ပဲဟောင်းများကတော့ နေ့စဉ်ပုံမှန်အဝင်ရှိခဲ့ကြသလို မန္တလေးလိုင်းသမား ပုံမှန်ဝယ်ယူလျက်ရှိတာကြောင့် အိတ် ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးမှာ တစ်တင်းကျပ် ၂၇၀၀၀ ဖြင့် ဈေးအနည်းငယ်လျော့သွားခဲ့ကြောင်းသိရပါတယ်။ ယခင်နှစ်က ကာလတူက ပဲတီစိမ်းသီးနှံဈေးမှာ တစ်တင်းကျပ် ၂၄၅၀၀ သာရရှိသည့်အတွက် ယခုနှစ်ပဲတီစိမ်းသီးနှံဈေး ယခင်နှစ်ထက် ဈေးပိုရနေပြီး ဆောင်းပဲသစ်ပေါ်ချိန်မှာတော့ ပဲတီစိမ်းဈေး ယခင်နှစ်ထက် ဈေးပိုရလာမလား စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ **ခင်ဆွေဝင်း**

## မုံရွာကုန်စည်ဒိုင်၏မြေပဲဆန်ဈေးကွက်တွင် အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်

အောက်တိုဘာစတုတ္ထပတ် မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် ဆီထွက်သီးနှံဖြစ်သော မြေပဲဆန်ဈေးကွက်မှာ အဝင်ရှိသလောက်အရောင်းအဝယ်လည်းသွက်လျက်ရှိကြောင်း ပဲကုန်သည်ထံမှသိရပါတယ်။ မိုးမြေပဲအသစ်များလည်း ဝင်ရောက်လျက်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ မိုးမြေပဲလျာထားစိုက်ဧက နှစ်သိန်းခုနစ်သောင်းကျော်ရှိပြီး နှစ်သိန်းကိုးသောင်းကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရပါတယ်။ မိုးမြေပဲကို ရွှေဘိုခရိုင်၊ မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်တို့မှာ အများဆုံးစိုက်ပျိုးလျက်ရှိပြီး မုံရွာကုန်စည်ဒိုင်သို့ ဘုတလင်၊ ချောင်းဦး၊ မြောင်၊ မြင်းမူစသည်မြို့နယ်မှ မုံရွာကုန်စည်ဒိုင်သို့ နေ့စဉ် အိတ် ၁၀၀၀ကျော် ဝင်ရောက်လျက်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ်မြေပဲဆန် တစ်ပိဿာပေါက်ဈေးနှုန်းမှာ (လုံးဆန်ဖြူ)ဟောင်းကျပ် ၂၃၅၀မှ ၂၄၀၀၊ (သစ်)ကျပ် ၂၁၅၀ မှ ၂၁၇၅ နှုန်းပေါက်ပြီး အိတ်၅၀၀-၈၀၀ခန့်၊ (လုံးဆန်နီ) ကျပ် ၂၅၀၀မှ ၂၅၅၀နဲ့အိတ်၁၀၀ခန့်၊(ဆီဆန်) ကျပ် ၁၈၀၀ နဲ့ အိတ် ၃၀၀ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ မြေပဲဆန်များကို မုံရွာမြို့တွင်း ဆီစက်သမားများနှင့် ဘုတလင်၊ ခင်မွန်ဆီစက်သမားများ၊ ဆားလှော်သမားများနှင့် မန္တလေးဝယ်လက်များက အဝယ်လိုက်၍ အရောင်းအဝယ် သွက်လျက်ရှိကြောင်းသိရပါတယ်။ မြေပဲဆီတစ်ပိဿာ (လက်ကား) ကျပ် ၃၈၀၀၊ (လက်လီ) ကျပ် ၄၈၀၀-၄၉၀၀နှုန်း ပေါက်လျက်ရှိကြောင်းသိရပါတယ်။ **ကြည်ကြည်နွယ်(မုံရွာ)**

## အောက်တိုဘာလကုန်ပတ်အတွင်း ရေစကြိုကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သောဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲလုံးဆန် ဈေးနှုန်းမှာ အနည်းငယ်တက်လျက်ရှိပါတယ်။ ဒေသတွင်းရှိ မြေပဲဆားလှော်လုပ်ငန်းရှင်များမှ အဝယ်လိုက်လာခြင်း၊ ပဲကြော်ဖိုလုပ်ငန်းများမှ အဝယ်များခြင်းတို့ကြောင့် မြေပဲဆန်နီ(မြောင်)တစ်ပိဿာလျှင် ကျပ်၂၀၀၀မှ ကျပ်၂၁၀၀ထိ ရှိပြီး၊ကျွန်းဆန်တစ်ပိဿာလျှင် ကျပ် ၁၉၅၀၊ S1(မြေပဲဖြူလုံးဆန်)ဈေးနှုန်းမှာအနည်းငယ်မြင့်တက်လျက်ရှိကာ တစ်ပိဿာလျှင် ကျပ်၂၁၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ရေစကြိုဒေသထွက် မတ်ပဲဈေးနှုန်းမှာယခင်တစ်ပတ်ထက် အနည်းငယ်ကျလျက်ရှိပြီး တစ်တင်းလျှင် ကျပ်၁၂၀၀၀မှ ကျပ် ၁၄၀၀၀ဖြင့်ရောင်းချလျက်ရှိသည်။ ပဲပိစပ်တစ်တင်းလျှင်ကျပ် ၁၄၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင် ကုလားပဲဈေးနှုန်းများ အနည်းငယ် ကျဆင်းနေပြီး ကုလားပဲဝါ HL တစ်တင်းလျှင်ကျပ် ၃၈၀၀၀မှ ကျပ် ၃၈၅၀၀၊ 929 ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ၃၈၅၀၀ ကျပ် ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ နှမ်းဖြူသန့်မှာအနည်းငယ်ဈေးတက်လျက်ရှိပြီး တစ်တင်းလျှင်ကျပ် ၃၆၀၀၀ ဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေသည်ကိုလေ့လာတွေ့ရှိရပါသည်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၆.၁၀.၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း (၁) | - SINAR BANDA | ကုန်သေတ္တာ ၆၇၅ ကုန်တင် ၄၉၉ ကုန်ချဆဲ |
| ကြည့်မြင်တိုင်ဆိပ်ကမ်း | - CAPE FLPRES | P.Oil (In Bulk) ၄၃၀၀ ကုန်ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - SINAR BATAM | ကုန်သေတ္တာ ၄၅၀ ကုန်တင် ၅၉၀ ကုန်ချဆဲ |
| Myanmar Integrated Port Ltd | - MCC HALONG | ကုန်သေတ္တာ ၆၉၅ တန် ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၂) | - HANDY STRANGER | ဆန် ၂၀၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၄) | - MAAN AUNG | သကြား ၇၅၀၀ တန်ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - KIRANA NAREE | ဆန် ၂၄၅၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - ALKAR TRUST | ဆန် ၂၂၀၀၀ တန်ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၁) | - YAAN BYAE | သကြား ၆၁၀၀ တန်ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း (၁) | - SAN GIORGIO | ကုန်သေတ္တာ ၆၀၀ ကုန်တင် ၃၄၆ ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း (၃) | - SPRING NELSON | G/C ၆၇၄၁ ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း (၄) | - KOTA RESTU | ကုန်သေတ္တာ ၆၄ ကုန်တင် ၄၂ ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း (၅) | - GLOVIS MARIA | Steel Product ၃၀၂၉၅ ကုန်ချဆဲ |
| Green Asia JETTY | - MT.GREAT DIAMOND | Diesel Oil ၁၂၀၉၁ တန်ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| BANG SAKAO | GRANULAR UREA ၆၀၇၄ တန်ကုန်ချရန် | - | ၂၆.၁၀.၂၀၁၇ |
| AQUAMARIN | Steel& Fertilizer 29000 တန်ကုန်ချဆဲ | CHINA | ၂၇.၁၀.၂၀၁၇ |
| KYAUK PYU | Steel Product ၅၁၀၀ တန်ကုန်ချဆဲ | INDIA | ၂၇.၁၀.၂၀၁၇ |
| HAN THAR | Steel Product ၅၃၀၀ တန်ကုန်ချဆဲ | INDIA | ၂၈.၁၀.၂၀၁၇ |
| VIKING CHANCE | Units Vehicle(RO/RO) ၁၄၀၆ တန်ကုန်ချရန် | JAPAN | ၂၉.၁၀.၂၀၁၇ |
| LONG CHEER | Coal (In Bulk) ၂၈၀၈၀ တန်ကုန်ချဆဲ | W/AFRICA | ၂.၁၁.၂၀၁၇ |
| UBC CHILE | Cement (In Bulk) ၁၄၀၀၀ တန်ကုန်ချရန် | MALAYSIA | ၃.၁၁.၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၆.၁၀.၂၀၁၇ |
| UNI AMPLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.၁၀.၂၀၁၇ |
| MCC SINGAPORE | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၈.၁၀.၂၀၁၇ |
| SINAR BALI | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၈.၁၀.၂၀၁၇ |
| HUNSA BHUM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၈.၁၀.၂၀၁၇ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၁၀.၂၀၁၇ |
| DAWEI | SINGAPORE | ဗိုလ်တထောင်ဆိပ်ကမ်း | ၂၈.၁၀.၂၀၁၇ |
| MCC ANDALAS | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၉.၁၀.၂၀၁၇ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၁၀.၂၀၁၇ |
| SHAMIN | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၉.၁၀.၂၀၁၇ |
| WEST SCENT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၁၀.၂၀၁၇ |
| YANTRA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၉.၁၀.၂၀၁၇ |
| TOVE MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃၀.၁၀.၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.SINGA PERAIS | ဒီဇယ်ဆီ | SINGAPORE | ၂၀.၁၀.၂၀၁၇ |
| MT.UNA | ဒီဇယ်ဆီ | SINGAPORE | ၂၀.၁၀.၂၀၁၇ |
| MT.VIET STAR | P.Oil (In Bulk) | INDINESIA | ၂၁.၁၀.၂၀၁၇ |
| MT.AU JUPITER | ဒီဇယ်ဆီ | SINGAPORE | ၂၁.၁၀.၂၀၁၇ |
| MT.OCEAN AUTUMN | ဒီဇယ်ဆီ | SINGAPORE | ၂၁.၁၀.၂၀၁၇ |
| MT.ERAWAN-12 | P.Oil (In Bulk) | INDINESIA | ၂၂.၁၀.၂၀၁၇ |
| MT.MESON | P.Oil (In Bulk) | INDINESIA | ၂၃.၁၀.၂၀၁၇ |
| MT.BOSSOIL-1 | P.Oil (In Bulk) | INDINESIA | ၂၅.၁၀.၂၀၁၇ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၂၆.၁၀.၂၀၁၇ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | SINGAPORE | ၂၆.၁၀.၂၀၁၇ |
| MT.CHAO ANOMA | P.Oil (In Bulk) | INDONESIA | ၂၆.၁၀.၂၀၁၇ |
| MT.BABYLON | ဒီဇယ်ဆီ | SINGAPORE | ၂၆.၁၀.၂၀၁၇ |

# အောက်တိုဘာလကုန်ပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သောစျေးကွက်နှင့်စျေးနှုန်း

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီစျေးနှုန်းမှာအနည်းငယ်ကျလျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၉၄၀၀ ဖြင့် အိတ် ၅၀ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကာ ရန်ကုန်မြို့သို့အိတ်ရေ ၁၃၃၀တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သောနှမ်းစျေးကွက်တွင် စျေးနှုန်းများအနည်းငယ်မြင့်တက်လျက်ရှိပြီး နှမ်းညိုတစ်တင်းလျှင် ကျပ် ၃၁၅၀၀၊ ဂန့်ဂေါခရိုင်၊ ယောဒေသမှထွက်ရှိသည့် နှမ်းနက် (စမုံ)မှာ အရည်အသွေးကောင်းမွန်၍ ပြည်ပနိုင်ငံမှ ဝယ်လက်ရှိခြင်းတို့ကြောင့် စျေးကောင်းရလျက်ရှိကြောင်း သိရသည်။

နှမ်းနက် (စမုံ)တစ်တင်းလျှင်ကျပ် ၃၆၀၀၀ဖြင့် တင်း ၅၀ မှ ၂၀၀ ထိအရောင်းအဝယ်ဖြစ် လျက်ရှိသည်။ဒေသထွက်ဖြစ်သည့် ပြောင်းဖူးစေ့(CP)၏စျေးနှုန်းမှာ ယခင်တစ်ပတ်ထက် အနည်းငယ်ကျပြီး တစ်တင်းလျှင်ကျပ် ၇၃၀၀ စျေးနှုန်းဖြင့်အိတ် ၅၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရှိရပါသည်။ ဒေသထွက်ကုန်ဖြစ်သည့် မြေပဲဆီ (ဆုံဆီ) တစ်ပိဿာစျေးနှုန်းမှာ လက်ကားစျေးကျပ် ၆၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ယခုတစ်ပတ်အတွင်း ကုလားပဲစျေးနှုန်းမှာ ယခင်တစ်ပတ် ထက်အနည်းငယ်ကျဆင်းနေပြီးကုလားပဲဝါ (HL)တစ်တင်းလျှင်ကျပ်၃၈၅၀၀ ၊ကုလားပဲဖြူလုံးကြီး(929)တစ်တင်းလျှင် ကျပ် ၃၉၀၀၀၊ V2 ကုလားပဲဖြူ တစ်တင်းလျှင်ကျပ် ၄၀၅၀၀စျေးဖြင့် ပခုက္ကူကုန်စည်ဒိုင်တွင် တင်း ၅၀ ခန့် အရောင်းအဝယ်ဖြစ်နေသည်ကို တွေ့ရှိရပါသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၁၀)မြို့နယ်တွင် မိုးကောက်စောစပါးများ စတင်ရိတ်သိမ်း

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်ခရိုင်ကန်ကြီးထောင့်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့တွင် ပခန်းရွှေဝါကောက်စောစပါး၊ မအူပင်ခရိုင် မအူပင်၊ ပန်းတနော်၊ ဓနုဖြူမြို့နယ်များတွင် သီးထပ်ရင် မိုးကောက်စောစပါး၊ ဟင်္သာတခရိုင် ဟင်္သာတ၊ လေးမျက်နှာ၊ ဇလွန်၊ အင်္ဂပူ၊ ကြံခင်း၊ မြန်အောင်မြို့နယ်များတွင် သီးထပ်ရင် မိုးကောက်စောစပါးနှင့် မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆင်းသုခ မိုးကောက်စောစပါးများ စတင်ရိတ်သိမ်းလျက်ရှိကြောင်းသိရသည်။

လက်ရှိစပါးပေါက်စျေးမှာလည်း စျေးကွက်အရောင်းအဝယ်သွက်မှု စပါးအရည်အသွေး အစိုဓာတ် ကွာခြားမှုအပေါ်မူတည်၍ တစ်မြို့နယ်နှင့်တစ်မြို့နယ် စျေးနှုန်းတူညီမှုမရှိဘဲ အစို ၅၀/၅၅ပေါင်တင်း၁၀၀ကို ကျပ် ၄၇၀၀၀၀/ကျပ် ၄၈၀၀၀၀နှင့် ကျပ် ၅၂၀၀၀၀/ ကျပ် ၅၃၀၀၀၀ အတွင်း အရောင်းအဝယ်ဖြစ်၍ မျိုးစပါးအဖြစ် ရောင်းချမည့် စပါးစျေးနှုန်းမှာကျပ် ၆၀၀၀၀၀ ဝန်းကျင်စျေးနှုန်းရှိကြောင်း ဆန်စပါးစျေးကွက်မှသိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ပြည်စျေးကွက်မှာ မန္တလေးနဲ့မြဝတီတို့မှ ဝယ်လက်များကြောင့် လုံးဆန်(အနီ)စျေးမြင့်လာ

ပြည်စျေးကွက်တွင် ယခုတစ်ပတ် လုံးဆန်(အနီ)ကို မန္တလေးနှင့် မြဝတီဘက်မှ အဝယ်ရှိနေသဖြင့် ယခင်တစ်ပတ်ထက် စျေးမြင့်လာတာ တွေ့ရပါတယ်။ လုံးဆန် (အဖြူ) ကတော့ ဝယ်လက်ပျောက်နေပြီး ဆီကြိတ်မြေပဲဆန်ကို မကွေးနှင့်ရန်ကုန်ရှိ ဆီစက်များက ဝယ်ယူနေသော်လည်းစျေးအနည်းငယ်စီ ပြန်ကျလာတာတွေ့ရပါတယ်။

ပြည်၊ အောင်လံကြားကျေးရွာများနှင့် ပေါက်ခေါင်း၊ ပေါင်းတလည်ဘက်မှတစ်နေ့လျှင် မြေပဲဆန် အိတ်၁၀၀၀ခန့် ဝင်ရောက်လာပြီး တစ်နေ့လျှင် အိတ် ၈၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် မြေပဲဆန်စျေးနှုန်းများမှာ ဆီကြိတ်မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၁၇၀၀နှင့် လုံးဆန်(အဖြူ) တစ်ပိဿာလျှင်၂၂၂၅ ကျပ်ဖြင့် ယခင်တစ်ပတ်ထက်စျေးအနည်းငယ်ကျလာပြီး လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ်၂၄၀၀ဖြင့် ဝယ်လက်အဝယ်ရှိလို့စျေးတက်လာတာတွေ့ရပါတယ်။ မြေပဲဆီစျေးမှာ(ရှယ်)တစ်ပိဿာလျှင် ကျပ် ၄၈၀၀နှင့် မြေပဲဆီ (ရိုးရိုး) တစ်ပိဿာလျှင်ကျပ် ၄၂၀၀ ဖြင့် ပြည်စျေးကွက်တွင် အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။

**ဝေဝေမင်း**

# ကယားပြည်နယ်မှ မန္တလေးမြို့သို့ နှမ်းအိတ်ပေါင်း လေးသောင်းကျော် တင်ပို့

၂၀၁၇ ခုနှစ်အတွင်း နှမ်းထွက်ရှိချိန်မှ ယခု အောက်တိုဘာလ ၂၅ ရက်အချိန်ထိ နှမ်းအိတ်စုစု ပေါင်း ၄၀၀၉၉ အိတ် တန်ချိန်အားဖြင့် ၂၀၁၃ တန်ခန့်တင်ပို့ထားပြီးကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။

တောင်သူများသည်ရိတ်သိမ်းပြီးသည့်နှမ်းများကိုလက်ဝယ်တွင်ကြာရှည်စွာထားရှိပါက အလေ့အလွင့်များခြင်း၊ အလေးချိန်လျော့နည်းလာနိုင်ခြင်း စသည့်အခြေအနေများနှင့်ကြုံတွေ့နိုင်သောကြောင့် နှမ်းရိတ်သိမ်းပြီးသည်နှင့်မိမိတို့စိတ်ကြိုက်ဖြစ်သောပွဲရုံများသို့ ချက်ချင်းရောင်းချကြကြောင်း သိရှိရပါတယ်။

နှမ်းထွက်ရှိချိန်တွင် ကယားပြည်နယ်ရှိပွဲရုံများဟာလည်း နှမ်းကိုအပြိုင်အဆိုင်ဝယ်ယူနေကြပြီး တင်ပို့ကြကြောင်း၊ နှမ်းတင်ပို့ရာတွင်လည်း မန္တလေးမြို့ရှိပွဲရုံများသို့သာ အဓိက တင်ပို့ကြကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ်အတွင်း နှမ်းအိတ်ပေါင်း ၁၀၆၉၁ အိတ်တန်ချိန်အားဖြင့် ၅၃၇ တန်ခန့် တင်ပို့ထားရာ ယခင်တစ်ပတ်ထက် နှမ်းတန်ချိန် ၁၈၅ တန်ခန့် လျော့နည်းတင်ပို့ထားကြောင်းနှင့် ယခင်တစ်ပတ်က နှမ်းအိတ်ပေါင်း ၁၄၃၇၃အိတ် တန်ချိန်အားဖြင့် ၇၂၂ တန်ခန့် တင်ပို့ထားရာ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလအထိ နှမ်း အများဆုံးတင်ပို့သည့် ရက်သတ္တပတ်ဖြစ်ကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း ကယားပြည်နယ်တွင် နှမ်း(ဖြူ) တစ်ပိဿာလျှင် ကျပ် ၂၃၅၀၊ နှမ်း(နက်) တစ်ပိဿာလျှင် ကျပ် ၂၇၀၀၊ စမုံနက်နှမ်းတစ်ပိဿာလျှင် ကျပ် ၂၇၀၀ စျေးပေါက်ပြီး စျေးငြိမ်နေကြောင်း ကယားကုန်စျေးနှုန်းသတင်းအရ သိရှိရပါတယ်။

**ထွန်းနိုင်လင်း (လွိုင်ကော်)**

## ကြက်သွန်နီ

### ပခုက္ကူခရိုင်တွင်ဖြစ်ပေါ်နေသော ကြက်သွန်နီဈေးကွက်

ပခုက္ကူခရိုင်၊ပခုက္ကူမြို့သို့ ကြက်သွန်ဆောင်းစိုက်(ပင်စိုက်)များ ၂၀၁၇ ခုနှစ် မတ်လ ၁၂ ရက်နေ့မှစ၍ ဈေးကွက်အတွင်းသို့စတင်ဝင်ရောက်ခဲ့ပါတယ်။ စတင်ဝင်ရောက်ချိန်က ဈေးနည်းခဲ့ပြီး ယခုအချိန်တွင်ဈေးနှုန်းများ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါတယ်။ စတင်ဝင်ရောက်သည့်အချိန်မှ လက္ကားတစ်ပိဿာလျှင် ထိပ်စကျပ် ၈၅၀၊ အလတ်စ ကျပ် ၆၅၀၊ အနိမ့်စကျပ် ၄၀၀ဈေးရှိ ခဲ့ပြီး အောက်တိုဘာလ ၂၄ ရက်၏ နောက်ဆုံးဈေးနှုန်းမှာ ထိပ်စတစ်ပိဿာလျှင် ၂၃၂၅ ကျပ်၊ လတ်စ ကျပ် ၂၁၅၀၊ နိမ့်ဈေး ကျပ် ၂၀၀၀ ဈေးနှုန်းများရှိပါတယ်။

ကြက်သွန်နီအဓိကစိုက်ပျိုးထုတ်လုပ်ရာ ဒေသများဖြစ်သော ပေါက်၊ ဆိပ်ဖြူ၊ ရေစကြိုမြို့နယ်များမှ ကြက်သွန်နီနေ့စဉ်ပိဿာချိန် ၁၅၀၀၀ မှ ၃၀၀၀၀ ကြားဝင်ရောက်လျက်ရှိကာ အရောင်းအဝယ်ဖြစ်နေပြီး ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ခန့်တက်လာသည်ကိုတွေ့ရှိရပါတယ်။ ကြက်သွန်နီလက္ကားဈေးနှုန်းများလည်း တရိပ်ရိပ်တက်သလို လက်လီဈေးမှာလည်း မြင့်တက်နေတာကို တွေ့ရှိရပါတယ်။ ယခုတစ်ပတ်ကြက်သွန်နီ ဒေသပေါက်ဈေးမှာထိပ်စတစ်ပိဿာလျှင် ကျပ် ၂၇၀၀၊ လတ်စတစ်ပိဿာလျှင် ကျပ် ၂၅၀၀နှင့်အနိမ့်စတစ်ပိဿာလျှင် ကျပ် ၂၃၀၀ထိရှိကြောင်း၊ ယခင်မြန်မာနိုင်ငံတွင်း သို့ပြည်ပမှဝင်ရောက်သောကြက်သွန်နီ လက္ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၄၀၀မှ ကျပ် ၁၅၀၀ ထိရှိပြီး လက်လီဈေးမှာ ကျပ်၁၆၀၀ရှိကြောင်း သတင်းရရှိပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

### ပြည်ကြက်သွန်နီဈေးကွက်တွင် ဈေးနှုန်းကြီးမြင့်သဖြင့် အရောင်းအဝယ်အေး

ပြည်ကြက်သွန်နီဈေးကွက်တွင် စက်တင်ဘာလပထမပတ်မှစ၍ ကြက်သွန်နီဈေးနှုန်းများ သိသိသာသာ မြင့်တက်လာတာတွေ့ရပါတယ်။ ဈေးနှုန်းများကြီးမြင့်နေသည့်အတွက် ပြည်ဈေးကွက်အတွင်း အရောင်းအဝယ်အေးနေသည်မှာ ကြာမြင့်နေပြီဖြစ်ကြောင်း ပွဲရုံလုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရှိရပါတယ်။ ဆိပ်ဖြူ၊ ပခုက္ကူ ကျောက်ပန်းတောင်းဘက်မှ ကြက်သွန်နီများ ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်အေးနေသည့်အတွက် အမှာနည်းသွားကြောင်း သိရပါတယ်။ ဈေးနှုန်းအနေနဲ့ ယခုတစ်ပတ်ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင်(ကြီး) ကျပ် ၂၇၀၀၊ (လတ်) ကျပ် ၂၆၀၀၊ (သေး) ကျပ် ၂၄၀၀-၂၅၀၀ နှုန်းရှိပြီး လက်လီဈေးအသေးများတွင် (ကြီး) ကျပ် ၃၀၀၀၊ (လတ်) ကျပ် ၂၈၀၀၊ (သေး) ကျပ် ၂၆၀၀ နှုန်းဖြင့် ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်လက္ကား ဈေးတစ်ပိဿာ (ကြီး)ကျပ် ၂၅၀၀-၂၆၀၀၊ (လတ်) ကျပ် ၂၄၀၀၊ (သေး) ကျပ် ၂၁၀၀-၂၃၀၀နှုန်း ရှိပြီး လက်လီဈေးများတွင် (ကြီး) ကျပ် ၂၈၀၀-၂၉၀၀၊ (လတ်) ကျပ် ၂၆၀၀-၂၇၀၀၊ (သေး)ကျပ် ၂၄၀၀နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။ ဒါကြောင့် ယခုတစ်ပတ် ဈေးနှုန်းနှင့် ယခင်တစ်ပတ်ဈေးနှုန်းတို့နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ပျမ်းမျှ ကျပ် ၁၀၀-၁၅၀ခန့် ပိုမိုမြင့်တက်လျက်ရှိနေတာတွေ့ရပါတယ်။ ဈေးကွက်အတွင်း တရုတ်ကြက်သွန်နီများကို ဝယ်လိုအားပေါ် မူတည်၍ မှာယူရောင်းချပြီး တစ်ပိဿာလျှင် လက်ကားကျပ် ၁၄၀၀-၁၅၀၀၊ လက်လီကျပ် ၁၇၀၀ တို့ဖြင့် ရောင်းချနေကြကြောင်း သိရှိရပါတယ်။

**ဝင်းလဲ့ဝါ (ပြည်)**

### မုံရွာကြက်သွန်နီဈေးကွက်တွင် ဈေးနှုန်းများဆက်လက်မြင့်တက်

မုံရွာ (ပွဲရုံ) စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ်ကြက်သွန်နီဈေးကွက်မှာ ယခင်တစ်ပတ် ပေါက်ဈေးနှုန်းထက် မြင့်တက်လာတယ်။ ကြက်သွန်နီများကို မုံရွာပွဲရုံများမှ ရန်ကုန်၊ မန္တလေးမြို့များနှင့် ချင်းတွင်းမြစ်ကမ်းတစ်လျှောက်ရှိမြို့များသို့ တင်ပို့ရောင်းဝယ်လျက်ရှိသော်လည်း ဈေးမြင့်လို့ အရောင်းအဝယ်အနည်းငယ်အေးနေကြောင်းသိရပါတယ်။ ယခုတစ်ပတ်ပွဲရုံများတွင် ကြက်သွန်နီတစ်ပိဿာ လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၂၅၀၀၊ (လတ်) ကျပ် ၂၄၀၀၊ (သေး)ကျပ် ၂၃၀၀နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာ ပေါက်ဈေးနှုန်းမှာ (ကြီး)ကျပ် ၂၇၀၀၊ (လတ်) ကျပ် ၂၅၀၀၊ (သေး) ကျပ် ၂၄၀၀နှုန်းနဲ့ ရောင်းဝယ်လျက်ရှိပြီး ယခင်တစ်ပတ် လက်ကားပေါက်ဈေးနှုန်းမှာ(ကြီး) ကျပ် ၂၃၀၀၊ (လတ်) ကျပ် ၂၂၀၀၊ (သေး)၂၁၀၀ နှုန်းရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး)ကျပ် ၂၅၀၀၊ (လတ်)ကျပ် ၂၃၀၀၊ (သေး)ကျပ် ၂၂၀၀ နှုန်းရှိခဲ့လို့ ယခုတစ် ပတ်ပေါက်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းထက် ပိုမိုမြင့်တက်လာကြောင်း တွေ့ရပါတယ်။ မုံရွာကြက်သွန်ဖြူဈေးကွက်ကတော့ ဈေးအတက်/အကျ အနည်းငယ်ရှိပြီး အရောင်းအဝယ်သိပ်မသွက်ဘဲ ပုံမှန်သာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ နေ့စဉ်ပွဲရုံသို့ ကြက်သွန်ဖြူပိဿာ၇၀၀ခန့်အဝင်ရှိပြီး ယခုတစ်ပတ်ပေါက်ဈေးနှုန်းကတော့ ယခင်တစ်ပတ်ပေါက်ဈေးနှုန်းထက် အနည်းငယ် မြင့်လျက်ရှိကာ အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခု တစ်ပတ်ကြက်သွန်ဖြူ တစ်ပိဿာပွဲရုံပေါက်ဈေးနှုန်းမှာ(ဗမာ)ကျပ် ၄၀၀၀၊(ရှမ်း)ကျပ် ၃၀၀၀၊(ကြူကုတ်)ကျပ်၂၂၀၀နှုန်းဖြစ်ပြီး လက်လီပေါက်ဈေးနှုန်းမှာ(ဗမာ)ကျပ်၄၅၀၀၊ (ရှမ်း)ကျပ် ၃၅၀၀၊(ကြူကုတ်)ကျပ်၂၆၀၀နှုန်းပေါက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှသိရပါတယ်။ **ကြည်ကြည်နွယ်(မုံရွာ)**

## နနွင်း

### ပင်လယ်ရေကြောင်းမှ နနွင်းပိုမိုတင်ပို့

အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း နနွင်း (ရှမ်းစ) ၁၁၈ ဒသမ ၉၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၅၈ တန်၊ အိန္ဒိယနိုင်ငံသို့ တန် ၅၀နဲ့ မလေးရှားနိုင်ငံသို့ ၁၀ဒသမ ၉၉တန်တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်တင်ပို့ခဲ့တဲ့ နနွင်း ၅၄ တန်ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၆၄ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၉၂၆၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

### မူဆယ်မှ နနွင်းတက် ပိုမိုတင်ပို့

အောက်တိုဘာ၁၄ရက်မှ၂၀ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၃၆၀၆၄ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) တန် ၁၉၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၇၉ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၁၁၁ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက် တစ်တန်ကို မိမိဘက်ပေါက်ဈေး(ငွေလဲနှုန်း) အရ ကျပ် ၉၆၈၁၁၀ ရှိပါတယ်။အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၄၀၂၂ တန်ဖိုးရှိနနွင်းတက် (ကျောက်ဆည်စ) ၅တန်ခွဲကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

### ရှမ်းနနွင်းပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိ

ရှမ်းနနွင်းကလည်းပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ ရှမ်းနနွင်းကို ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြည်ပကိုတင်ပို့ဖို့အတွက် ဝယ်ယူကြသလို ပြည်တွင်းစားသုံးဖို့အတွက်လည်း ဝယ်ယူနေကြပါတယ်။ ပြည်၊ မုံရွာကတော့ စားသုံးဖို့အတွက်ရော၊ လှော်ဖို့အတွက်ပါ ဝယ်ယူနေတယ်လို့ဆိုပါတယ်။ ပြည်ပတင်ပို့ဖို့အတွက်ဝယ်ယူနေတဲ့ နနွင်းများအနက်မှ ဆင်တောင် နနွင်းက အရည်အသွေးကောင်းတာကြောင့် ပိုပြီးဝယ်ယူကြပါတယ်။ အဝယ်လိုက်တဲ့အတွက် ဆင်တောင်နနွင်းက ဈေးကွက်မှာအကုန်မြန်ပါတယ်။ ဆင်တောင်နနွင်းလောက်အရည်အသွေးကောင်းတဲ့ ဟိုပုံးနနွင်းလည်း ရောင်းတန်းဝင်ခဲ့ပါတယ်။

ဒီတစ်နှစ်ကတော့ ဟိုပုံးနနွင်းလည်း ရောင်းအားကောင်းတာကြောင့် ဈေးကွက်မှာတောင် လက်ကျန်အတော်နည်းသွားပြီဖြစ်ပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ နနွင်းလက်ကျန်က တန်ချိန်တစ်သောင်းခန့်သာ ကျန်ရှိတယ်လို့လည်း သိရပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ နယ်အစုံကဝင်တဲ့နနွင်းတွေရယ်၊ အရည်အသွေးလည်း မျိုးစုံရှိတာကြောင့် လက်ကျန်ကတော့ ရှိနေပါသေးတယ်။ နောက်နှစ်နနွင်းပေါ်တဲ့ရာသီအထိတော့ရှိနေနိုင်သေးတယ်လို့လည်း ဒေသခံတွေထံမှ သိရပါတယ်။ ဒီနှစ်မှာရှမ်းနနွင်းကချင်းထက်အရောင်းသွက်ပါတယ်။ တစ်နှစ်ပတ်လုံးရောင်းနေတယ်လို့လည်းဆိုပါတယ်။ ဟိုပုံးဈေးကွက်မှာ ရှမ်းချင်းတွေက အရောင်းအဝယ်မဖြစ်ပေမယ့် နနွင်းကတော့ အရောင်းအဝယ်ဖြစ်နေပါတယ်။ အောင်ပန်းဈေးကွက်မှာ ဒီတစ်ပတ်နနွင်းပိဿာချိန်ပေါင်း ရှစ်သောင်းခန့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်းသိရပါတယ်။ ဒီတစ်ပတ်နနွင်းတစ်ပိဿာပေါက်ဈေးက အနိမ့်ဆုံး ကျပ်၁၂၀၀မှ အမြင့်ဆုံး ကျပ် ၂၈၀၀ ဈေးရှိပြီး ဟိုပုံးနနွင်းက အနိမ့်ဆုံး ကျပ် ၁၁၀၀မှ အမြင့်ဆုံးကျပ် ၂၆၀၀ဈေးရှိတယ်လို့သိရှိရပါတယ်။ **ဇေခိုင်(တောင်ကြီး)**

## ပြောင်း

### တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းစုံမှ အောက်တိုဘာ ၁၄ ရက်မှ ၂၀ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၉၈ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၂၆၀၆၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၂၅၉၆တန်၊ လွယ်ဂျယ်မှ ၃၀၈၀ တန်ကျော်၊ ချင်းရွှေဟော်မှ ၃၇၃တန်နဲ့ ကန်ပိုက်တီမှ တန် ၂၀ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်၊ လွယ်ဂျယ်နဲ့ချင်းရွှေဟော်စခန်းသုံးခုမှ ပြောင်းတန်ချိန် ၂၆၆၃၅ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ၅၆၆ တန်လျော့နည်း တင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၃၄၄၂၆၂ ကျပ်ရှိ ရာမှ အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်မှာ ၃၄၂၃၆၈ ကျပ်သို့ ဈေးပြန်လည်ကျဆင်းခဲ့ကြောင်း၊ မူဆယ်သို့ပြောင်းကား (၁၀၀၅)စီး ဝင်ရောက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ယွမ်၁၈၀၀ရှိကြောင်း၊ မန္တလေး-မူဆယ် သယ်ယူစရိတ်မှာ ပြောင်းတစ်ပိဿာကို ကျပ်၅၀ရှိကြောင်းမူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

## ချင်း

### တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ ချင်းခြောက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၈၈၀ တန်ဖိုးရှိ ချင်းခြောက် ၈ တန်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ချင်းခြောက်တစ်တန်ကို မိမိဘက်ပေါက်ဈေး (ငွေလဲနှုန်းအရ) ကျပ် ၁၆၇၂၁၉၀ ရှိပြီး ယခင်နှစ်ကာလတူဈေးမှာ ကျပ် ၁၃၆၄၂၅၀ ဝန်းကျင်ရှိခဲ့ကြောင်း သိရပါ တယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၃၀၀၇ တန်ဖိုးရှိ ချင်းခြောက် နှစ်တန်ခွဲကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ **မော်မော်အောင်**



### အောင်ပန်းဈေးကွက်မှာ ချင်းအသစ်တွေအဝင်လှိုင်

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းအသစ်တွေ အဝင်လှိုင်လာပါတယ်။ သီတင်းကျွတ်ပွဲတော်အပြီးမှာ တောင်သူများကလည်း ချင်းတွေကို ဖော်လာကြလို့ ဈေးကွက်ကို အဝင်များလာတာလို့ သိရပါတယ်။

ချင်းဥမကတော့ ကုန်သလောက်ဖြစ်သွားပါပြီ။ အခုအသစ်ဝင်လာတဲ့ ချင်းတက်တွေကို နယ်အစုံ၊ ဒေသအစုံက ဝယ်လာတာကြောင့် အရောင်းအဝယ်ကလည်းပုံမှန်ဖြစ်နေပါတယ်။

တပ်ကုန်း၊ ရန်ကုန်၊ ပြည်၊ မုံရွာ စတဲ့မြို့မှဝယ်လက်တွေက ပုံမှန်ဝယ်ယူနေပြီး နေပြည်တော်နဲ့ဒေသတွင်းကလည်း ဝယ်ယူနေပါတယ်။ ဒေသတွင်းကတော့ ဟင်းခတ်အမွှေးအကြိုင်အတွက် အခက်ကြီး/လှုတွေကိုလက်လီဝယ်ယူတယ်လို့လည်း သိရပါတယ်။ တစ်ပတ်အတွင်းမှာ ချင်းပိဿာချိန်ပေါင်း ၁ ဒသမ ၇ သိန်းခန့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ အခုပေါ်တဲ့ချင်းတက်တွေကိုတော့ ထိုးချင်းအတွက်ရယ်၊ လတ်တလော စားဖို့ရယ်အတွက် ဝယ်ယူကြတာလို့သိရပါတယ်။ ချင်းခြောက်ကိုတော့ လှော်လက်တွေက အနည်းအကျဉ်းဝယ်ယူမှုရှိနေလို့တစ်ပတ်အတွင်းမှာ ပိဿာချိန် ၄ သောင်းခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းစိုတစ်ပိဿာကို ကျပ် ၃၀၀မှ ၄၀၀၊ ချင်းခြောက်တစ်ပိဿာကို ကျပ် ၁၁၀၀ မှ ၁၂၀၀ ဈေးရှိပါတယ်။

**ဇေခိုင် (တောင်ကြီး)**

# ASEAN Trade Fair 2017ကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပ




အာဆီယံ-ကိုရီးယားစင်တာ၏အစီအစဉ်ဖြင့် ASEAN Trade Fair 2017 ကို အောက်တိုဘာလ ၂၅ ရက်မှ ၂၈ ရက်အထိ ဆိုးလ်မြို့ COEX Hall ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ယခုနှစ် ကျင်းပပြုလုပ်သည့် ASEAN Trade Fair 2017သို့အာဆီယံ၁၀နိုင်ငံမှတစ်နိုင်ငံလျှင် ကုမ္ပဏီ ၁၀ ခုနှုန်းဖြင့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီစုစုပေါင်း ၁၀၀ တို့က ပါဝင်ပြသကြပြီး တောင်ကိုရီးယားနိုင်ငံ၏ အကြီးဆုံး နိုင်ငံတကာအစားအသောက်ပြပွဲဖြစ်သည့် Food Week Koreaနှင့်အတူ တစ်ဆက်တည်းကျင်းပခြင်းဖြစ်ပါသည်။

ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၅ရက်တွင် ကျင်းပခဲ့ပြီးအာဆီယံ-ကိုရီးယားစင်တာ၏ Secretary General ဖြစ်သူ Mr. Kim Young-Sunက တက်ရောက်အဖွင့်အမှာစကားပြောကြားကာ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊စီးပွားရေးသံမှူးများနှင့်အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ပြခန်း၌ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ထုတ်ဝေထားသည့် လက်ကမ်းစာစောင်များနှင့် သတင်းအချက်အလက်များကို ခင်းကျင်းပြသခဲ့ပြီး မြန်မာနိုင်ငံမှ လာရောက်ပြသသည့် ကုမ္ပဏီများမှ မြန်မာ့ကော်ဖီစေ့၊ ကော်ဖီမှုန့်၊ လက်ဖက်ခြောက်၊ သစ်သီးဖျော်ရည်၊ အုန်းသီးအဆီမှထုတ်လုပ်သည့် စားသောက်ကုန်နှင့်လူသုံးကုန်များ၊ မြန်မာ့လက်ဖက်နှင့်အကြော်စုံစသည့် မြန်မာ့ထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသခဲ့ကြပါသည်။

အခြား အာဆီယံနိုင်ငံများမှလည်း ၎င်းတို့နိုင်ငံများမှ ထွက်ရှိသည့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုးကို ခင်းကျင်းပြသကြပါသည်။ ထို့အပြင် "Aromas of ASEAN" ဆိုသည့်အမည်ဖြင့် အာဆီယံ ၁၀နိုင်ငံမှထွက်ရှိသည့်ကော်ဖီနှင့်လက်ဖက်ခြောက်များကို ခင်းကျင်းပြသခဲ့ပြီး အာဆီယံနိုင်ငံမှ ကော်ဖီများကို မိတ်ဆက်ပြသခဲ့ပါသည်။

အဆိုပါ ASEAN Trade Fair 2017 နှင့်အတူ Trade Seminar ကို ထည့်သွင်းကျင်းပခဲ့ပြီး တောင်ကိုရီးယားနိုင်ငံ၏ စားသောက်ကုန်တင်သွင်းဖြန့်ဖြူးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။ အဆိုပါပြပွဲနှင့်အတူ Business Matching များကိုပါ ထည့်သွင်းပြုလုပ်ခဲ့ပြီး အာဆီယံနိုင်ငံများမှ လာရောက်ပြသသည့်ကုမ္ပဏီများနှင့် ကိုရီးယားကုမ္ပဏီ/အဖွဲ့အစည်းများအကြား ချိတ်ဆက်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးခဲ့ကြပါသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာ့ကုန်သွယ်မှုတိုးတက်မှုနှုန်း သိသိသာသာ မြင့်မားလာ


ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ ၂၀၁၇ ခုနှစ်အတွက် ကမ္ဘာ့ကုန်သွယ်မှုခန့်မှန်းချက်သတင်းထုတ်ပြန်ခဲ့ရာတွင် ယခုနှစ်အတွင်း ကမ္ဘာ့ကုန်သွယ်မှုတိုးတက်မှုနှုန်း မြင့်မားလာမှုမှာ ယခင်နှစ်များတွင် ဆောင်ရွက်ခဲ့သည့် ကိုယ်ကျိုးခိုင်မာစေရေးအတွက်သာ ရည်ရွယ်ခဲ့သော ကုန်သွယ်မှုထက် ဒေသအချင်းချင်း ဖြတ်သန်း၍ ကုန်စည်ကူးသန်းရောင်းဝယ်မှုပြုခြင်း၊ နိုင်ငံများအနေဖြင့် မိမိတို့၏ ကုန်သွယ်ဖက်နိုင်ငံများနှင့် အတူတကွပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးစီးပွားကို အကာအကွယ်ပေးသည့်လုပ်ရပ်များကို ဆန့်ကျင်ခြင်းစသည်တို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုပြုရာတွင် ပိုမိုကျယ်ပြန့်ပြီး ကြီးမားသော ကုန်သွယ်မှုအကျိုးကျေးဇူးများ ရရှိခံစားရခြင်းဖြစ်ကြောင်း သိရပါတယ်။

ဤကဲ့သို့ ကုန်စည်ကုန်သွယ်မှုပမာဏ တိုးတက်လာခြင်းမှာ ကမ္ဘာ့ GDP တိုးတက်မှုကြောင့်လည်း တစ်စိတ်တစ်ပိုင်းအပါအဝင်ဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ဈေးကွက်ပြောင်းလဲမှုနှုန်း (market exchange rates)မှာ ၂ ဒသမ၃ရာခိုင်နှုန်းမှ ၂၀၁၇ ခုနှစ်တွင် ၂ ဒသမ ၈ရာခိုင်နှုန်းထိ တိုးတက်လာကြောင်းသိရပါတယ်။

GDPတိုးတက်မှု၏အဓိကအချက်မှာ ၂၀၁၇ ခုနှစ်၊ ဒုတိယသုံးလပတ်အတွင်း တရုတ်နိုင်ငံ၏ စီးပွားရေးအရှိန်ရလာခြင်းပြီး ပထမသုံးလပတ်တွင် ၁ ဒသမ ၃ ရာခိုင်နှုန်းမှ ဒုတိယသုံးလပတ်တွင် ၁ ဒသမ၇ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း ဖော်ပြထားပါတယ်။ ၎င်းအပြင် အမေရိကန်ပြည်ထောင်စု၏ GDP တိုးတက်မှုမှာလည်း ပထမသုံးလပတ်တွင် ၁ ဒသမ ၂ ရာခိုင်နှုန်းမှ တတိယသုံးလပတ်တွင် ၃ ဒသမ သုည ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း သိရပါတယ်။

ထိုသို့တရုတ်နှင့် အမေရိကန်ပြည်ထောင်စု၏ သွင်းကုန်ဝယ်လိုအား သိသိသာသာမြင့်တက်လာခြင်းမှာ အာရှဒေသရှိနိုင်ငံများတွင် ဒေသဆိုင်ရာ ထောက်ပံ့မှုကွင်းဆက်များ (regional supply chains) ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လာနိုင်ရေးအတွက် များစွာလှုံ့ဆော်ပေးနိုင်ကြောင်း၊ ၂၀၁၇ခုနှစ်၏ ပထမနှစ်ဝက်တွင် တရုတ်နိုင်ငံ၏ စက်မှုကဏ္ဍမှာ ခိုင်မာစွာ တိုးတက်လာသည့်အပြင် ကုန်သွယ်ရေးဝန်ဆောင်မှုသည်လည်း ပိုမိုအားကောင်းလာကြောင်း၊ အာရှဒေသတွင်းရှိနိုင်ငံများ၏ငွေကြေးဆိုင်ရာအခြေအနေအရပ်ရပ်သည် ၂၀၁၇ခုနှစ်အတွင်း သိသိသာသာ တိုးတက်လာခဲ့သောကြောင့် စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများ၏ ယုံကြည်စိတ်ချမှုရှိခြင်းတို့အပေါ် များစွာသက်ရောက်မှုရှိကြောင်း ဖော်ပြထားသည်ကို သိရပါတယ်။

**Chart 1: Merchandise exports and imports by level of development, 2012Q1-2017Q1**
(Volume index, 2012Q1=100)




Source: WTO Secretariat.

၂၀၁၇ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စု၏ ဆီဈေးနှုန်းအသင့်အတင့် ပြန်လည်ကောင်းမွန်လာခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပေါ် အထောက်အပံ့ဖြစ်စေပြီး စွမ်းအင်ကဏ္ဍတွင်လည်း ၂၀၁၆ ခုနှစ်ထက် ပိုမိုတိုးတက် မြင့်မားလာခဲ့ပါကြောင်း၊ ထို့ကြောင့် သွင်းကုန်ဝယ်လိုအားအပေါ် အကျိုးသက်ရောက်မှုဖြစ်ထွန်းစေပြီး ရင်းနှီးမြှုပ်နှံမှုတွင် သွင်းကုန်ပါဝင်မှုပမာဏသည် GDP တိုးတက်မှုအတွက် အခြားသောကဏ္ဍများထက် သာလွန်နေကြောင်းကိုလည်းသိရပါတယ်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စာရင်းအင်းများအရ ၂၀၁၇ ခုနှစ်၏ ပထမနှစ်ဝက်တွင် ပို့ကုန်အပါအဝင် သွင်းကုန်ပမာဏပါ တိုးတက်ခဲ့ပြီး ကုန်စည်ကုန်သွယ်မှုပမာဏသည် ပထဝီအနေအထားအရ အဆင့်အလိုက် တိုးတက်ပြောင်းလဲလျက်ရှိကြောင်းကိုလည်း ဖော်ပြထားပါတယ်။ ၂၀၁၇ခုနှစ် နှစ်ဝက်တွင် ကမ္ဘာ့ကုန်သွယ်မှုသည် ၂၀၁၆ခုနှစ် နှစ်ဝက်ထက် ၄ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါကြောင်း၊ ယခုနှစ်၏ ပထမနှစ်ဝက်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ပို့ကုန် ပမာဏ ၃ဒသမ ၁ ရာခိုင်နှုန်း ၊ သွင်းကုန် ၂ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သွင်းကုန် ၆ ဒသမ ၉ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး ပို့ကုန်ပမာဏသည်လည်း ၅ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လျက်ရှိပါကြောင်း၊သို့သော်လည်း တောင်အမေရိကတိုက်ရှိ နိုင်ငံများမှာ ကုန်သွယ်မှုတိုးတက်ခြင်းမရှိဘဲ ပို့ကုန် သုညဒသမ ၇ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပြီး သွင်းကုန် ၁ ဒသမ သုညရာခိုင်နှုန်းသာ မြင့်တက်ခဲ့ကြောင်း၊ မြောက်အမေရိကတိုက်ရှိ နိုင်ငံ များတွင် ပို့ကုန်/ သွင်းကုန်ပမာဏတိုးတက်မှုသည် ၄ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၃ဒသမ ၉ ရာခိုင်နှုန်း

စာမျက်နှာ (၃၁)သို့ ➤

## အမေရိကန်ပြည်ထောင်စုသို့တင်သွင်းသည့် လယ်ယာထွက်ကုန်အမယ်တချို့တွင် အသုံးပြုသည့် Florpyrauxifen-benzyl ပိုးသတ်ဆေးပါဝင်မှု MRLs( Maximum Residue Limits) ပြောင်းလဲ

Tolerances for Residues of Florpyrauxifen-benzyl နှင့်ပတ်သက်၍ Final Rule သတ်မှတ်ခဲ့မှုအား အမေရိကန်ပြည်ထောင်စုမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Committee on Sanitary and Phytosanitary Measures သို့ အောက်တိုဘာလ ၁၂ ရက်တွင် Notification အသိပေးထုတ်ပြန်ခဲ့ပါတယ်။

အဆိုပါ Notification တွင် ဖော်ပြထားချက်အရ အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းသော ကုန်စည်များဖြစ်သည့် ဆန် ၊ စပါး ၊ ငါး (Freshwater Finfish)၊ ကဏန်း (Shellfish) နှင့် ခရု (Shellfish)တို့တွင် Florpyrauxifen-benzyl ပိုးသတ်ဆေးပါဝင်နှုန်းများနှင့်ပတ်သက်၍ Final Rule သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်းသိရပါတယ်။ အဆိုပါ Final Rule တွင် ပိုးသတ်ဆေးပါဝင်မှုနှုန်းများမှာ -

| ကုန်ပစ္စည်းအမည် | Florpyrauxifenbenzyl<br>ယခင် | ပါဝင်မှုနှုန်း<br>ယခု |
|---|---|---|
| ဆန်၊ စပါး | ၀. ၂ ppm | ၀. ၃၀ ppm |
| ငါး (Freshwater Finfish) | ၂ ppm | ၂. ၀ ppm |
| ကဏန်း(Shellfish) | ၀. ၅ ppm | ၀. ၅၀ ppm |
| ခရု (Shellfish) | ၉ ppm | ၂၀ ppm |

ထိုကဲ့သို့ အမေရိကန်ပြည်ထောင်စုနိုင်ငံ၏ Final Rule သတ်မှတ်ခဲ့ခြင်းသည် ကုန်သွယ်မှုအဖွဲ့ဝင်နိုင်ငံများအားလုံး (All Trading Partners) အတွက် အစားအသောက်ဘေးကင်းလုံခြုံစေရန် ရည်ရွယ်ချက်ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါပြင်ဆင်သတ်မှတ်ခဲ့သည့် Final Rule ကို ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ ၆ ရက်မှစတင်၍ ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

မိမိတို့နိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ပြည်ပတင်ပို့သူများအနေနဲ့ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာသတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိလိုပါက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ website www.wto.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းကိုလည်း အသိပေးအပ်ပါတယ်။

**စုသက်နှင်း(WTO ဌာနခွဲ)**

# ဓာတ်ဆီ/ဒီဇယ်

## ရေကြောင်းလမ်းမှပါ ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် တစ်သိန်းလေးသောင်းကျော်ဝင်

အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၁၇၄၉၈၇၈ တန်ဖိုးရှိ ဒီဇယ် ၈၈၁၀၄ဒသမ ၈၆တန်နဲ့ အမေရိကန်ဒေါ်လာ ၂၆၄၃၆၇၅၀ တန်ဖိုးရှိ ဓာတ်ဆီ ၅၄၇၀၃ ဒသမ ၈၆ တန်၊ စုစုပေါင်း ၁၄၂၈၀၈ ဒသမ ၇၂ ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၅၂၈၂၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၃၅၂၇၀ ကျော် အဝင်ပိုခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၅၄၆၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၁၉ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီ၊ ဒီဇယ် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်သီတင်းပတ်အတွင်း နယ်စပ်စခန်း ဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၂၉ တန်ဖိုးရှိ Re-Export ဒီဇယ်တန်ချိန် ၃၇၀၀ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊အဆင့်မြင့်ဒီဇယ်၊အောက်တိန်း (92)နဲ့ (95) မှာ ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၇၄၅ ကျပ်၊ အောက်တိန်း (92) ၇၄၅ ကျပ်၊ အောက်တိန်း (95) ၇၈၅ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၇၆၅ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာလ ၂၃ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ်၁၄၅၀၀၀၊ ရောင်းဈေး ကျပ် ၁၄၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ အောက်တိုဘာ ၂၇ ရက်မှာ ဝယ်ဈေး ကျပ် ၃၀၀၀၊ ရောင်းဈေးကျပ် ၄၀၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။အောက်တိုဘာလ ၂၃ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ် ၁၅၆၀၀၀၊ ရောင်းဈေး ကျပ် ၁၆၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ အောက်တိုဘာ ၂၇ ရက်တွင် ဝယ်ဈေး ကျပ် ၁၅၉၀၀၀၊ ရောင်းဈေး ကျပ် ၁၆၄၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီဇယ်ဈေး အပြောင်းအလဲသိပ်မရှိသော်လည်း ဓာတ်ဆီဈေး အနည်းငယ်မြင့်ခဲ့တယ် လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း(92)၊ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း(95) တစ်လီတာ ကျပ် ၈၉၀ ၊ ဒီဇယ်တစ်လီတာ ကျပ် ၇၇၀ ၊အဆင့်မြင့်ဒီဇယ်တစ်လီတာ ကျပ် ၇၉၀၊ အောက်တိန်း (92)တစ်လီတာ ကျပ် ၈၀၀ ၊ ဓာတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာ ၂၃ ရက်တွင် ဒီဇယ်ဝယ်ဈေးကျပ် ၁၅၀၀၀၀၊ ရောင်းဈေး ကျပ် ၁၅၂၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ အောက်တိုဘာ ၂၇ ရက်တွင်ဝယ်ဈေး ကျပ် ၁၅၃၀၀၀၊ ရောင်းဈေး ကျပ် ၁၅၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ အောက်တိုဘာ ၂၃ ရက်တွင် ဝယ်ဈေး ကျပ် ၁၅၆၀၀၀၊ ရောင်းဈေးကျပ် ၁၅၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ အောက်တိုဘာ ၂၇ ရက်တွင်ဝယ်ဈေး ကျပ် ၁၅၈၀၀၀၊ ရောင်းဈေး ကျပ် ၁၆၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီဇယ်ဈေးငြိမ်သော်လည်း ဓာတ်ဆီဈေးနည်းနည်း မြင့်လာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ် ၊ အဆင်မြင့်ဒီဇယ် ကျပ် ၈၀၀ ၊ အောက်တိန်း(92) ကျပ် ၇၉၀၊ အောက်တိန်း (95) ကျပ် ၈၂၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၆၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ်၃၆၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## ပြည်တွင်းရွှေဈေးများ ဆက်လက်ကျဆင်း

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင် ဆက်လက်ကျဆင်းလာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ဈေးပြန်လည်ကျဆင်းလာသဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ ပြန်လည်ကောင်းလာခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ ကမ္ဘာ့ရွှေဈေးသည်လည်း ကျဆင်းလာခဲ့ရာ တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၀ ကျော် ကျဆင်းလာခဲ့သည်။

"ကမ္ဘာ့ရွှေဈေးကျဆင်းလာလို့ ပြည်တွင်းရွှေဈေးလည်း လိုက်ပါကျဆင်းလာရတာပါ။ ကမ္ဘာမှာ ရွှေတင် သွင်းမှုအများဆုံးနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံက ရွှေတင်သွင်းခွန်ကို တိုးမြှင့်ကောက်ခံလိုက်တဲ့အတွက် ကမ္ဘာ့ရွှေဈေးကွက်မှာ အရောင်းအဝယ် အေးသွားတယ်။ ဒါကြောင့် ကမ္ဘာ့ရွှေဈေးတွေ ကျဆင်းလာရတာပါ။ သီတင်းကျွတ်ပြီးကတည်းက ရွှေဈေးတွေ ပြန်လည်ကျဆင်းလိမ့်မယ်လို့ ခန့်မှန်းထားပြီးသားပါ။ ဒါကြောင့်လည်း ဒီရက်ထဲမှာ ပြန်ရောင်းတဲ့သူတွေ များလာတာပါ" ဟု ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးကွက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် အောက်တိုဘာ ၂၃ ရက်က ကျပ် ၉၃၀၀၀၀ ရှိခဲ့ရာမှ အောက်တိုဘာ ၂၅ ရက်တွင် ကျပ် ၉၃၃၅၀၀ သို့ ပြန်လည်မြင့်တက်လာခဲ့သည်။ သို့သော် အောက်တိုဘာ ၂၇ ရက်တွင် ကျပ် ၉၃၀၀၀၀ သို့ ပြန်လည်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် အောက်တိုဘာ ၂၃ ရက်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၇၅ ရှိခဲ့ပြီး အောက်တိုဘာ ၂၄ ရက်တွင် ၁၂၈၂ ဒေါ်လာသို့မြင့်တက်ခဲ့ကာ အောက်တိုဘာ ၂၇ ရက်တွင် ၁၂၆၇ ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းငွေလဲနှုန်းများ ထပ်မံမြင့်တက်

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက မြင့်တက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်ခဲ့ကြောင်း ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ အရောင်းအဝယ်များ ပြန်လည်သွက်လက်လာခဲ့သဖြင့် ယခုကဲ့သို့ ဈေးများမြင့်တက်လာရခြင်းဖြစ်ကြောင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများလည်း ပြန်လည်လှုပ်ရှားလာကြသဖြင့် ဈေးကွက်အတွင်း အဝယ်လိုက်လာခဲ့ကြောင်း၊ ထို့ပြင် ဗဟိုဘဏ်ကလည်းဒင်း၏ရည်ညွှန်းငွေလဲနှုန်းကို နေ့စဉ် မြင့်တက်ကာ သတ်မှတ်ခဲ့သဖြင့် ပြင်ပဈေးကွက်တွင် ငွေလဲနှုန်းများ မြင့်တက်နေရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို နေ့စဉ်သတ်မှတ်လျက်ရှိရာ အောက်တိုဘာ ၂၃ ရက်က အမေရိကန် တစ်ဒေါ်လာလျှင် ၁၃၆၃ ကျပ်သတ်မှတ်ခဲ့ပြီး နေ့စဉ်တစ်ကျပ်မြင့်တက်ကာ သတ်မှတ်ခဲ့သဖြင့် အောက်တိုဘာ ၂၇ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၆၆ ကျပ်အထိ မြင့်တက်ခဲ့ကြောင်း ဗဟိုဘဏ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ ပြည်တွင်းငွေလဲစင်တာများတွင် အောက်တိုဘာ ၂၃ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၄ ကျပ်၊ ဝယ်ဈေး ၁၃၅၂ ကျပ်ရှိခဲ့ရာမှ အောက်တိုဘာ ၂၅ ရက်ဈေး ပိတ်ချိန်တွင် ရောင်းဈေး ၁၃၅၇ ကျပ်၊ ဝယ်ဈေး ၁၃၅၅ ကျပ်ရှိခဲ့သည်။ အောက်တိုဘာ ၂၇ ရက်တွင် ရောင်းဈေး ၁၃၅၆ ကျပ်၊ ဝယ်ဈေး ၁၃၅၄ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

## ရန်ကုန်စတော့ဈေးကွက်တွင် အစုရှယ်ယာဈေးနှုန်းများ အကျဈေးဖြင့် ငြိမ်သက်နေ

ရန်ကုန် စတော့ဈေးကွက်တွင် အစုရှယ်ယာဈေးနှုန်းများ အကျဈေးဖြင့် ငြိမ်သက်နေကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာများဖြစ်သည့် FMI, MTSH, MCB နှင့် FPB တို့၏ အစုရှယ်ယာဈေးနှုန်းများသည် အကျဈေးဖြင့်ပင် အရောင်းအဝယ်များဖြစ်လျက်ရှိကြောင်း သိရသည်။

တက်ဈေးကို မျှော်၍ ပြန်လည်ရောင်းချရန် စောင့်နေသူများရှိနေသော်လည်း ဈေးမှာ ထင်သလို မြင့်တက်လာခြင်းမရှိဘဲ အကျဘက်သို့သာ ဦးတည်နေသဖြင့် အစုရှယ်ယာများ ဝယ်ယူထားသူများမှာ အားမလို အားမရဖြစ်နေကြကြောင်း သိရသည်။

ငွေလို၍ ငွေဖော်သူများသာ ပြန်လည်ရောင်းချနေကြသကဲ့သို့ အမြတ်ကို မျှော်ကိုးပြီး ဝယ်ယူထားကြသူများသာများပြားကြောင်း အစုရှယ်ယာဈေးကွက်အတွင်းမှ သိရသည်။

ယခုတစ်ပတ်တွင် FMI ၏အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၂၅၀၀၊ MTSH ၏ အစုရှယ်ယာတစ်စုလျှင် ကျပ် ၃၃၀၀၊ MCB ၏အစုရှယ်ယာတစ်စုလျှင် ကျပ် ၈၂၀၀နှင့် FPB ၏ အစုရှယ်ယာတစ်စုလျှင် ကျပ် ၂၄၅၀၀ ရှိကြောင်း သိရသည်။ **မယ်သီတာ**

## Currency Exchange Rate

October 27, 2017
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.31 |
| BDT Bangladesh Taka | 83.02 |
| CAD Canada Dollars | 1.29 |
| CNY China Yuan Renminbi | 6.65 |
| EUR Euro | 0.86 |
| H KDHong Kong Dollars | 7.80 |
| I NR India Rupees | 65.07 |
| I DR Indonesia Rupiahs | 13635.06 |
| JPY Japan Yen | 114.25 |
| MYR Malaysia | 4.24 |
| PKR Pakistan Rupees | 105.42 |
| PHP Philippines Pesos | 51.81 |
| RUB Russia Rubles | 57.98 |
| SGD Singapore Dollars | 1.37 |
| KRW South Korea Won | 1130.29 |
| LKR Sri Lanka Rupe | 153.65 |
| THB Thailand Baht | 33.30 |
| GBP United Kingdom Pounds | 0.76 |
| VND VietnamDon | 22720.17 |

*Source:xe.com*

## World Gold Price

October-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 23 | 1280 | 1279 | 1278 |
| 24 | 1283 | 1281 | 1281 |
| 25 | 1277 | 1276 | 1276 |
| 26 | 1284 | 1281 | 1281 |
| 27 | 1269 | 1267 | 1268 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 23-10- 2017 | 931.50 | 932.00 |
| 24-10-2017 | 934.50 | 934.30 |
| 25-10- 2017 | 931.30 | 931.00 |
| 26-10-2017 | 934.50 | 934.40 |
| 27-10- 2017 | 930.50 | 930.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 23 | 6.63 | 33.20 | 82.17 | 65.04 |
| 24 | 6.63 | 33.17 | 82.29 | 64.97 |
| 25 | 6.64 | 33.19 | 82.97 | 64.87 |
| 26 | 6.63 | 33.14 | 82.86 | 64.78 |
| 27 | 6.65 | 33.30 | 83.02 | 65.07 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 23-October | 16.95 | 3177.29 | 2129.51 | 6944.14 | 919.00 |
| 24-October | 17.04 | 3213.65 | 2124.66 | 7065.80 | 923.00 |
| 25-October | 16.86 | 3213.43 | 2144.49 | 6950.98 | 918.00 |
| 26-October | 16.99 | 3265.67 | 2190.34 | 6978.97 | 924.00 |
| 27-October | 16.70 | 3243.63 | 2152.65 | 6869.21 | 913.00 |

## Energy NYMEX 27-10-2017

| | Price | Change | Change % |
|---|---|---|---|
| WWTI Crude Future (USD/bbl.) | 52.57 | -0.07 | -0.13 |
| Brent Crude Futr (USD/bbl) | 59.32 | 0.02 | 0.03 |
| Gasoline Rbob Fut (Cent/gal) | 174.48 | -0.58 | -0.33 |
| Natural Gas Futr (USD/MMBtu) | 2.88 | -0.01 | -0.28 |
| Heating Oil Futr (Cent/gal) | 185.18 | 0.99 | 0.57 |

# ဘိလပ်မြေ

## ဒီတစ်ပတ် ဘိလပ်မြေအဝင်နည်း

အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၈၀၇၅တန်ဖိုးရှိ ဘိလပ်မြေ ၃၁၂ ဒသမ ၆၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ဘိလပ်မြေတန်ချိန် ၄၂၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၀၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်းနယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၈၄၂၀တန်ကျော်ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၂၈၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၆၁၄၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်လျော့နည်းခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့ပါတယ်။



## ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဆင်မြန်မာကဈေးငြိမ်ပြီး ဆင်(ထိုင်း)ကကျပ် ၅၀၊ ကြံ့(မြိုင်ကလေး)က ကျပ် ၁၀၀၊ စိန်(ထိုင်း)က ၂၇၅ကျပ် ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၉၅၀၊ ဆင်(ထိုင်း) ကျပ် ၅၅၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၈၅၀၊ စိန်(ထိုင်း) ၅၂၂၅ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်ကောင်းပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ခရောင်းဘိလပ်မြေ ကျပ် ၅၂၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၈၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ ဆင်မင်း (ကျောက်ဆည်) ကျပ် ၃၉၀၀၊ ခရောင်း ကျပ် ၅၂၀၀၊ ကျားခေါင်း ကျပ် ၄၂၀၀၊ မော်လမြိုင်ဆင် ကျပ် ၆၇၀၀၊ ဆင်(ထိုင်း) ကျပ် ၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

မကွေးဘိလပ်မြေဈေးကွက်မှာအရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာဆင်မြန်မာ ကျပ်၄၉၀၀၊ ကြံ့ကျပ် ၅၀၀၀၊ ဆင်(ထိုင်း) ကျပ် ၆၃၀၀၊ စိန်(ထိုင်း) ကျပ် ၆၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်စိန်က ကျပ်၃၀၀၊ အပါချီက ကျပ် ၁၀၀၊ နဂါးကကျပ် ၂၀၀ဈေးကျပြီး ဆင်က ကျပ် ၂၀၀ဈေးမြင့်ခဲ့တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှစုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

# ဓာတ်မြေဩဇာ

## မြေဩဇာအဝင်နည်း

အောက်တိုဘာလ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၅၄၅၄၇၇ တန်ဖိုးရှိ မြေဩဇာ ၁၂၅၈၁ ဒသမ ၆၆၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ချီလီနိုင်ငံမှ ၄၂၅ တန်၊ တရုတ်နိုင်ငံမှ ၁၇၀၁ ဒသမ ၇တန်၊ ဂျာမနီနိုင်ငံမှ ၁၉၉၇ ဒသမ ၉၉ တန်၊ အီရန်နိုင်ငံမှ ၁၀၅၀ တန်၊ ဂျပန်နိုင်ငံမှ ၂၆ ဒသမ ၂၅ တန်၊ ကိုရီးယားနိုင်ငံမှ ၂၄၇ တန်၊ မလေးရှားနိုင်ငံမှ ၁၃၂၅ ဒသမ၈၄၂တန်၊ နော်ဝေနိုင်ငံမှ ၉၇ ဒသမ ၈၈ တန်၊ ပါကစ္စတန်နိုင်ငံမှတန်ချိန် ၃၅၀၀၊ ထိုင်းနိုင်ငံမှတန်ချိန် ၁၈၀၀ နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၄၁၀၀တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေဩဇာတန်ချိန် ၁၃၈၁၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်၁၂၃၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

## တောင်ကြီးနဲ့မန္တလေးဈေးကွက်အရောင်းအေး

အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အထိသီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ မြေဩဇာအဝင်မှာတန်ချိန် ၁၂၅၈၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာတန်ချိန်၁၃၈၁၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၂၃၀ကျော် အဝင်လျော့ခဲ့ပါတယ်။ အောက်တိုဘာလ ၁၄ရက်မှ ၂၀ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာတန်ချိန်၁၁၈၇၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာတန်ချိန် ၁၀၇၃၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၁၄၀ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်လျော့ပြီး နယ်စပ်လမ်းမှ မြေဩဇာ အဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်နဲ့မကွေးမှာ အရောင်းပုံမှန်ရှိပြီး တောင်ကြီးနဲ့မန္တလေးမှာ အရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဆောင်းသီးနှံအတွက် မြေဩဇာအဝယ် လိုက်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ပုလဲအသေး၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်)ကျပ် ၈၀၀ ဈေးကျပြီး ကွန်ပေါင်း၁၅ ပတ်လည် (အစိမ်း)က ကျပ် ၁၅၀၀၊ ကွန်ပေါင်း၁၅ ပတ်လည်(ပန်းရောင်)က ကျပ် ၇၀၀ ဈေးမြင့်ခဲ့ကာ ကျန်မြေဩဇာများက ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၂၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၃၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၂၀၀၀၊ တီစူပါ ၁၆%(မြွားကမ္ဘာ-တရုတ်) ကျပ် ၁၃၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြွားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ်၁၅၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ်၁၅၅၀၀၊ အာမို ၁၅း၁၅း၁၅းကျပ် ၃၇၀၀၀၊ အာမို၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၂၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)ကျပ် ၂၃၃၀၀၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်)ကျပ် ၂၃၂၀၀၊ ဇာမဏီ ကျပ် ၁၇၈၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၃၃၀၀၊ တောင်သူမ ကျပ် ၁၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာအရောင်းအဝယ်ပြန်အေးသွားတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား-ပုလဲက ကျပ် ၂၀၀၊တီစူပါ၂၀% က ကျပ် ၄၀၀၀ ဈေးမြင့်ခဲ့ပြီး တီစူပါ ၁၅ ပတ်လည်က ကျပ် ၅၀၀ဈေးကျခဲ့ကာ ကျန်မြေဩဇာများက ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၃၇၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၇၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၄၂၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၇၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၅၀၀၊ တီစူပါ ၁၀း၁၀း၅(တရုတ်)ကျပ်၁၆၀၀၀၊ ဓာတ်ဆား(တရုတ်)ကျပ်၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၃၅၀၀၊ မြွားကမ္ဘာကျပ် ၁၆၀၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီအချိန်က ရာသီချိန်မရောက်သေးတာကြောင့် အရောင်းအဝယ်အေးတယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှတာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ်မှာယူရီးယားက ကျပ်၄၀၀၊ တီစူပါ ၄၆% က ကျပ် ၂၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်)ကျပ် ၂၃၀၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၃၀၀၀၊ တီစူပါ၄၆% ကျပ် ၂၀၁၀၀၊ မြွားသီးစုံ ကျပ် ၁၄၄၀၀၊ ပန်းသီးစုံ ကျပ် ၁၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၅၀၀၊ မြွားကမ္ဘာ ကျပ် ၁၄၈၀၀၊ သံကွင်း-ကွန်ပေါင်း (၁၅း၅း၅း၅) ကျပ် ၁၆၂၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

# နို့ဆီ/နို့မှုန့်

## နို့ဆီတန်ချိန် ၄၀၀ကျော်နဲ့ နို့မှုန့်တန်ချိန် ၁၅၀ကျော်ဝင်

အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၅၃၃၁၀၇ တန်ဖိုးရှိ နို့ဆီ ၄၁၇ ဒသမ ၃၁၂တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ ၂၁၈ ဒသမ ၈၈ တန်နဲ့ မလေးရှားနိုင်ငံမှ ၁၉၈ ဒသမ ၄၃၂တန် တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့တံဆိပ်မှာ အိုကေနဲ့ Hackတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့နို့ဆီတန်ချိန်၄၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၈၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာနယူးဇီလန်နိုင်ငံမှ ၅ဒသမ ၁၀၆ တန်၊ စင်ကာပူနိုင်ငံမှ သုညဒသမ ၄၀၂ တန်၊ ဂျာမနီနိုင်ငံမှ ၄ ဒသမ ၇၅၂တန်၊ ပိုလန်နိုင်ငံမှ ၂၂တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၁၄ ဒသမ ၉၈တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့် တန်ချိန် ၃၉၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်၂၃၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါ အဝင်လျော့ခဲ့ပါတယ်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၁၀ မှ ၂၀/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၁၀ မှ ၁၃/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၃•၈၀ | - | (+) | ၁၁၃•၈၀ |
| ၂။ | လွယ်ဂျယ် | ၃၃၅•၀၀ | ၂၄၀•၀၀ | (+) | ၁၁၅•၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီ | ၁၇၈၅•၀၀ | ၂၀၀၉•၀၀ | (-) | ၂၂၄•၀၀ |
| ၅။ | တာချီလိတ် | - | - | | - |
| ၆။ | မြဝတီ | - | ၃၂•၅၀ | (-) | ၃၂•၅၀ |
| ၇။ | ကော့သောင်း | ၆၁၂၈•၀၀ | - | (+) | ၆၁၂၈•၀၀ |
| ၈။ | မြိတ် | ၄၅•၀၀ | - | (+) | ၄၅•၀၀ |
| | စုစုပေါင်း | ၈၄၂၆•၈၀ | ၂၂၈၁•၅၀ | (+) | ၆၁၄၅•၃၀ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၁၀ မှ ၂၀/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၁၀ မှ ၁၃/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၃၃၁•၁၂ | ၇၃၅၄•၁၀ | (+) | ၁၉၇၇•၀၂ |
| ၂။ | လွယ်ဂျယ် | ၂၆၆•၀၀ | - | (+) | ၂၆၆•၀၀ |
| ၃။ | ချင်းရွှေဟော် | ၇၂၇•၀၀ | ၇၆၂•၅၀ | (-) | ၃၅•၅၀ |
| ၄။ | ကန်ပိုက်တီ | - | ၂၆၈•၀၀ | (-) | ၂၆၈•၀၀ |
| ၅။ | မြဝတီ | ၁၀၃၃•၈၅ | ၁၃၁၁•၄၂ | (-) | ၂၇၇•၅၇ |
| ၆။ | ကော့သောင်း | ၇၀•၀၀ | - | (+) | ၇၀•၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၄၅၁•၇၅ | ၁၀၃၉•၉၅ | (-) | ၅၈၈•၂၀ |
| | စုစုပေါင်း | ၁၁၈၇၉•၇၂ | ၁၀၇၃၅•၉၇ | (+) | ၁၁၄၃•၇၅ |

ခင်မိုးသူ

## နှမ်း

# မူဆယ်ရော ချင်းရွှေဟော်မှပါ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၄၃ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၄၀၃၆ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၃၉၉ သန်း တန်ဖိုးရှိ နှမ်းညို ၃၆၇ တန်နဲ့ နှမ်းဖြူ (အခွံချွတ်) တန် ၄၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က နှမ်းညို တန် ၁၀၀ နဲ့ နှမ်းဖြူ ၁၀ တန် စုစု ပေါင်းတန် ၁၁၀ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မူဆယ်မှ နှမ်း ၂၉၇ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၄၄ သန်း တန်ဖိုးရှိနှမ်းရောင်စုံ ၃၆၂၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံများမှာ နှမ်းနက် ၂၄၁၂ တန်၊ နှမ်းဖြူ ၆၉၃ တန်ကျော်၊ နှမ်းညို ၃၃၄ တန်ကျော်၊ နှမ်းဖြူ (အခွံချွတ်) ၅၂ တန်ခွဲနဲ့ နှမ်းညို အခွံချွတ် ၁၃၆ တန်ခွဲတို့ဖြစ်ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၀၁၄ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၅၉၅ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ရက်သတ္တပတ်အတွင်း နှမ်းဖြူတစ်တန်ကို ၁၄၀၂၀၇၉ ကျပ်၊ နှမ်းနက်တစ်တန်ကို ၂၂၁၇၂၄၁ ကျပ် ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ပြည်မိုးနှမ်းနက်ကို မန္တလေးဝယ်လက်များ အဝယ်လိုက်လာလို့ ဈေးပြန်မြင့်လာ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းနီနှင့် စမုံနှမ်းဈေးငြိမ်ပြီး နှမ်းနက်ဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။ နှမ်းနက်ကိုအောင်လံနှင့် မန္တလေးဝယ်လက်များက အဝယ်လိုက်လာလို့ ဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။

နှမ်းနီကို ဒေသတွင်း ဆီကြိတ်ရန်အတွက် ဝယ်လိုအား ရှိပေမယ့်ဈေးမတက်ဘဲ ငြိမ်နေတာ တွေ့ရပါတယ်။ စမုံနက်နှမ်းကို အဝယ်ရပ်နေလို့ ဈေးတန်းနေတာ တွေ့ရပါတယ်။ ခုအချိန်တွင် နှမ်းအဝင် မရှိသလောက်နည်းသွားပေမယ့် ဈေးကွက်တွင် လက်ကျန်နှမ်းများဖြင့် တစ်နေ့လျှင် အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ နှမ်းနီ သုံးတင်းတစ်အိတ်လျှင်ကျပ် ၉၆၀၀၀ နှင့် စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေပြီး နှမ်းနက်သုံးတင်း တစ်အိတ်လျှင်ကျပ် ၁၀၀၀၀၀ ဈေးဖြင့် ယခင်တစ်ပတ်ကထက်ကျပ် ၅၀၀၀ ဈေးပိုနေပြီး တစ်နေ့လျှင်အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

နှမ်းဆီဈေးမှာ နှမ်းဦးဆီ တစ်ပိဿာလျှင် ကျပ် ၄၆၀၀၊ ရိုးရိုးနှမ်းဆီ တစ်ပိဿာလျှင် ကျပ် ၄၄၀၀ ဖြင့် တစ်နေ့လျှင် ပေပါ ၄ လုံးအရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# ထုတ်လုပ်မှု ကျဆင်းလာခြင်းကြောင့် မလေးရှားစားအုန်းဆီဈေးများ အမြတ်အစွန်းများရရှိ



မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးများသည် အောက်တိုဘာ ၂၆ ရက်တွင် ထုတ်လုပ်မှု ကျဆင်းလာခြင်းကြောင့် ဈေးပြန်လည်မြင့်တက်လာခဲ့ကာ အမြတ်အစွန်းများရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ယခုနှစ်ကုန်ပိုင်းတွင် ဖြစ်ပေါ်လာမည့် ထုတ်လုပ်မှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေခြင်းနှင့် ပို့ကုန်ပမာဏပိုမိုတင်ပို့နိုင်မည်ဟူသည့် မျှော်လင့်ချက်ကြောင့် ဈေးမြင့်တက်လာသကဲ့သို့ ပဲပုပ်ဆီဈေး အားကောင်းလာခြင်းကလည်း စားအုန်းဆီ ကြိုရောင်းကြိုဝယ် ဈေးနှုန်းများမြင့်တက်မှုကို အထောက်အပံ့ဖြစ်စေခဲ့သည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် စားအုန်းဆီ စံထားဈေးနှုန်းသည် သုညဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့သဖြင့် တစ်တန်လျှင် ၂၈၁၃ ရင်းဂစ်(အမေရိကန်ဒေါ်လာ ၆၆၄ ဒသမ ၆၂)ရှိခဲ့သည်။စားအုန်းဆီရောင်းချရသည့်ပမာဏမှာ ၂၅တန်ရှိ အတွဲပေါင်း ၃၉၄၇၄ ရှိ ခဲ့သည်။

ပဲပုပ်ဆီဈေးနှုန်းများ ပြန်လည်မြင့်တက်လာသဖြင့် စားအုန်းဆီဈေးနှုန်းများလည်း မြင့်တက်လာခဲ့ကြောင်း ကွာလာလမ်ပူအခြေစိုက် ကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့၏ ဒီဇင်ဘာလအတွက် စားအုန်းဆီစာချုပ် ချုပ်ဆိုဈေးနှုန်းသည် အောက်တိုဘာလ ၂၆ ရက်တွင် သုညဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် ပဲပုပ်ဆီစာချုပ် ချုပ်ဆိုဈေးနှုန်းသည် သုညဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ သို့သော် ဇန်နဝါရီလအတွက် စားအုန်းဆီစာချုပ် ချုပ်ဆိုဈေးမှာမူ သုည ဒသမ ०၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

အောက်တိုဘာ ၁ ရက်မှ ၂၅ ရက်အတွင်း စားအုန်းဆီထုတ်လုပ်မှုသည် ၈ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တန်ချိန် ၁၁သိန်းကျော်ရှိခဲ့ကြောင်း Intertek Testing Service ၏ပြောကြားချက်အရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံစားအုန်းဆီ တင်ပို့မှုသည် ၈ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ကာ တန်ချိန် ၁၂ သိန်းနီးပါးရှိခဲ့ကြောင်း Societe Generale de Surveillance က ပြောကြားခဲ့သည်။

အောက်တိုဘာ ၁ ရက်မှ ၂၀ ရက်အတွင်း မလေးရှားနိုင်ငံတွင် စားအုန်းဆီထုတ်လုပ်မှုသည် ၁၀ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း မလေးရှားစားအုန်းဆီအသင်းက ထုတ်ပြန်ကြေညာခဲ့သည်။

ထိုအတောအတွင်း ဇန်နဝါရီလအတွင်း စားအုန်းဆီစာချုပ်ချုပ်ဆိုဈေးနှုန်းသည် တစ်တန်လျှင် ၂၈၁၂ ရင်းဂစ်ရှိခဲ့ရာ စက်တင်ဘာ ၁၄ ရက်ကရရှိခဲ့သည့် တစ်တန်လျှင် ရင်းဂစ် ၂၈၆၀ သည် အမြင့်ဆုံးဈေးနှုန်းဖြစ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနမှ ဈေးကွက်ဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောကြားခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၇-၁၀-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၀၀၀ | ၅၅၀၀ | △ | ၄၃၀၀ | ၄၃၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၀၀၀ | ၃၈၀၀ | ▽ | ၁၈၅၀ | ၂၁၀၀ | △ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၉၀၀ | ၁၉၅၀ | △ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၁၀၀ | ၄၁၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၄၁၀၀ | ၄၁၀၀ | □ | ၃၉၀၀ | ၄၀၀၀ | △ | ၂၁၀၀ | ၂၁၀၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၇-၁၀-၂၀၁၇ US$/Ton

| အမျိုးအစား | အောက်တိုဘာတတိယပတ် | အောက်တိုဘာစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၆၅.၀၀ | ၆၇၃.၅၀ | △ |
| RBD P.Olein | ၆၇၇.၀၀ | ၆၈၀.၀၀ | △ |
| RBD P.Stearin | ၆၈၁.၅၀ | ၆၈၅.၅၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၇-၁၀-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၅၁.၇၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄.၁၃ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၂၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၀၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၉.၇၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၂.၃၂ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၇၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၈၀၇.၇၅ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၇-၁၀-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၄၀ ဒေါ်လာနှင့် USD ဈေး ၁၃၆၆ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၇-၁၀-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၆ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ချင်း(ဂျင်း) စိုက်ပျိုးဝင်ငွေတိုး၊ ချင်း(ဂျင်း)ခြောက် ပြည်ပဈေးကွက် တိုးချဲ့တင်ပို့နိုင်ရေးကြိုးစားပေး

| ခင်ချောစု (ကုန်သွယ်မြှင့်) |

ချင်း(ဂျင်း)ကို သိပ္ပံအမည်အားဖြင့် Zingiber offcinale ဟုခေါ်ပါသည်။ အင်္ဂလိပ်ဘာသာအခေါ် အဝေါ်မှာ Ginger ဖြစ်ပါသည်။ ချင်းစိမ်းကို Fresh Ginger ဟု လည်းကောင်း၊ ချင်းခြောက်(သဘော်ချင်းခြောက်)ကို Dried Ginger ဟုလည်း ကောင်း၊ Ginger ဟုလည်းကောင်းခေါ်ဝေါ်သုံးစွဲ ကြကြောင်းတွေ့ရပါသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်၌ အဓိကစားသုံးသည့် သီးနှံများစွာရှိပါသည်။ ချင်း(ဂျင်း) သီးနှံသည် စားဖိုဆောင်သုံးသီးနှံဟုခေါ်ဝေါ်ကြပြီး နေ့စဉ်ချက်ပြုတ်စားသုံးမှုတွင် အရေးပါသောသီးနှံဖြစ်ကြောင်း တွေ့ရပါသည်။ ချင်း(ဂျင်း)ခြောက်ကို ပြည်ပသို့တင်ပို့ရောင်းချသဖြင့် စိုက်ပျိုးထုတ်လုပ်သူများ၊ ရောင်းဝယ်ဖောက်ကားသူများ အားထားကြပါသည်။ စိုက်ပျိုးထုတ်လုပ်မှုပုံမှန်တိုးတက်နေအောင် ပြုလုပ်၍ ပြည်တွင်း ဖူလုံကာ ဈေးနှုန်းလည်း တည်ငြိမ်ပြီး ထုတ်လုပ်သူ၊ တောင်သူ၊ ကုန်သည်၊ Exporter၊ စားသုံးသူမျှတသည့် ပုံမှန်အရောင်း အဝယ်ဖြစ်နေအောင် ကြိုးစားဆောင်ရွက်ကြရန်လည်း လိုအပ်ပါသည်။ ထုတ်လုပ်မှုတိုးတက်ပြီး ပြည်တွင်းတွင်ဖူလုံမှုရှိကာ ပိုလျှံလျှင် ပြည်ပဈေးကွက်ကို ပုံမှန်ချိတ်ဆက်ရောင်းနိုင်အောင် ကြိုးစားရမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးထုတ်လုပ်ရောင်းချသည့် လုပ်ငန်းကို ပိုင်ပိုင်နိုင်နိုင်အကျိုးရှိအောင် လုပ်နိုင်ပြီး လက်ရှိဈေးကွက်ခိုင်မာရန်နှင့် ဈေးကွက်သစ်များ ရရှိအောင် စွမ်းဆောင်နိုင်ရန်လည်း လိုအပ်ပါသည်။ ဈေးကွက်ခိုင်မာရန်နှင့် ဈေးကွက်သစ်များရရှိစေရန်မှာလည်း ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရန် အရည်အသွေးမီသည့် ကုန်ပစ္စည်းများထုတ်လုပ်ရန် လိုအပ်သလို ထုတ်လုပ်သူပိုင်းကလည်း မိမိတို့ထုတ်လုပ်သည့် ကုန်ပစ္စည်းအပေါ်တွင် Positive Product ရှိရန်လည်း လိုအပ်ကြောင်း တွေ့ရှိရပါသည်။

### ကမ္ဘာ့ချင်း(ဂျင်း) ထုတ်လုပ်မှု အခြေအနေ

ကမ္ဘာပေါ်တွင် ချင်း(ဂျင်း)အများဆုံးထုတ်လုပ်သည့် ၁၀ နိုင်ငံမှာ အိန္ဒိယ၊ တရုတ်၊ နီပေါ၊ နိုင်ဂျီးရီးယား၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ ကင်မရွန်း၊ တရုတ်(တိုင်ပေ)နိုင်ငံတို့ဖြစ်ပါသည်။ ကမ္ဘာ့အများဆုံးထုတ်လုပ်သည့် အိန္ဒိယ နိုင်ငံမှာတန်ချိန် ၇၀၃၀၀၀ ခန့်ဖြစ်ပြီး ဒုတိယ အများဆုံး ထုတ်လုပ်သည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး တန်ချိန် ၄၂၅၀၀၀ ခန့်၊ နီပေါနိုင်ငံသည် တတိယ အများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး တန်ချိန် ၂၅၅၂၀၈ ခန့်၊ နိုက်ဂျီးရီးယားနိုင်ငံသည် စတုတ္ထအများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး တန်ချိန် ၁၅၆၀၀၀ ခန့်၊ ထိုင်းနိုင်ငံသည်ပဉ္စမအများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး တန်ချိန် ၁၅၆၀၀၀ ခန့်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### ကမ္ဘာ့ချင်း(ဂျင်း) စားသုံးမှု အခြေအနေ

ကမ္ဘာပေါ်တွင် ချင်း(ဂျင်း) အများဆုံးစားသုံးသည့် ၁၀ နိုင်ငံမှာ အိန္ဒိယ၊ အင်ဒိုနီးရှား၊ နီပေါ၊ တရုတ်၊ နိုက်ဂျီးရီးယား၊ တရုတ်၊ ဂျပန်၊ ထိုင်း၊ ပါကစ္စတန်၊ အမေရိကန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ဖြစ်ပါသည်။ ကမ္ဘာ့ပေါ်တွင် ချင်း(ဂျင်း) အများဆုံး စားသုံးသည့် အိန္ဒိယနိုင်ငံမှာ တန်ချိန် ၇၉၀၀၀၀ ခန့် ဖြစ်ပြီး ဒုတိယအများဆုံး စားသုံးသည့် နိုင်ငံမှာ အင်ဒိုနီးရှားနိုင်ငံဖြစ်ပြီး တန်ချိန် ၂၆၈၀၀၀ ခန့်၊ နီပေါနိုင်ငံသည် တတိယအများဆုံးချင်း(ဂျင်း)စားသုံးသည့်နိုင်ငံဖြစ်ပြီး တန်ချိန် ၂၂၁၀၀၀ ခန့်၊ နိုင်ဂျီးရီးယားနိုင်ငံသည် စတုတ္ထအများဆုံးစားသုံးသည့်နိုင်ငံဖြစ်ပြီး တန်ချိန် ၂၀၂၀၀၀ ခန့်၊ တရုတ်နိုင်ငံသည် ပဉ္စမအများဆုံးစားသုံးသည့် နိုင်ငံဖြစ်ပြီး တန်ချိန် ၁၂၉၀၀၀ ခန့်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### ကမ္ဘာ့ချင်း(ဂျင်း) တင်ပို့မှု အခြေအနေ

ကမ္ဘာပေါ်တွင် ချင်း(ဂျင်း) တင်ပို့သည့် ၁၀ နိုင်ငံမှာ တရုတ်၊ အိန္ဒိယ၊ နိုက်ဂျီးရီးယား၊ ဂျာမနီ၊ နယ်သာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ ဗီယက်နမ်၊ စပိန်၊ ပြင်သစ်၊ ပါကစ္စတန်နိုင်ငံတို့ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ချင်း(ဂျင်း) အများဆုံးတင်ပို့သည့် နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ကမ္ဘာ့တင်ပို့မှု၏ ၃၇ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။ ဒုတိယ အများဆုံး တင်ပို့သည့်နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး ၁၂ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ပါသည်။ တတိယအများဆုံး တင်ပို့သည့်နိုင်ငံမှာ နိုက်ဂျီးရီးယားနိုင်ငံဖြစ်ပြီး ၉ ဒသမ ၆ရာခိုင်နှုန်း ဖြစ်ပါသည်။ စတုတ္ထအများဆုံး တင်ပို့သည့်နိုင်ငံမှာ ဂျာမနီနိုင်ငံဖြစ်ပြီး ၇ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပါသည်။ ပဉ္စမအများဆုံးတင်ပို့သည့်နိုင်ငံမှာ နယ်သာလန်နိုင်ငံဖြစ်ပြီး ၅ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### ကမ္ဘာ့ချင်း(ဂျင်း) တင်သွင်းမှုအခြေအနေ

ကမ္ဘာပေါ်တွင် ချင်း(ဂျင်း) တင်သွင်းသည့် နိုင်ငံပေါင်း ၁၃၄ နိုင်ငံရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။ အများဆုံးတင်သွင်းသည့် ၁၀ နိုင်ငံမှာ ပါကစ္စတန်၊ ဂျပန်၊ အမေရိကန်၊ မလေးရှား၊ နယ်သာလန်၊ အိန္ဒိယ၊ ယူနိုက်တက်ကင်းဒမ်း၊ ဂျာမနီ၊ ကနေဒါ၊ စင်ကာပူနိုင်ငံတို့ ဖြစ်ပါသည်။ ကမ္ဘာ့ချင်း(ဂျင်း) တင်သွင်းသည့် နိုင်ငံများအနက် ပါကစ္စတန်နိုင်ငံသည် အများဆုံးတင်သွင်းသည့် နိုင်ငံဖြစ်ပြီး ၁၆ ဒသမ ၀၇ ရာခိုင်နှုန်းခန့်ဖြစ်ပါ သည်။ ဒုတိယအများဆုံးတင်သွင်းသည့် နိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်ပြီး ၁၃ ဒသမ ၆၇ ရာခိုင်နှုန်းခန့်ဖြစ်ပါသည်။ တတိယတင်သွင်းသည့်နိုင်ငံမှာ အမေရိ ကန်နိုင်ငံဖြစ်ပြီး ၁၃ ဒသမ ၅၉ ရာခိုင်နှုန်းခန့်ဖြစ်ပါသည်။ စတုတ္ထတင်သွင်းသည့်နိုင်ငံမှာ မလေးရှားနိုင်ငံဖြစ်ပြီး ၇ ဒသမ ၉၅ ရာခိုင်နှုန်းခန့်ဖြစ်ပါ သည်။ ပဉ္စမ တင်သွင်းသည့်နိုင်ငံမှာ နယ်သာလန် နိုင်ငံဖြစ်ပြီး ၇ ဒသမ ၈၂ ရာခိုင်နှုန်းခန့်ဖြစ်ပါသည်။

### မြန်မာ့ချင်း(ဂျင်း) စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

မြန်မာနိုင်ငံတွင် ချင်း(ဂျင်း)ကို နေရာအနှံ့ အပြားစိုက်ပျိုးနိုင်ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် အများဆုံးစိုက်ပျိုးပါသည်။ ချင်း(ဂျင်း) အများဆုံးစိုက်ပျိုးသော မြို့နယ်မှာ ပင်လောင်းနှင့်ကလော မြို့နယ်ဖြစ်ကြောင်း သိရပါသည်။ ကလောနှင့် ပင်လောင်းဒေသမှ ထွက်ရှိသော ချင်း(ဂျင်း)များကို အောင်ပန်းမြို့သို့တင်ပို့ပြီး ၎င်းမှ တစ်ဆင့် ပြည်တွင်းတင်ပို့မှုအဖြစ် ရန်ကုန်၊ စစ်တွေ၊ မန္တလေးနှင့် အခြားမြို့ဈေးကွက်များသို့ တင်ပို့လျက်ရှိသည်ကို တွေ့ရှိရပါသည်။ တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသအလိုက် အရည်အသွေး အနည်းငယ်ကွာခြားပါသည်။ ကလောဒေသမှထွက်သော ချင်း(ဂျင်း) သည် ကျစ်၍ အသားမာပြီး အနံ့ပိုပြင်းပါ သည်။ မြေပြန့်ဒေသပေါက်သော ချင်း(ဂျင်း)သည် ကြီးမား၍အသားပွပြီး အနံ့မပြင်းပါ။ သဲဆန်၍ ပွသောနုန်းမြေများတွင် လွန်စွာဖြစ်ထွန်းပြီး ရေမဝပ်စေဘဲ အစိုဓာတ်ကို အမြဲနှစ်သက်ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံ၏ ချင်း(ဂျင်း) စိုက်ပျိုးမှု ဧကအနေဖြင့် နှစ်စဉ်စိုက်ဧက ၁၇၈၀၀ ခန့်၊ အထွက်နှုန်းမှာ ၂၄၄၀ ခန့်၊ အထွက်ပိဿာ ၄၃၅၀၀၀၀၀၊ တန်ချိန်အားဖြင့် ၇၁၁၀၀ ခန့်ဖြစ် ပါသည်။ သုံးစွဲမှု တန်ချိန်မှာ ၅၁၃၅၀ ခန့်ဖြစ်သည့် အတွက် ပိုလျှံမှုအနေဖြင့်တန် ၁၉၇၅၀ ခန့်ဖြစ်သည့်အတွက် ပြည်ပသို့ပိုမိုတိုးမြှင့်တင်ပို့နိုင်မည့် အလားအလာကောင်းများရှိကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ ချင်း(ဂျင်း) စိုက်ပျိုးထွက်ရှိချိန်မှာ မတ်လနှင့် ဧပြီတွင် မြေပြုပြင်ခြင်းများပြုလုပ်၍ မေလနှင့် ဇွန်လတို့တွင် စိုက်ပျိုးပါသည်။ ဇူလိုင်လနှင့်နိုဝင်ဘာလတွင် အပင်ပြုစုစောင့်ရှောက်ပြီး ဒီဇင်ဘာလနှင့်မတ်လတွင်တူးဖော်ပါသည်။ ပြည်တွင်းချင်း(ဂျင်း) ဈေးများမှာ ရှမ်းပြည် (တောင်ပိုင်း) တစ် ပိဿာလက်ကားဈေးကျပ် ၂၅၀-၃၀၀၊ လက်လီ ဈေးကျပ် ၁၀၀၀-၁၃၀၀ ဖြစ်ပြီး အရည်အသွေးပေါ်မူတည်ပြီး အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါသည်။ ချင်း(ဂျင်း)စိုက် တောင်သူများအနေဖြင့်လည်း စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်ထက်ကျော်လွန်ကာ ဈေးကောင်းရရှိပြီး ဝင်ငွေတိုးနေကြောင်း သိရပါသည်။

### ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် လအလိုက်ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းအခြေအနေ

၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှစ၍ လအလိုက်ချင်း(ဂျင်း) လက်ကား၊ လက်လီဈေးနှုန်းအခြေအနေများကို တစ်ဖက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်သည်-

**ရှမ်းပြည်နယ်(တောင်ပိုင်း)**

| စဉ် | လအမည် | ချင်းတစ်ပိဿာ (လက်ကား၊ လက်လီ)ဈေး (ကျပ်) | | | | | |
|---|---|---|---|---|---|---|---|
| | | ၂၀၁၅ | | ၂၀၁၆ | | ၂၀၁၇ | |
| | | လက်ကား | လက်လီ | လက်ကား | လက်လီ | လက်ကား | လက်လီ |
| ၁ | ဇန်နဝါရီ | ၂၅၀ | ၂၀၀၀ | ३၅၀ | ၁၂၀၀ | ၂၅၀/၄၁၅ | ၁၆၀၀ |
| ၂ | ဖေဖော်ဝါရီ | ၄၀၀ | ၁၂၀၀ | ၃၅၀ | ၁၂၀၀ | ၂၂၅/၃၉၀ | ၁၆၀၀ |
| ၃ | မတ် | ၃၀၀ | ၁၂၀၀ | ၃၇၀ | ၁၃၀၀ | ၂၀၀/၄၀၀ | ၁၅၅၀ |
| ၄ | ဧပြီ | ၇၀၀ | ၂၂၀၀ | ၃၃၅/၆၀၀ | ၁၃၀၀ | ၂၀၀/၅၀၀ | ၁၅၅၀ |
| ၅ | မေ | ၁၀၀၀ | ၂၂၀၀ | ၃၆၂/၅၁၆ | ၁၆၅၀ | ၂၅၀/၄၇၅ | ၁၀၇၅ |
| ၆ | ဇွန် | ၁၀၀၀ | ၂၀၀၀ | ၂၅၀/၃၀၀ | ၁၆၀၀ | ၂၅၀/၄၇၅ | ၁၀၇၅ |
| ၇ | ဇူလိုင် | ၈၀၀ | ၂၀၀၀ | ၃၀၀/၄၈၅ | ၁၅၀၀ | ၂၅၀/၄၀၂ | ၁၅၅၀ |
| ၈ | ဩဂုတ် | ၇၀၀ | ၁၅၀၀ | ၂၅၀/၃၃၀ | ၁၀၀၀ | ၂၈၀/၃၀၇ | ၁၀၈၉ |
| ၉ | စက်တင်ဘာ | ၆၅၀ | ၁၅၀၀ | ၂၅၀/၃၅၀ | ၁၀၀၀ | ၂၃၀/၂၇၀ | ၁၄၅၀ |
| ၁၀ | အောက်တိုဘာ | ၄၀၀ | ၁၂၀၀ | ၂၁၀/၂၈၅ | ၁၇၅၀ | ၂၂၅/၃၀၀ | ၁၁၅၀ |
| ၁၁ | နိုဝင်ဘာ | ၅၀၀ | ၁၂၀၀ | ၃၂၅/၃၆၅ | ၁၅၀၀ | | |
| ၁၂ | ဒီဇင်ဘာ | ၃၅၀ | ၁၂၀၀ | ၃၄၅/၄၁၅ | ၁၃၅၀ | | |

### မြန်မာ့ချင်း(ဂျင်း)နှင့် အိန္ဒိယချင်း(ဂျင်း)တို့၏ ကွာခြားမှုအခြေအနေ

မြန်မာ့ ချင်း(ဂျင်း)နှင့် အိန္ဒိယချင်း(ဂျင်း)တို့၏ထွက်ရှိမှု၊ အရည်အသွေးကွာခြားမှု အခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရမှာဖြစ်ပါသည်-

| မြန်မာ့ချင်း(ဂျင်း) | အိန္ဒိယ ချင်း(ဂျင်း) |
|---|---|
| အစပ်အရသာနည်း | အစပ်အရသာအနည်းငယ်များ |
| ရေပါဝင်မှုများ | ရေပါဝင်မှုနည်း |
| ချင်း(ဂျင်း) အဆီဓါတ် ပါဝင်မှုနည်း | ချင်း (ဂျင်း)အဆီဓါတ်ပါဝင်မှုများ |
| ချင်း(ဂျင်း)ခြောက်ပြုလုပ်ရာတွင် ချင်းစို လေး၊ ငါးပိဿာလျှင် တစ်ပိဿာရ | ချင်း (ဂျင်း)ခြောက်ပြုလုပ်ရာတွင် ချင်းစို တစ်ပိဿာလျှင်တစ်ပိဿာရ |
| Ginger Slide ပြုလုပ်ရာတွင် ချင်းစို ခုနစ်၊ ရှစ်ပိဿာလျှင် တစ်ပိဿာရရှိ | Ginger Slide ပြုလုပ်ရာတွင် လေး၊ ငါး ပိဿာလျှင် တစ်ပိဿာရရှိ |
| အိန္ဒိယချင်း(ဂျင်း)ထက်အခက်သေး | မြန်မာ့ချင်း(ဂျင်း)ထက်အခက်ကြီး |
| တစ်ဧကအထွက်နှုန်း နှစ်တန်မှ ခြောက်တန် | တစ်ဧကအထွက်နှုန်း ခြောက်တန်မှ ၁၀ တန် |

အထက်ပါနှိုင်းယှဉ်လေ့လာချက်အရ မြန်မာ့ ချင်း(ဂျင်း)နှင့် အိန္ဒိယချင်း(ဂျင်း)တို့၏ အထွက်နှုန်းနှင့် အရည်အသွေး ကွာခြားမှုများရှိသဖြင့် ပြည်ပတင်ပို့ရာတွင် ချင်း(ဂျင်း) မျိုးများ ပြောင်းလဲစိုက်ပျိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### ခြင်းထဲကချင်း(ဂျင်း) အကြောင်း သိကောင်းစရာများ

ယခင်ကာလ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကုန်းကျေးရွာစု တောင်သူများမှာ မိသားစုစားသုံးရန်အတွက် ကိုင်းမြေများတွင် တောင်းအဟောင်းများဖြင့်စိုက်ပျိုးပြီး ရေနစ်မြုပ်ချိန်တွင် နွားတင်းကုတ်၊ မြက်စင်များပေါ်တွင်တင်ထားပြီး ရေကျချိန် အိမ်တံစက်မြိတ်အနီး ချထားစိုက်ပျိုးခဲ့ရာမှ တစ်ချိန်တွင်တစ်ခြင်းလျှင် ချင်း(ဂျင်း) သုံးပိဿာမှ ငါးပိဿာထိထွက်ရှိကြောင်း၊ တစ်စတစ်စ စမ်းသပ်စိုက်ပျိုးကြရာမှ စီးပွားဖြစ်စိုက်ပျိုးသည် အထိကျယ်ပြန့်လာခဲ့ကြောင်း လေ့လာသိရှိရပါသည်။ မျိုးအဖြစ် မြန်မာချင်းဖြူမျိုး၊ ဒေသအခေါ် ချင်းဖြူ(အောက်ချင်း)မျိုးဖြစ်ကြောင်း၊ ဟသ်ာတတွင် စိုက်ပျိုးသောချင်းမျိုးမှာ အနံ့ရှိပြီး အမျှင်နည်း၍ အသားနုသဖြင့် ဆေးဘက်ဝင်အမျိုး အစားဖြစ်ကြောင်း၊ အချင်း ၂ ပေ၊ အမြင့် ၂ ဒသမ ၅ ပေခန့်ရှိ ကွမ်းခြင်း၊ ထန်းလျက်ခြင်းနှင့် ဒေသတွင် ရက်လုပ်သောခြင်းများကို အသုံးပြုပါသည်။ တိုက်ရိုက်စိုက်ပျိုးခြင်း၊ ပျိုးထောင်ရွှေ့ပြောင်းစိုက်ပျိုးခြင်း နှစ်မျိုးရှိကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးပြီး ရက်ပေါင်းသက်တမ်း ၂၀၀ အကြာ နိုဝင်ဘာလတွင် စတင်တူးဖော်နိုင်ပြီး ရက်ပေါင်း ၂၇၀ ခန့် အကြာ ဇန်နဝါရီလတွင် အရွက်ကျပြီး ချင်းတက်ရင့်ချိန်မှ တူးဖော်ကြကြောင်း၊ တစ်ခြင်းလျှင် အနည်းဆုံးသုံးပိဿာထွက်ရှိပြီး အများဆုံး ငါးပိဿာထိ ထွက်ရှိပါသည်။

ခြင်းစနစ်ဖြင့် စိုက်ပျိုးလျှင်ရရှိနိုင်သည့် အကျိုးကျေးဇူးများမှာ အိမ်ခြံမြေနေရာ ကျဉ်းကျဉ်းဖြင့် ချင်းများစိုက်ပျိုးနိုင်ပြီး တစ်နိုင်တစ်ပိုင် ပြုစုနိုင်ခြင်း၊ စီးပွားရေးတွက်ခြေကိုက်ခြင်း၊ ခြင်းစနစ်ဖြင့် စိုက်ပျိုး

စာမျက်နှာ (၂၁)သို့ ➤

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# တရုတ်နိုင်ငံထုတ် မြေအောက်ရထားများအား အမေရိကန်သို့ ပထမဆုံးအကြိမ် တင်ပို့

တရုတ်နိုင်ငံပိုင်ရထားကုမ္ပဏီဖြစ်သည့် CRRC Changchun Railway Vehicles Co., မှ ထုတ်လုပ်သည့် မြေအောက်ရထားတွဲများကို ဘော်စတွန်သို့ လာမည့် ဒီဇင်ဘာလတွင် တင်ပို့မည်ဖြစ်သည်။ ဘော်စတွန်မြို့ မြေအောက်ရထား Orange line အတွက် တွဲပေါင်း ၁၅၂ တွဲနှင့် Red Line အတွက် ၁၃၂ တွဲကို ထုတ်လုပ် တင်ပို့မည်ဖြစ်ပြီး Hawker Siddeley Canada မှ ၁၉၇၉ ခုနှစ်နှင့် ၁၉၈၁ ခုနှစ် ကြား ထုတ်လုပ်ထားသည့် တွဲများကို အစားထိုးရန်အတွက်ဖြစ်ကြောင်း သိရပါသည်။

တရုတ်နိုင်ငံထုတ် ရထားများကို အမေရိကန်သို့ ပထမအကြိမ်တင်ပို့ခြင်းဖြစ်ပြီး အမေရိကန်၏ လိုအပ်ချက်နှင့် စံချိန်စံညွှန်းကိုက်ညီအောင် ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ ရထားတွဲဒီဇိုင်းပုံစံ၊ အသုံးပြုသည့် ပစ္စည်းရွေးချယ်မှု သတ်မှတ်ချက်ပြည့်မီရန်နှင့် ကနဦး အလေးချိန် ၁ ဒသမ ၈ မက်ထရစ်တန်မှ နောက်ဆုံး ၃၃ တန်အထိ လျှော့ချနိုင်အောင် စမ်းသပ်ဆောင်ရွက်မှုပေါင်း ၈၀ ခန့်ပြုလုပ်ခဲ့ကြောင်း ဖော်ပြထားပါသည်။ ထို့အပြင် ရထားများခိုင်ခံ့မှု၊ ဘေးကင်းလုံခြုံမှု၊ အရည်အသွေးထိန်းချုပ်မှု စနစ်အားလုံးကို အမေရိကန်၏ သတ်မှတ်ချက် ပြည့်မီအောင် ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း၊ အမေရိကန်အစိုးရနှင့် ပြည်နယ်အဖွဲ့အစည်းများ၊ အမေရိကန် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအေဂျင်စီ၊ မသန်မစွမ်းသူများဆိုင်ရာဥပဒေ၊ မန်ဆာချူးဆက်ပြည်နယ် အများပြည်သူပို့ဆောင်ရေးဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေစသည့် သတ်မှတ်ချက်ပေါင်း ၁၂၀ ကျော်ကို ပြည့်မီအောင် ဆောင်ရွက်ခဲ့ကြောင်း၊ ရထားတွဲများ အလေးချိန်ပေါ့ပါး၍ ဘေးကင်းစိတ်ချရမှုသည် နှစ်ဖက်စာချုပ်ချုပ်ဆိုရာတွင် အဓိကအချက်ဖြစ်ကြောင်း သိရပါသည်။

အဆိုပါ Stainless Steel Subway trains များသည် တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ ပြေးဆွဲနိုင်မည်ဖြစ်ပြီး သက်တမ်း ၃၀ ဖြစ်ပါသည်။ တရုတ်နိုင်ငံထုတ် ရထားများသည် ယခင်ကဈေးကွက်အတွင်း ဈေးနှုန်းသက်သာမှုကို အလေးထားရုံမျှသာမက အဆင့်မြင့် တီထွင်မှုနည်းပညာကိုပါ သုံးစွဲထုတ်လုပ်ထားကြောင်း CRRC က ပြောကြားထားပါသည်။

ထို့အပြင် လော့စ်အိန်ဂျယ်လိစ်၊ မဲလ်ဘုန်းနှင့် ဩစတြေးလျသို့ မြေအောက်ရထားများ ဆက်လက်တင်ပို့မည်ဖြစ်ကြောင်း သိရပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# အိန္ဒိယနိုင်ငံ၏ ၂၀၁၇ ဘဏ္ဍာနှစ် စီးပွားရေး တိုးတက်မှုနှုန်းအား ကမ္ဘာ့ဘဏ်က လျှော့ချခန့်မှန်း

အစိုးရ၏ ပြုပြင်ပြောင်းလဲရေး ဖော်ဆောင်မှုများဖြစ်သည့် Demonetisation အစီအစဉ်နှင့် GST စနစ်တို့၏ သက်ရောက်မှုများကြောင့် အိန္ဒိယနိုင်ငံ၏ GDP မှာ ၂၀၁၅ တွင် ၈ ဒသမ ၆ ရာခိုင်နှုန်းရှိရာမှ ၂၀၁၇ တွင် ခုနစ်ရာခိုင်နှုန်းသို့ နှေးကွေးကျဆင်းနိုင်သည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပြီး ပြည်တွင်းရှိလုပ်ငန်းအဆင့် ကြန့်ကြာမှုများကြောင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ထိုင်းမှိုင်းစေလျက်ရှိခြင်းက နိုင်ငံ၏ အလားအလာရှိသည့် စီးပွားရေးတိုးတက်မှုအပေါ် ဖိအားပိုမိုသက်ရောက်စေနိုင်သည်ဟု သတိပေး ပြောကြားထားကြောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်သူ့ရေးရာအသုံးစရိတ်တို့ကို ချိန်ခွင်လျှာညှိရန် ခိုင်မာသည့် မူဝါဒများဖော်ဆောင်နိုင်ပါက ၂၀၁၈ ခုနှစ်တွင် ၇ ဒသမ ၃ ရာခိုင်နှုန်းသို့ တိုးတက်လာနိုင်သည်ဟုဆိုထားကြောင်း သိရှိရပါသည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကလည်း ၂၀၁၇ တွင် အိန္ဒိယနိုင်ငံ၏ တိုးတက်မှုနှုန်းကို ယခင်ခန့်မှန်းထားသည့် နှုန်းထားအောက် သုည ဒသမ ၅ ရာခိုင်နှုန်းခန့် လျှော့ချကာ ၆ ဒသမ ၇ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ တိုးတက်မှုနှုန်းကိုမူ ၆ ဒသမ ၈ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# တရုတ်-ဥရောပ ကုန်စည်ရထားဖြင့် ကုန်သွယ်မှုတိုးတက်

ရှင်းကျန့်ပြည်နယ် ကုန်စည်သယ်ယူပို့ဆောင်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ ဥရောပသို့ ကုန်စည်ရထားများဖြင့် ကုန်သွယ်မှုမှာ ယခုနှစ်ကုန်တွင် စုစုပေါင်း ၇၀၀ စီးရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။ လွန်ခဲ့သည့် ခြောက်နှစ်ကစတင်၍ တရုတ်နှင့် အီးယူအကြား ကုန်စည်ပို့ဆောင်သည့် ရထားများဖြင့် တိုက်ရိုက်စတင်ဆက်သွယ်ပြေးဆွဲခဲ့ရာ ယခုနှစ်အောက်တိုဘာလကုန်အထိ ရထားအစီးရေ ၅၀၀၀ ကျော်ခန့် ဆက်သွယ်ပို့ဆောင်ခဲ့ကြောင်း ကုန်စည်ရထားပြေးဆွဲမှုမှာ နှစ်စဉ်တိုးတက်မှုရှိနေကြောင်းဖော်ပြထားပါသည်။ ဥရောပနိုင်ငံများနှင့်တရုတ် နိုင်ငံအကြား ကုန်သွယ်မှုပမာဏမြင့်တက်လာပြီး သယ်ယူပို့ဆောင်ရေးစရိတ်နှင့် အချိန်ကုန်ကျမှုသက်သာစေရန် ရှင်းကျန့်ပြည်နယ်မြို့တော် ဥရုမုချီက ဥရောပနိုင်ငံများနှင့် Point to Point Customized Services ကို စတင်အဆိုပြုခဲ့ခြင်းဖြစ်ပါသည်။

ဥရုမုချီတွင် One-stop service ထားရှိပြီး အကောက်ခွန်ရှင်းလင်းရေး၊ ကုန်စည် စံချိန်စံညွှန်းနှင့် ရောဂါပိုးမွှားကင်းရှင်းမှုနှင့် ထောက်ပံ့သယ်ယူပို့ဆောင်မှုကိစ္စများကို လွယ်ကူစွာဆောင်ရွက်နိုင်ကြောင်း သိရှိရပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# တရုတ်နိုင်ငံမှ နိုင်ငံခြားငွေလဲလှယ်မှုအား ဆွဲဆောင်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ အခြေပြုချေးငွေစာချုပ် လက်မှတ်များကို ဟောင်ကောင်တွင်ထုတ်ဝေသွားမည်

တရုတ်ပြည်မကြီးမှ ငွေရေးကြေးရေးကဏ္ဍအား ဈေးကွက်ပိုမိုပွင့်လင်းလာစေရန်အတွက် နိုင်ငံခြားငွေလဲလှယ်မှုအား တွန်းအားပေး မြှင့်တင်နိုင်စေမည့် ဆောင်ရွက်ချက်အနေဖြင့် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံတန်ဖိုးရှိ အမေရိကန်ဒေါ်လာတန်ဖိုးဖြင့်ထုတ်ဝေသည့် နိုင်ငံပိုင်ဘွန်းစာချုပ်များကို ဟောင်ကောင်တွင် မကြာမီ ထုတ်ဝေသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

ချေးငွေစာချုပ်လက်မှတ်ထုတ်ဝေခြင်းတွင် ငါးနှစ်ချေးငွေစာချုပ်နှင့် ၁၀ နှစ်သက်တမ်း ချေးငွေစာချုပ်များအား အမေရိကန်ဒေါ်လာ တစ် ဘီလီယံတန်ဖိုးစီထုတ်ဝေသွားမည်ဖြစ်ပြီး Hong Kong Exchanges and Clearing Ltdတွင် ယခုလကုန်တွင် ရောင်းချသွားမည်ဖြစ်သည်။ အမေရိကန်ဒေါ်လာနှစ်ဘီလီယံမှာ ပမာဏအားဖြင့် မများသော်လည်း တရုတ်ငွေဈေးပြန်လည်အားကောင်းလာစေရန်နှင့် နိုင်ငံခြားငွေသီးသန့်ရန်ပုံငွေတည်ငြိမ်မှုရှိစေရေး အထောက်အပံ့ဖြစ်စေရန် အတွက် ရင်းနှီးငွေ ပိုမိုဝင်ရောက်လာနိုင်မည့်လမ်းကြောင်းအဖြစ် အစိုးရကမျှော်လင့်ထားသည်။

ပြည်ပရင်းနှီးမြှုပ်နှံမှု အထူးသဖြင့် Belt & Road Initiative အား ထောက်ပံ့နိုင်ရေး အဆင်ပြေချောမွေ့နိုင်စေရန် အစိုးရစီမံကိန်းများနှင့် နိုင်ငံတော်ပိုင်လုပ်ငန်းများအတွက် ချေးငွေဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး ချေးငွေစာချုပ်ထုတ်ဝေမှုမှာ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၏ ဝယ်လိုအားကောင်းစေလာမည့်အပေါ် အစိုးရ၏ ယုံကြည်မှုကို ဖော်ပြရာရောက်ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ထိုင်းနိုင်ငံတွင် Picofinance ချေးငွေလုပ်ငန်းများ တိုးတက်လာရန်ဆောင်ရွက်လျက်ရှိခြင်း

ထိုင်းနိုင်ငံတွင် ဝင်ငွေနည်း ပြည်သူများသည် ငွေကြေးအရင်းအမြစ်ရရှိ၍ လိုအပ်သော ငွေကြေးအရင်းအနှီးကို တရားဝင်ချေးယူနိုင်သည့် လုပ်ငန်းများ လက်ရှိအခြေအနေထက် ပိုမိုတိုးတက်လာစေရန်အတွက် Picofinance ချေးငွေလုပ်ငန်းစုစုပေါင်း ၁၄၁ ခုရှိရာမှ ယခုနှစ်တွင် လုပ်ငန်းပေါင်း ၂၀၀ အထိ တိုးတက်လာစေရန် ဘဏ္ဍာရေးဝန်ကြီးဌာနက အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိအချိန်တွင် ပြည်နယ်ပေါင်း ၄၀ ရှိ တရားဝင် Picofinance ချေးငွေလုပ်ငန်းပေါင်း ၁၄၁ ခုသည် စုစုပေါင်း ချေးငွေ ဘတ် ၄၂ဒသမ ၂ သန်းကို ထုတ်ချေးထားပြီး တစ်ဦးလျှင် ပျမ်းမျှချေးငွေနှုန်းမှာ ဘတ် ၃၁၀၀၀ ဖြစ်ပါသည်။ အဆိုပါ Picofinance ချေး ငွေလုပ်ငန်းများသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်ခွင့်မရှိဘဲ သတ်မှတ်ထားသည့် နယ်မြေ ဧရိယာအတွင်း၌သာ ဆောင်ရွက်ခွင့်ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Krisada Chinavicharana က ပြောကြားခဲ့ပါသည်။

Picofinance လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ယခုကဲ့သို့ အစိုးရက တွန်းအားပေးဆောင်ရွက်လာခြင်းသည် ဝင်ငွေနည်းပြည်သူလူထုအနေဖြင့် တရားဝင်ငွေကြေးအရင်းအမြစ်များ အလွယ်တကူရရှိစေရန်နှင့် အတိုးနှုန်း မတန်တဆဖြင့် ပြင်ပမှ တရားမဝင် ချေးငွေရယူနေရခြင်းမှ ကာကွယ်ပေးရန်ဖြစ်ပါသည်။ Picofinance ချေးငွေလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ကနဦးမတည်ရင်းနှီးငွေကို ဘတ်ငါးသန်းသတ်မှတ်ထားပြီး သက်ဆိုင်ရာနယ်မြေအတွင်း၌သာ ချေးငွေလုပ်ငန်းဆောင်ရွက်ခွင့်ရှိပါသည်။ ယင်း Picofinance များသည် အထွေထွေ ချေးငွေလုပ်ငန်းကို ဆောင်ရွက်ခွင့်ရှိပြီး ငွေချေးသူတစ်ဦးလျှင် အမြင့်ဆုံးဘတ် ၅၀၀၀၀ အထိထုတ်ချေးနိုင်ပါသည်။ အတိုးနှုန်းမှာ တစ်နှစ်လျှင် အမြင့်ဆုံး၃၆ ရာခိုင်နှုန်းဖြစ်ပါသည်။

ထိုင်းနိုင်ငံတွင် Picofinance ချေးငွေလုပ်ငန်းများအပြင် Nanofinance ချေးငွေလုပ်ငန်းကိုလည်း ခွင့်ပြုပေးလျက်ရှိပြီး အလုပ်အကိုင်ရရှိမှုအတွက် အထောက်အကူပြုမှုကို မြှင့်တင်ပေးမည်ဖြစ်ပါသည်။ Nanofinance ချေးငွေ လုပ်ငန်းများသည်လည်း Picofinance များနည်းတူ အတိုးနှုန်းကိုတစ်နှစ်လျှင် အမြင့်ဆုံး ၃၆ ရာခိုင်နှုန်းအထိ သတ်မှတ်နိုင်ပြီး တစ်ဦးလျှင် အများဆုံး ဘတ်တစ်သိန်းအထိ ထုတ်ချေးခွင့်ရှိပါသည်။ Nanofinance ၏လုပ်ငန်းဆောင်ရွက်မှုအပေါ် နယ်မြေကန့်သတ်ချက်မရှိဘဲ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ခွင့်ရှိပြီး Nanofinance အတွက် ကနဦးမတည်အရင်းအနှီးပမာဏ ဘတ်သန်း ၅၀ ကို မှတ်ပုံတင်ထားရှိရန် လိုအပ်ပါသည်။

Picofinance နှင့် Nanofinance ချေးငွေလုပ်ငန်းများကဲ့သို့ တရားမဝင် ငွေချေးလုပ်ငန်းများကို တိုက်ဖျက်ရန်အတွက် အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် အစိုးရပိုင်ဘဏ်နှစ်ခုမှာ အစိုးရငွေစုဘဏ်နှင့် စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးသမဝါယမအသင်းဘဏ်တို့ ဖြစ်ကြပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၃၀–၁၀–၂၀၁၇)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးပြန်ကျပြီး အရောင်းအဝယ်နည်းလာ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးပြန်ကျလာပြီး အရောင်းအဝယ်လည်း နည်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ကျပ်၄၇၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ကျပ် ၄၅၀ (တစ်တန် ကျပ် ၂၇၅၅၇၀) ဈေးကျခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၄၉၃၅၂၅၁ ပိဿာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၄၃၅၃၆၀၀ပိဿာရှိခဲ့ပြီး အရောင်းအဝယ်လည်း နည်းခဲ့ပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှ မူဆယ်အထိ ပြောင်းတစ်ပိဿာ ၃၀ ကျပ်ရှိပြီး အတက်အကျမရှိကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းဈေးကျနေပြီး အရောင်းအဝယ်အေးနေ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းတို့ဈေးကျနေပြီး အရောင်းအဝယ်လည်း အေးနေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းလုံးကြီး တစ်ပိဿာ ၁၄၂၀ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၃၆၈ ကျပ် (တစ်တန်ကျပ် ၈၃၇၇၄၀) နဲ့ ဈေးကျခဲ့ပါတယ်။ မန္တလေးဝယ်လက်က ပဲတီစိမ်းလုံးကြီးကို လိုသလောက်ပဲ ရွေးချယ်ဝယ်ယူသလို အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၇၂၅ကျပ် ဈေးရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၇၀၀(တစ်တန်ကျပ် ၄၂၈၆၇၀) ထိ ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို မြို့ခံပဲခွဲစက်များက ဝယ်ယူချင်ပေမယ့်လည်း အရောင်းနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ကျပ်၅၀၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတစ်ပိဿာ ၄၈၅ကျပ် (တစ်တန်ကျပ် ၂၉၇၀၀၀) ထိ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရောင်းလိုအားများနေပေမယ့် ဝယ်လက်မရှိတာကြောင့် အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ကျပ်၂၄၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့တစ်ပိဿာ ၂၅၃၃ကျပ် (တစ်တန်ကျပ် ၁၅၅၁၁၈၀)နဲ့ ဈေးမြင့် နေခဲ့သော်လည်း နယ်အဝင်နည်းနေခဲ့လို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ မြေပဲလုံးဆန် တစ်ပိဿာ ကျပ်၂၄၀၀ (တစ်တန် ကျပ် ၁၄၆၉၇၃၀)ပေါက်ဈေးရှိခဲ့ပြီး အရောင်းအဝယ်သွက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲမျိုးစုံနဲ့ အစေ့ထုတ်ပြောင်း ဈေးပြန်ကျလာ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ ပဲတီစိမ်း(အညာရွှေဝါ)၊ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးပြန်ကျလာကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၉၆၇ကျပ် ပေါက်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၇၅၀ ကျပ် (တစ်တန် ကျပ် ၄၅၉၂၉၀) ထိဈေးပြန်ကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၆၁၇ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၅၀၀ ကျပ် (တစ်တန် ကျပ် ၃၀၆၁၉၀)ထိ ဈေးပြန်ကျခဲ့ပြီး ဝယ်လက်ကုန်သည်တွေက ဝယ်ယူမှုနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း (အညာ)ရွှေဝါ တစ်ပိဿာ ၁၄၅၈ ကျပ် ဈေးရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၄၂၂ကျပ် (တစ်တန်ကျပ် ၈၇၀၈၁၀)နဲ့ ဈေးပြန်ကျခဲ့ပါတယ်။ ပဲတီစိမ်း (အညာ)ရွှေဝါကို ပုံမှန်ဝယ်ယူနေတဲ့ တရုတ်သို့တင်ပို့သူများက ဝယ်လိုအားနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၈၄၄ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၈၂၂ကျပ် (တစ်တန် ၁၇၂၈၁၆၀) ဈေးပြန်ကျခဲ့ပေမယ့် အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။ ဒါပေမယ့် ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိဿာ ကျပ်၂၆၀၀ရှိခဲ့ရာမှ ယခု တစ်ပတ်မှာ တစ်ပိဿာ ၂၂၂၂ ကျပ် (တစ်တန်ကျပ် ၁၃၆၀၇၃၀) အထိ ဈေးပြန်ကျခဲ့ပြီး တရုတ်ဝယ်လက်တွေက ဝယ်ယူမှုနည်းခဲ့လို့အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်တွေနဲ့ အစာစပ်လုပ်ငန်းရှင်တွေက ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းလည်း ယခင်တစ်ပတ်က တစ်ပိဿာ၄၂၆ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ၄၁၇ကျပ် (တစ်တန် ကျပ် ၂၅၅၃၆၀)ထိဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းနှင့် ပဲစင်းငုံနီတို့ ဈေးကျဆင်းနေပြီး မတ်ပဲဈေးအနည်းငယ်ပြန်တက်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပြည်ပပို့ကုန်ပဲများ အနက် ပဲတီစိမ်းနဲ့ ပဲစင်းငုံနီတို့ ဈေးကျဆင်းနေပြီး မတ်ပဲဈေးကတော့ အနည်းငယ်ပြန်တက်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ကျပ် ၁၄၂၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ်၁၃၇၀ (တစ်တန်ကျပ် ၈၃၈၉၇၀) အထိ ဈေးကျဆင်းခဲ့ပါတယ်။ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ်၅၀၀ ဈေးရှိခဲ့ရာက ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၄၅၀ (တစ်တန် ကျပ် ၂၇၅၅၇၀) အထိ ဈေးပြန်ကျခဲ့ကြောင်း သိရပါတယ်။ သို့သော်ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၇၃၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၇၅၀ကျပ်(တစ်တန်ကျပ် ၄၅၉၂၉၀)အထိ ဈေး အနည်းငယ် တက်လာခဲ့ပါတယ်။ နှမ်းရောင်စုံဈေးကွက် မှာတော့ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ကျပ်၂၈၀၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၇၄၅ကျပ်(တစ်တန်၁၆၈၁၀၀၀ကျပ်)၊ ယခင်တစ်ပတ်က နှမ်းဖြူထိပ်စ တစ်ပိဿာ ကျပ် ၂၇၅၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၆၃၅(တစ်တန်ကျပ် ၁၆၁၃၆၄၀)၊ ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုး တစ်ပိဿာ ကျပ် ၂၈၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၇၃၅ကျပ် (တစ်တန် ကျပ် ၁၆၇၄၈၈၀)၊ နှမ်းနီတစ်ပိဿာ ၂၃၅၀ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၃၃၅ကျပ် (တစ်တန်ကျပ် ၁၄၂၉၉၃၀) နဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေး အနည်းငယ်တက်လာပြီး ကုလားပဲဟော်လန်ဈေးပြန်ကျလာ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေး အနည်းငယ်တက်လာပြီး ကုလားပဲဟော်လန်ဈေးပြန်ကျလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဟော်လန် တစ်ပိဿာ ကျပ် ၂၂၅၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ၂၀၂၅ ကျပ် (တစ်တန်ကျပ် ၁၂၄၀၀၈၀) ထိ ဈေးအကျကြမ်းခဲ့သော်လည်း မြို့ခံပဲခွဲစက်များက ပုံမှန်ဝယ်ယူနေခဲ့လို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကလည်း ယခင်တစ်ပတ်အထိ တစ်ပိဿာ ၁၃၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၃၂၅ကျပ် (တစ်တန်ကျပ် ၈၁၁၄၆၀) အထိ ဈေးအနည်းငယ်တက်လာခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းက မန္တလေးဝယ်လက်ရှိနေတာကြောင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ဈေးကွက်ထဲမှာ မရှိတော့ဘူးလို့ သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် နှမ်းနက်ရိုးရိုးက ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ကျပ် ၂၁၁၀ (တစ်တန် ကျပ်၁၂၉၂၁၄၀) နဲ့ ဆက်ရှိနေခဲ့ပါတယ်။ နှမ်းနီကတော့ ယခင်တစ်ပတ်ကအတိုင်းပဲ တစ်ပိဿာ ၂၁၈၀ကျပ် (တစ်တန် ကျပ် ၁၃၃၅၀၀၀)ထိ ဈေးရှိခဲ့ပြီး ဝယ်လိုအားနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၇၆၀ဈေးရှိနေခဲ့တဲ့ သိပ္ပံနှမ်းနက်ကတော့ အခုတစ်ပတ်မှာ ဈေးပြန်ကျခဲ့ပြီး တစ်ပိဿာ ကျပ် ၂၆၉၀ (တစ်တန် ကျပ် ၁၆၄၇၃၂၀) ရှိခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်နဲ့ နှမ်းနက်ကို မန္တလေးဝယ်လက်က ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးကောင်းနေပြီး အရောင်းအဝယ်ပုံမှန်ဖြစ်နေ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးတက်နေပြီး အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ကအစေ့ထုတ်ပြောင်း ၅၀ ကီလိုဂရမ်တစ်အိတ်ကို မြန်မာဘက်ကမ်းတွင် ၆၉ ယွမ်မှ ရွှေလီဘက်ကမ်းတွင် ၇၅ ယွမ် ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ မြန်မာဘက်ကမ်းတွင် ၇၅ ယွမ်မှ ရွှေလီဘက်ကမ်းတွင် ၈၂ယွမ် အထိ ဈေးမြင့်တက်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ကတော့ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း တန်ချိန် ၂၃၄၅၆ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာလည်း တန်ချိန် ၂၀၀၀၀ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ငွေလဲနှုန်းအနေအထားကတော့ တစ်ယွမ်ကို မြန်မာငွေ ၂၀၄ကျပ်အထိပေါက်ဈေးရှိခဲ့ပြီး ယခင် တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ရင်တော့ အတက်အကျမရှိကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကောင်းရပြီး အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ FAQ (RC)၊ မတ်ပဲ SQ(RC) နဲ့ ပဲစင်းငုံနီတို့ ဈေးကောင်းရနေပြီး ပြည်ပဝယ်လက်ကုမ္ပဏီများက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန် ကျပ် ၄၇၈၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၄၉၀၀၀၀အထိ၊ မတ်ပဲ SQ(RC) ကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၆၀၀၀၀၀ အထိရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၆၉၃၀၀၀ ထိ ဈေးပြန်တက်လာခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၃၂၅၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၃၃၀၀၀၀ နဲ့ ဈေးပြန်တက်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ မတ်ပဲ FAQ (RC) တစ်တန်ကို ကျပ် ၁၂၀၀၀၊ မတ်ပဲ SQ(RC) တစ်တန်ကို ကျပ် ၉၃၀၀၀ ၊ ပဲစင်းငုံနီတစ်တန်ကို ကျပ် ၅၀၀၀ စသည်ဖြင့် ဈေးရခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးပြန်တက်လာပြီး အစေ့ထုတ်ပြောင်း ကုန်ပစ္စည်းပြတ်လပ်

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေး ပြန်တက်လာခဲ့ပြီး အစေ့ထုတ်ပြောင်းကတော့ ကုန်လက်ကျန်မရှိတော့ဘူးလို့ သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၇၇၅ ကျပ်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၈၂၅ ကျပ် (တစ်တန် ကျပ်၄၇၄၆၀၀) အထိ ဈေးပြန်တက်လာခဲ့သလို ယခုတစ်ပတ်အတွင်း နယ်ခံကုန်သည်နဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူမှုများခဲ့လို့ အရောင်းအဝယ်ဖြစ်မှုလည်းများလာခဲ့ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းကတော့ ဈေးကွက်အတွင်း ကုန်ပစ္စည်းမရှိတော့လို့ အရောင်းအဝယ်မဖြစ်တော့ကြောင်း သိရပါတယ်။

# မုံရွာမြို့တွင် ပဲစားပွဲတော်များ စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပဲစင်းငုံကို အများဆုံးစိုက်ပျိုးထုတ်လုပ်ပြီး မုံရွာကုန်စည်ဒိုင်မှ ကုန်သည်များမှာလည်း ပဲစင်းငုံကို ရန်ကုန် (Export) ဝယ်လက်နှင့်ချိတ်ဆက်၍ နှစ်စဉ်အရောင်းအဝယ် ပြုလုပ်လျက်ရှိပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၅ ရက်က အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံဝယ်ယူရေးမူဝါဒ ပြောင်းလဲမှုကြောင့် မုံရွာကုန်စည်ဒိုင်မှကုန်သည်၊ ပွဲစားများ၏ လက်ထဲမှာ ပဲစင်းငုံလက်ကျန် အနည်းနှင့်အများ ကျန်ရှိခဲ့ကြောင်း သိရပါသည်။

ပြည်တွင်းတွင် ကျန်ရှိနေသည့် လက်ကျန်ပဲများကို ဒေသတွင်း စားသုံးမှုပိုမိုတိုးမြှင့်နိုင်ရန်အတွက် မုံရွာကုန်စည်ဒိုင်မှ ပဲကုန်သည်တစ်ဦးက နိုဝင်ဘာလ ပထမပတ်မှ ဒုတိယပတ်အထိ ပဲစင်းငုံနှင့် ချက်ပြုတ်ထားသည့် ပဲကုလားဟင်းကို ကုန်စည်ဒိုင်သို့ ယူဆောင်လာပြီး ကုန်သည်များကို ပလာတာ၊ ထပ်တရာများနှင့် တွဲဖက်စားသောက်စေခဲ့ကြောင်း သိရပါသည်။ ကုန်သည်များမှလည်း ပဲစင်းငုံ၏ အရသာကောင်းမွန်ကြောင်းကို စားသောက်ပြီး ထောက်ခံပြောဆိုခဲ့ကြောင်း သိရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အများဆုံးစိုက်ပျိုးပြီး တင်ပို့ရောင်းချလျက်ရှိသော ပဲစင်းငုံသီးနှံ ဈေးနှုန်းများ ကျဆင်းလျက်ရှိရာ တစ်ပိုင်တစ်နိုင် ဆယ်တင်နိုင်ရေး စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူ ရေးရာဦးစီးဌာနနှင့် မုံရွာကုန်စည်ဒိုင်မှ တာဝန်ရှိသူများသည် အောက်တိုဘာ ၁၄ ရက်က မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီးဝင်းအတွင်းရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံညှိနှိုင်းခဲ့ကြောင်း သိရပါသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မုံရွာကုန်စည်ဒိုင် နာယက ဦးတင်အောင်က ‘အရင်တုန်းကတော့ ပဲစင်းငုံကို ကြာဆန်စက်လောက်ပဲသုံးပါတယ်။ နောက်ပိုင်းမှာ အိန္ဒိယနိုင်ငံက ပဲစင်းငုံကို အသုံးများတဲ့အတွက် ပြည်တွင်းဈေးနှုန်းတွေ မြင့်တက်လာပါတယ်။ ယခုအဲဒီပဲမျိုးတွေကို တင်သွင်းခွင့်ကန့်သတ်လိုက်တာကြောင့် ဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ပါတယ်။ ကုလားပဲတစ်ပိဿာကို ငွေကျပ် ၃၀၀၀ လောက်ရှိပါတယ်။ ပဲစင်းငုံခြမ်း တစ်ပိဿာကို ငွေကျပ်၁၂၀၀ လောက်ပဲရှိပါတယ်။ အဲဒီလိုဈေးကွာခြားချက်ကို စားသုံးသူများ သိလာလျှင် ဝယ်ယူစားသုံးနိုင်မည်ဆိုလျှင် ထိုက်သင့်အားလျော်စွာ အဆင်ပြေနိုင်ပါတယ်။ မန္တလေးနဲ့ မုံရွာမြို့တွေမှာ လုပ်နေတဲ့ ပဲလမုန့်၊ ပဲကိတ်တွေမှာ အစားထိုး အသုံးပြုမယ်ဆိုပါက သုံးစွဲသူတွေလည်း ဈေးနှုန်းသက်သာမယ်။ ယခုလိုပဲဈေးနှုန်းနိမ့်ကျမှုကိုလည်း ဆယ်တင်ရာရောက်သလို စားသုံးသူတွေကိုလည်း ထိခိုက်မှုမရှိနိုင်ပါဘူး။ နိုင်ငံခြားဈေးကွက် ကို အားကိုးနေရတဲ့အခြေအနေလည်း လျော့နည်းသွားမယ်လို့ ထင်ပါတယ်’ဟု ပြောကြားခဲ့သည်။

ခုနစ်ရက်တာ ကျင်းပပြုလုပ်သည့် ဆုတောင်းပြည့်ဘုရားပွဲကြီး ပွဲတော်ရက်အတွင်း ကုန်သည်များကကြီးမှူး၍ ပဲစင်းငုံသီးစုံဟင်းဖြင့် စတုဒိသာ ချက်ပြုတ်ကျွေးမွေးခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာနမှလည်း ပဲအမျိုးအစား(၇)မျိုး၏ အာဟာရဓာတ်နှင့် ပဲသုံးမျိုးဖြင့် ချက်ပြုတ်နိုင်သောဟင်းလျာပန်းဖလက်များအား ဝေငှခဲ့ကြောင်း သိရှိရပါသည်။

ထို့ပြင် အောက်တိုဘာ ၂၆ ရက်က မုံရွာကုန်စည်ဒိုင်၏ နှစ်စဉ်ထာဝရကျင်းပပြုလုပ်မြဲဖြစ်သည့် စုပေါင်းကထိန်ပွဲတွင်လည်း ပဲစင်းငုံသီးစုံဟင်းဖြင့် ကထိန်ပွဲတက်ရောက်လာသည့် အသင်းသူ၊ အသင်းသားများ၊ ဧည့်သည်တော်များအား ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရှိရပါသည်။

**အောင်မင်း(တန့်ဆည်)**

# ပဲခူးတိုင်းဒေသကြီးကုန်စည်ဒိုင်ဖွဲ့စည်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးကုန်စည်ဒိုင် ဖွဲ့စည်းခြင်း အခမ်းအနားကို အောက်တိုဘာ ၂၆ ရက်တွင် ပဲခူးမြို့၊ ရှင်စောပုခန်းမ၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးညွန့်ရွှေ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်း (ဗဟို) မှ ဦးသောင်းဝင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ပဲခူးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးကြည်ထွန်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဆန်စပါးရောင်းဝယ် ဖောက်ကားသည့် ကုန်သည်လုပ်ငန်းရှင်များ၊ ဆန်စက်ပိုင်ရှင်များ စုစုပေါင်းအင်အား ၁၄၈ ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ယင်းနောက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်း(ဗဟို) မှ ဦးသောင်းဝင်းတို့က ကုန်စည်ဒိုင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ ကုန်စည်ဒိုင်နှင့်ပတ်သက်၍ ဆောင်ရွက်သင့်သည်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ကုန်စည်ဒိုင် ဖွဲ့စည်းပုံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကုန်စည်ဒိုင်ဖွဲ့စည်းခြင်းအခမ်းအနားကို ဆက်လက်ဆောင်ရွက်ရာ ဥက္ကဋ္ဌအဖြစ် ဦးကြည်ထွန်း အပါအဝင် ဗဟိုအလုပ်အမှုဆောင် ၃၁ ဦးဖြင့် ဖွဲ့စည်းနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**သိန်းဌေး (ပဲခူး)**

## စာမျက်နှာ (၃) ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ...... မှအဆက်

ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်ပါသည်။ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Trade Development Programme-TDP) သည် လတ်တလော ဆောင်ရွက်နေသည့် ကုန်သွယ်မှုကဏ္ဍပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များသာမက နိုင်ငံတစ်ဝန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအတွက်ပါ များစွာ အထောက်အကူပြုသည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုမိတ်အဖွဲ့အစည်းများနှင့် အကျိုးခံစားခွင့်ရသော ဝန်ကြီးဌာနများအားလုံး အတူတကွ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြသည့်အတွက် များစွာကျေနပ်မိပါကြောင်း စီမံကိန်းကော်မတီ ဥက္ကဋ္ဌဖြစ်သူ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် ပြီးခဲ့သည့် ခြောက်လအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ စီမံကိန်းတွင်ပါဝင်သည့် အကျိုးခံစားခွင့်ရ ဌာနများတွင် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများ၊ အင်္ဂလိပ်စာသင်တန်းများ၊ Advanced level HS code classification ဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ပို့ချပေးခဲ့ပါကြောင်း၊ Trade Law ရေးဆွဲခြင်းတွင် ဥပဒေဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အကြံဉာဏ်များပေးခြင်း၊ နည်းပညာဆိုင်ရာ အထောက်အပံ့များပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း သိရှိရပါသည်။ တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များမှလည်း စီမံကိန်း၏ အဓိကကဏ္ဍကြီး လေးရပ်ဖြစ်သည့် ကုန်သွယ်မှုပြုပြင်ပြောင်းလဲခြင်း၊ ကုန်သွယ်မှုလွယ်ကူ ချောမွေ့စေခြင်း၊ အစားအသောက် ဘေးကင်းလုံခြုံမှုနှင့် အပင်၊ လူနှင့် တိရစ္ဆာန်တို့အတွက် ပိုးမွှားကင်းစင် ကျန်းမာသန့်ရှင်းစေခြင်းနှင့် အမျိုးသား အဆင့်အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ခြင်း စသည့်ကဏ္ဍများအောက်တွင် ဆောင်ရွက်ခဲ့သောလုပ်ငန်းစဉ်များအား ပြန်လည်သုံးသပ်ခြင်း၊ နောင်စီမံကိန်းကာလတွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရင်းရင်းနှီးနှီး ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။ ထို့ပြင် TDP စီမံကိန်းမှ ကုန်သွယ်ရေးဦးစီးဌာနအတွက် IT သင်တန်းတွင် အသုံးပြုရန် သင်ထောက်ကူပစ္စည်း အထောက်အပံ့များအဖြစ် desktop computers အလုံး ၅၀ နှင့် ဆက်စပ်ပစ္စည်းများပေးအပ်ရန် စီစဉ်လျက်ရှိကြောင်းကိုလည်း ဆွေးနွေးပွဲတွင် အသိပေးပြောကြားခဲ့ပါသည်။

စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အကဲဖြတ်ရေးအဖွဲ့၏ ကာလလတ် အစီရင်ခံစာရလဒ်များအရ မြန်မာနိုင်ငံအတွက် ကုန်သွယ်မှုနှင့် ဆက်စပ်လျက်ရှိသော နည်းပညာဆိုင်ရာ အထောက်အပံ့ပေးမည့် သုံးနှစ်ကြာစီမံကိန်းသစ်အားချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်သွယ်မှု မူဝါဒနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ အစားအသောက် ဘေးကင်းလုံခြုံရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဟူ၍ အဓိကမဏ္ဍိုင်ကြီး သုံးခုဖြင့်ဆောင်ရွက်သွားရန် လျာထားကြောင်းသိရှိရပါသည်။ အဆိုပါ စီမံကိန်းအသစ်သည် TDP စီမံကိန်းတွင် ကြုံတွေ့ရသော အတွေ့အကြုံများကို အခြေခံကာ ဆောင်ရွက်သွားမည်ဖြစ်ပြီး အာဆီယံ အဖွဲ့အစည်းများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ ဥရောပသမဂ္ဂမှ ထောက်ပံ့ပေးမည့်ဒေသတွင်း အစီအစဉ်တစ်ခုကိုလည်း EU က ဆက်လက်အကောင်အထည် ဖော်သွားမည်ဖြစ်ကြောင်း အသိပေးဆွေးနွေးခဲ့ပါသည်။

အစိုးရနှင့် ပုဂ္ဂလိကနှစ်ရပ်လုံးတွင် ကုန်သွယ်မှုမူဝါဒ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Trade Development Programme-TDP) ၏ စီမံကိန်းကာလ သုံးပုံနှစ်ပုံအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များ၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် စပ်လျဉ်း၍ ပံ့ပိုးပေးသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ အကျိုးခံစားခွင့်ရသည့် သက်ဆိုင်ရာဌာနများမှ စီမံကိန်း၏ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် ကျေနပ်အားရမှုရှိကြောင်း အစည်းအဝေးတက်ရောက်လာသူများက သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။

KMMK (WTO)

### Commerce ကာတွန်း



## တရုတ်နိုင်ငံသို့ ပျားရည်တင်ပို့

အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၀၅၀၀ တန်ဖိုးရှိ ပျားရည် ၁၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ဩဂုတ်နဲ့ စက်တင်ဘာလများတွင် ပျားရည်တင်ပို့မှုမရှိဘဲ ဇူလိုင်နောက်ဆုံးပတ်က တန် ၅၀ နီးပါးတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်းများကို တောင်ကြီး၊ အောင်ပန်း၊ ပြင်ဦးလွင်၊ နောင်ချို၊ ကျောက်မဲနဲ့ မန္တလေးတိုင်းဒေသကြီးအတွင်း အများဆုံးလုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ပြင်ဦးလွင်၊ ပုသိမ်ကြီး၊ စဉ့်ကိုင်၊ ပျော်ဘွယ်နဲ့ ကျောက်ပန်းတောင်းမြို့နယ်များတွင် ပျားမွေးမြူရေးလုပ်ငန်းများ တွင်ကျယ်စွာလုပ်ကိုင်ကြပြီး ပျားမွေးမြူရေးဦးစီးဌာနမှလည်း ပုဂ္ဂလိက ပျားမွေးမြူလိုသူများကို ပျားအုံများရောင်းချပေးကာ လိုအပ်တဲ့နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြောင်း ပျားမွေးမြူရေးဦးစီးဌာနမှ သိရပါတယ်။

**မော်မော်အောင်**

## တရုတ်နိုင်ငံသို့ ဝါဂွမ်းနဲ့ ပိုးအိမ်ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၇၂၇၀၀ တန်ဖိုးရှိ ငွေချည်-၆ ဝါ ၇၈ တန်ခွဲနဲ့ အမေရိကန်ဒေါ်လာ ၄၂၀၀၀ တန်ဖိုးရှိ ပိုးအိမ် ၁၂ တန်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ဝါဂွမ်းတန် ၈၀ နဲ့ ပိုးအိမ် ၈ တန် တင်ပို့ခဲ့တဲ့အတွက် တရုတ်နိုင်ငံသို့ ဝါဂွမ်းနဲ့ ပိုးအိမ်ပုံမှန်တင်ပို့မှုရှိတာ တွေ့ရပါတယ်။

တရုတ်နိုင်ငံက ယခုလိုပုံမှန်ဝယ်ယူမှုကြောင့် ဝါစိုက်တောင်သူတွေအတွက် အခြေအနေကောင်းလာကြောင်း၊ ဝါကို ကန်ရေသွင်းပြီး စိုက်ပျိုးရကြောင်း၊ ဝါဈေးမှာလည်း အတက်အကျရှိကြောင်း တံတားဦးမြို့နယ်မှ ဝါစိုက်တောင်သူ တစ်ဦးက ပြောကြားခဲ့ပါတယ်။

**မော်မော်အောင်**

## မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဝဥခြောက် တန် ၅၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၀၂ သန်းတန်ဖိုးရှိ ဝဥခြောက် ၅၅ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ဝဥပင်ဟာ ဇွန်၊ ဇူလိုင်မှာ စတင်ပေါ်ကာ နိုဝင်ဘာနဲ့ ဒီဇင်ဘာမှာ ရာသီကုန်ကြောင်း၊ တရုတ်နိုင်ငံမှာ တရုတ်ရိုးရာတိုင်းရင်းဆေး ဖော်စပ်ဖို့ ကုန်ကြမ်းအနေနဲ့ရော စားသောက်ကုန်လုပ်ငန်းတွေမှာပါ အသုံးပြုကြကြောင်း၊ ဝဥကို ပြည်တွင်းမှာ စားသုံးမှုနည်းပေမယ့် ပြည်ပနိုင်ငံတွေမှာ တန်ဖိုးကြီး အစားအသောက်အဖြစ် ပြုလုပ်စားသောက်လေ့ရှိရာ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံနဲ့ မလေးရှားနိုင်ငံတွေသို့ တင်ပို့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## မြန်မာထိုင်းနယ်စပ်မှ ရေထွက်ကုန်များပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်ထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၂၉ သန်းတန်ဖိုးရှိ ရေထွက်ကုန်မျိုးစုံ ၅၇၈၆ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ၄၉၉၈ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၈၈ တန်ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် လျော့နည်းတင်ပို့ခဲ့ပေမယ့် မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်ပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၉၃ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်နဲ့အခြား ရေထွက်ကုန်တို့ကို ၁၅၄ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၁၁ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ကဏန်း၊ ရေဘဝဲ၊ အခြားရေထွက်ကုန်၊ ပင်လယ်ငါးရှဉ့်တို့ကို ၃၆၁၃ တန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၂၅ သန်းတန်ဖိုးရှိ မွေးပုစွန်၊ ရေချိုပုစွန်၊ ကင်းမွန်၊ ကင်းမွန်(လိပ်)၊ သဲကဏန်း၊ ငါးမှုန့်၊ ငါးမျိုးစုံတို့ကို ၂၀၁၈ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## နယ်စပ်စခန်းစုံမှ လက်ဖက်ခြောက်တင်ပို့

အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၈၁၃၈ တန်ဖိုးရှိ လက်ဖက်ခြောက် ၂၆ တန်ကိုလည်းကောင်း၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၀၂၈ တန်ဖိုးရှိ လက်ဖက်ခြောက် ၆ တန်ခွဲကိုလည်းကောင်း တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၁၉၄၇ တန်ဖိုးရှိ လက်ဖက်ခြောက် တန် ၃၀ ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က ချင်းရွှေဟော်မှ လက်ဖက်ခြောက် တင်ပို့မှုမရှိဘဲ မူဆယ်မှ ၂၉ တန်နဲ့ တာချီလိတ်မှ တန် ၇၀ ကျော် တင်ပို့ခဲ့တာ တွေ့ရပါတယ်။

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့တွင် လက်ဖက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး လက်ဖက်ကို တန်ခူး၊ ကဆုန်လတွေမှာ လှိုင်လှိုင်ခူးရကြောင်း၊ လက်ဖက်စို ငါးပိဿာ ခူးဆွတ်မှသာ လက်ဖက်ခြောက် တစ်ပိဿာလောက်ရရှိကြောင်း၊ မိုးကုတ်တွင် အူလုံမျိုးနဲ့ဒေသမျိုးရှိပြီး လက်ဖက်အမျိုးအစား နှစ်မျိုးသာ စိုက်ပျိုးကြကြောင်း၊ ဒီလက်ဖက်မျိုးတွေက အခါးဓာတ်များတော့ လက်ဖက်ခြောက်လုပ်ရောင်းကြကြောင်း မိုးကုတ်မြို့နယ်မှ လက်ဖက်စိုက်တောင်သူတစ်ဦးထံမှ သိရပါတယ်။

**မော်မော်အောင်**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးပိုမိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာ ၁၄ ရက် မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၅ သန်းတန်ဖိုးရှိ ရေချိုငါးမြစ်ချင်းနဲ့ ငါးခေါင်းပွတို့ကို ၁၃၈ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၁၃၀ ခန့်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ရှစ်တန်ခန့် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၀ သန်းတန်ဖိုးရှိ ငါးမြစ်ချင်း ၁၃၅ တန်နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်းတန်ဖိုးရှိ ငါးခေါင်းပွ သုံးတန်တို့ကို ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးများအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၆၉ သန်းတန်ဖိုးရှိ ဧည့်မထ ၂၅ မှတ်ဆန်၊ မန်ကျည်းစေ့၊ ဆီးသီးခြောက်၊ ဆီးဖတ်၊ မတ်ပဲ၊ သစ်ခေါက်၊ ငါးနီတူခြောက်၊ ဆီးယိုထုပ်တို့ကို ၁၂၇၂ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ပြည်တွင်းသို့ ဆိုင်ကယ်မျိုးစုံ တစ်သောင်းကျော်တင်သွင်း

ကုန်သွယ်ရေးဇုန်များနဲ့ ကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၇၈ သန်း တန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံကို ၁၀၅၈၉ စီး တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၆၀၀ စီးသာ တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၉၈၉ စီး ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ် အများအပြား တင်သွင်းခဲ့တာကြောင့် ယခုလိုပိုမိုရခြင်း ဖြစ်ပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၂၉ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၉၂၇၉ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၄ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၂၀ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၁၂ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၁၇၀ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၃ သန်း တန်ဖိုးရှိ ဆိုင်ကယ်အစီး ၂၀ တို့ကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း အမယ်စုံတင်ပို့

အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၄၃ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် (၁၄) မျိုး၊ တန်ချိန်အားဖြင့် ၅၅၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၁၃၀ ကျော်နဲ့ နှိုင်းယှဉ်ပါက ၄၂၉ တန် ပိုမိုတင်ပို့တာ တွေ့ရပါတယ်။

ယခုတစ်ပတ် တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ နနွင်းတက်၊ တောချင်း၊ ချင်းခြောက်၊ ဝဥခြောက်၊ ဒရင်ကောက်မြစ်၊ တောဂျုံးမြစ်၊ မာလာဥ၊ မာလာဥခေါင်း၊ ဆီးဆန်နဲ့ ချဉ်ပေါင်ဖာလာ (အခွံပါ/မပါ) တို့ဖြစ်ပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၂၉၁၀ တန်ဖိုးရှိ ဆီးဖြူသီးခြောက် ၅ တန်နီးပါးကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၂ သန်း တန်ဖိုးရှိတောင်လုံးကျော် တစ်တန်ကျော်ကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှု ကျဆင်း

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာ ၁၄ ရက် မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၉ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၂၁ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၄၃၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၁၃ တန်လျော့နည်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းရော ရိဒ်ကုန်သွယ်ရေးစခန်းကပါ တင်ပို့မှုလျော့နည်းခဲ့တဲ့အတွက် ယခုလို တင်ပို့မှု ကျဆင်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၉၂ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၁၃ တန်နဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၇ သန်းတန်ဖိုးရှိ ကွမ်းသီးခုနစ်တန်ခန့်ကို တင်ပို့ခဲ့ပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၁၆ သန်းတန်ဖိုးရှိ နန့်ဖာလိုကုန်စုံ၊ စီးကရက် ၄၅ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄၅ သန်းတန်ဖိုးရှိ မုန့်မျိုးစုံ၊ စီးကရက်၊ ပလပ်စတစ်၊ မတီရှပ်၊ ကလေးအဝတ်၊ စောင်တို့ကို ၁၄၃ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# အရေအတွက်မှသည် ဈေးကွက်ဝင် အရည်အသွေးမြင့်

# ထုတ်ကုန်နှင့် ဝန်ဆောင်မှုများဆီသို့

မျိုးသီတာ(မြင်းခြံ)

ကျွန်မတို့ မြန်မာနိုင်ငံမှာ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀ နဲ့ အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ ဒီစားသုံးသူအကာအကွယ်ပေးရေးဥပဒေမှာ စားသုံးသူရဲ့အခွင့်အရေးနဲ့ တာဝန်တွေရှိသလို စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အခွင့်အရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုတွေအပြင် ရှောင်ကြဉ်ရမယ့် တားမြစ်ချက်များကိုလည်း လိုက်နာကျင့်သုံးကြဖို့လိုပါတယ်။ ဒီစားသုံးသူအကာအကွယ်ပေးရေးဥပဒေဟာ ထုတ်လုပ်သူတွေကိုဖိနှိပ်ပြီး စားသုံးသူတွေကို တစ်ဖက်သတ်အကာအကွယ်ပေးတဲ့ ဥပဒေမဟုတ်ပါဘူး။ ဒီဥပဒေရဲ့ အဓိကအနှစ်သာရက စားသုံးသူတွေကိုလည်းအပြည့်အဝအကာအကွယ်ပေးပြီး နိုင်ငံ၏ ထုတ်လုပ်မှုစွမ်းရည်ကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးတဲ့ ဥပဒေဖြစ်ပါတယ်။

ဒီလိုပြည်တွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ကိုယ်ထုတ်လုပ်ရောင်းချတဲ့ ထုတ်ကုန်နဲ့ ဝန်ဆောင်မှုတွေဟာအရေအတွက် သာမက အရည်အသွေး၊ စံချိန်စံညွှန်းအဆင့်မီမီနဲ့ ဘေးဥပဒ်အန္တရာယ်လည်း ကင်းရှင်းပြီး ကျန်းမာရေးနဲ့ ညီညွတ်၍ လုံခြုံစိတ်ချရတဲ့ ထုတ်ကုန်တွေဖြစ်ဖို့ လိုအပ်သလို စိတ်ကျေနပ်ဖွယ်ကောင်းတဲ့ ဝန်ဆောင်မှုတွေဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ဒါမှသာလျှင်မိမိထုတ်လုပ်တဲ့ ထုတ်ကုန်နဲ့ ဝန်ဆောင်မှုဟာ Customer ရဲ့ ယုံကြည်စိတ်ချမှုကိုရရှိပြီး ပြည်တွင်းဈေးကွက်မှာလည်း ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်မှာဖြစ်သလို ပြည်ပဈေးကွက်ကိုလည်း အရည်အသွေးအဆင့်မီတဲ့ ထုတ်ကုန်များအဖြစ် ဈေးကွက်ထိုးဖောက်ချဲ့ထွင်နိုင်ပြီး စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

ဤသို့ အရည်အသွေးမြင့် ကုန်စည်တွေ၊ ဝန်ဆောင်မှုတွေနဲ့ မိမိပြည်တွင်းမှာသာမက နိုင်ငံတကာဈေးကွက်သို့ထိုးဖောက်ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့အတွက် မန္တလေးတိုင်းဒေသကြီးမှ လုပ်ငန်းရှင်များ၊ ကုန်ထုတ်လုပ်သည့်စီးပွားရေးလုပ်ငန်းရှင်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းရှင်များ၊ ဝန်ဆောင်မှုလုပ်ငန်းရှင်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ မုန့်လုပ်ငန်းရှင်များ၊ ယိုစုံလုပ်ငန်းရှင်များ၊ လက်ဖက်ရည်ဆိုင်ပိုင်ရှင်များ၊ သောက်ရေသန့်လုပ်ငန်းရှင်များ၊ ဆီလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့၊ အစုအဖွဲ့များနှင့် ဌာနဆိုင်ရာများ တက်ရောက်သည့် **“ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များမှ ကောင်းမွန်၍အရည်အသွေးတန်ဖိုးမြှင့်တင်နိုင်သော လုပ်ငန်းများဖြစ်မြောက်ရေးဆီသို့”** အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်း၍ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ပြင်ဦးလွင်မြို့၌ လည်းကောင်း၊ **“အမျိုးသားရေးအမြင်ဖြင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဆီသို့”** အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး၊ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှကြီးမှူး၍ မန္တလေးမြို့၊ မြို့တော်ခန်းမ ၌ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင်လည်းကောင်း၊ USAID နှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် **“စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဝန်ဆောင်မှု”**အလုပ်ရုံဆွေးနွေးပွဲကို ပုဂံမြို့ရှိ Bagan Hotel တွင် ၂၀၁၇ ခုနှစ် ဇူလိုင်လ ၆ ရက်မှ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့ထိလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး၊ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်းကျင်းပသည့် **“သန့်ရှင်းပြီး အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များကို ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး”**အလုပ်ရုံဆွေးနွေးပွဲကို ညောင်ဦးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အနော်ရထာခန်းမ၌ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါတယ်။

ယခုလို အလုပ်ရုံဆွေးနွေးပွဲကြီးတွေကို ကျင်းပပြုလုပ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်တွေကစားသုံးသူများကိုလည်း အကာအကွယ်ပေးရုံမျှမက မိမိနိုင်ငံက လုပ်ငန်းရှင်တွေရဲ့ ကုန်ပစ္စည်းတွေ၊ ဝန်ဆောင်မှုတွေဟာ အရည်အသွေးမီမီ၊ အဆင့်အတန်းရှိရှိနဲ့ ပြည်တွင်းဈေးကွက်သာမက နိုင်ငံတကာဈေးကွက်မှာပါ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး၊ ဈေးကွက်ချဲ့ထွင်နိုင်ဖို့ဆိုတာ သိသာထင်ရှားပါတယ်။ ဒီလိုနိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်တဲ့ အရည်အသွေးပြည့်မီပြီး လုံခြုံစိတ်ချရတဲ့ ကုန်ပစ္စည်းနဲ့ အကောင်းဆုံးပေးနိုင်တဲ့ ဝန်ဆောင်မှုတွေတိုးတက်ထုတ်လုပ်နိုင်တာနဲ့အမျှ နိုင်ငံရဲ့ စီးပွားရေးမှာလည်း ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံမှာ ပထဝီအနေအထားအရ အင်အားကြီး နိုင်ငံနှစ်နိုင်ငံကြားမှာ ရှိနေတဲ့အတွက် ကြီးမားကျယ်ပြန့်တဲ့ ဈေးကွက်ကိုလည်း ရရှိထားပါတယ်။ သို့သော် ဈေးကွက်အနေအထားအရမိမိတို့ ထုတ်ကုန်များဟာ အရည်အသွေး၊ စံချိန်စံညွှန်းမမီလျှင် ပြည်တွင်းဈေးကွက်မှာတောင် ယှဉ်ပြိုင်နိုင်ဖို့ မလွယ်ပါဘူး။ တစ်ဖက်နိုင်ငံများမှလည်း ၎င်းနိုင်ငံများရဲ့အရည်အသွေး၊ စံချိန်စံညွှန်း၊ အလေးချိန် စသည့်စံသတ်မှတ်ချက်များနှင့် ကိုက်ညီတဲ့ ကုန်ပစ္စည်းများကိုသာ ဈေးကွက်အနေအထားအရ ဝယ်ယူမှာဖြစ်ပါတယ်။ ဒီလို အရည်အသွေးပြည့်မီတဲ့ ကုန်ပစ္စည်းတွေ ထုတ်လုပ်တင်ပို့ ရောင်းချနိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာစစ်ဆေးအတည်ပြုနိုင်တဲ့ စက်ကိရိယာပစ္စည်းများ၊ ဓာတ်ခွဲခန်းများ၊ အလွန်နည်းပါးနေတာကလည်း အားနည်းချက်တစ်ရပ် ဖြစ်နေပါတယ်။ နောက်အားနည်းချက်တစ်ခုကတော့ ကုန်ပစ္စည်းတစ်ခုဟာ ဈေးကွက်မှာဝယ်လိုအားများပြီး ဈေးကောင်းရပြီဆိုရင် အရည်အသွေးမမီသည့် အညံ့စားပစ္စည်းတွေရောနှော၊ တင်ပို့ရောင်းချတဲ့အတွက် ဈေးကွက်ပျောက်ခဲ့ကြရပါတယ်။

မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာဈေးကွက်သို့ ကုန်ပစ္စည်းများတင်ပို့ရန် ဈေးကွက်များရှိနေသော်လည်း အရည်အသွေး၊ စံချိန်စံညွှန်းများအားနည်းနေ၍သော် လည်းကောင်း၊ နောက်တစ်ချက်ကတော့ တူညီတဲ့အမျိုးအစား၊ လုံလောက်တဲ့အရေအတွက်၊ ပမာဏမရှိ၍သော် လည်းကောင်း၊ တင်ပို့ရောင်းချဖို့ အခက်အခဲများ ရှိနေပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ကလည်း နိုင်ငံတကာသို့တင်ပို့ရောင်းချနိုင်မယ့် အရည်အသွေးပြည့်မီတဲ့ ထုတ်ကုန်များ ရရှိနိုင်ရေးအတွက် ကျွမ်းကျင်လုပ်သားရှားပါးခြင်း၊ နည်းပညာများလိုအပ်ခြင်း၊ အရင်းအနှီး၊ ငွေကြေးများရရှိဖို့ကလည်းစိန်ခေါ်မှုတစ်ရပ်အနေနဲ့ ကြုံတွေ့နေရပါတယ်။

မိမိတို့နိုင်ငံဟာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဖြစ်တဲ့အတွက် နိုင်ငံပေါင်းစုံမှ တရားမဝင် ဝင်ရောက်လာတဲ့ ကုန်ပစ္စည်းအတု၊ ဆေးဝါးအတု၊ လူသုံးကုန်ပစ္စည်းအတုစသည့် အတုပေါင်းများစွာနဲ့ရင်ဆိုင်နေကြပါတယ်။ ဒါကို စီးပွားရေးလုပ်ငန်းရှင်တွေသာမက ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ပြည်သူများကပါ အမျိုးသားရေးအမြင်နဲ့ ဝိုင်းဝန်းကာကွယ်သွားကြဖို့လိုပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေကလည်း မိမိတို့ထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုတွေအပေါ်မှာ တာဝန်ယူမှု၊ တာဝန်ခံမှုတွေရှိဖို့လည်းလိုအပ်ပါတယ်။

စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ Product Labelling နှင့်ပတ်သက်ပြီးမိမိတို့ ကုန်ပစ္စည်းနဲ့သက်ဆိုင်တဲ့အချက်တွေကိုလည်း အထူးအလေးထားဆောင်ရွက်ရန် လိုအပ်သလိုမြန်မာဘာသာနဲ့ ဖြစ်စေ၊ မြန်မာဘာသာနှင့်အခြားဘာသာတစ်ခု၊ တစ်ခုထက်ပို၍ ရေးသားဖော်ပြရန်လည်းလိုအပ်ပါတယ်။ ဒ့ါအပြင် ပြည်တွင်းမှထုတ်လုပ်သည့် ပို့ကုန်ပစ္စည်းများအတွက် တင်ပို့သည့်နိုင်ငံ၏ ဘာသာစကားကိုလည်းထည့်သွင်းဖော်ပြနိုင်ရေး ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ မိမိထုတ်လုပ် လိုက်တဲ့ကုန်စည်ဟာသတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေး၊ အလေးချိန်၊ ပါဝင်သည့်ပစ္စည်းအမျိုးအစားတွေဟာလည်း ကိုက်ညီဖို့လိုအပ်သလို ဝန်ဆောင်မှုအနေနဲ့လည်း ဖော်ပြထားတဲ့ သတင်းအချက်အလက်၊ အခြေအနေ၊ အာမခံချက်၊ ထူးခြားချက်၊ ကာလသတ်မှတ်ချက်၊ အကျိုးသက်ရောက်မှုတို့နဲ့လည်း ကိုက်ညီဖို့လိုအပ်ပါတယ်။ မိမိထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းနဲ့ဝန်ဆောင်မှုတွေအပေါ်မှာ အပြည့်အဝအာမခံချက်ပေးနိုင်ရမှာဖြစ်သလို၊ သင့်တင့်မျှတတဲ့ ဈေးနှုန်းလည်းဖြစ်မှ ဈေးကွက်မှာအသာစီးရမှာလည်းဖြစ်ပါတယ်။

မည်သူမဆို ကိုယ်ပေးလိုက်ရတဲ့ တန်ဖိုးနဲ့တူညီတဲ့ အရည်အသွေး၊ ဝန်ဆောင်မှုနဲ့ လုံခြုံစိတ်ချရမှုများကို လိုချင်ကြတာပဲဖြစ်ပါတယ်။ လုံခြုံစိတ်ချရမှုဆိုရာမှာလည်း ရုပ်ပိုင်းဆိုင်ရာသာမက၊ စိတ်ပိုင်းဆိုင်ရာမှာလည်းလုံခြုံစိတ်ချရဖို့လိုပါတယ်။ မိမိပြည်တွင်းမှထွက်သည့် ကုန်ပစ္စည်းရဲ့ အရည်အသွေး၊ ဈေးနှုန်း၊ လုံခြုံစိတ်ချရမှု၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတွေ လျော့နည်းလာတာနဲ့အမျှ အရည်အသွေးရောဈေးနှုန်းရောပါ ယုံကြည်စိတ်ချရတဲ့ ပြည်ပမှတင်သွင်းလာတဲ့ ကုန်ပစ္စည်းတွေကိုသာ ဝယ်ယူသုံးစွဲတဲ့အတွက် ပြည်တွင်းလုပ်ငန်းရှင်များ ထိခိုက်နစ်နာပြီးလုပ်ငန်းများ ပျောက်ကွယ်သွားမှာဖြစ်သလို နိုင်ငံခြားငွေ ယိုစိမ့်ခြင်းအားဖြင့် နိုင်ငံ့စီးပွားရေးပါ ထိခိုက်ဆုံးရှုံးလာမှာဖြစ်ပါတယ်။


အရည်အသွေးရှိတဲ့ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုတွေဖြစ်ဖို့မှန်ကန်ပြီး ပြည့်စုံလုံလောက်တဲ့ သတင်းအချက်အလက်များကိုလည်း Customer များကိုဖြန့်ဝေပေးဖို့လည်းလိုအပ်ပါတယ်။ မိမိကုန်ပစ္စည်းတွေကို Customer တွေကယုံကြည်စိတ်ချဖို့လည်းလိုအပ်ပါတယ်။ Customer တွေက မိမိကုန်ပစ္စည်းတွေကို ယုံကြည်စိတ်ချစွာနဲ့ ရေရှည်သုံးစွဲမှ မိမိရဲ့စီးပွားရေးဟာလည်းရေရှည် ရပ်တည် နိုင်မှာဖြစ်ပါတယ်။ ဝန်ဆောင်မှုပိုင်းမှာလည်းအကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရင် နိုင်ငံတကာမှ ခရီးသွားဧည့်သည်တွေကိုပိုမိုဆွဲဆောင်နိုင်ခြင်းအားဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ၊ ခရီးသွားလုပ်ငန်းတွေ၊ ဟိုတယ်လုပ်ငန်းတွေ၊ စားသောက်ဆိုင်လုပ်ငန်းတွေ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေ စသည့်လုပ်ငန်းများဝင်ငွေတိုးပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိလာမှာဖြစ်ပါတယ်။ ပြည်သူတွေဝင်ငွေရသလိုတိုင်းပြည်စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဝန်ဆောင်မှုကဏ္ဍဟာ လူသားအချင်းချင်းဝန်ဆောင်မှုပေးရတာဖြစ်လို့မိမိရဲ့ Customer စိတ်ကျေနပ်မှုရရှိရန်လည်း ဂရုပြုရမည့်အချက်ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဝန်ဆောင်မှုကဏ္ဍဟာ မရှိမဖြစ်အလွန်အရေးပါတဲ့ ကဏ္ဍတစ်ရပ်ဖြစ်သလိုကဏ္ဍပေါင်းစုံအပေါ်သက်ရောက်မှုရှိသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် ရေရှည်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် အစီအမံများ၊ ကြိုတင်ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်ထားဖို့ လိုအပ်ပါတယ်။

အချုပ်အားဖြင့် စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ နိုင်ငံတကာကို ထိုးဖောက်၊ ယှဉ်ပြိုင်နိုင်ဖို့အတွက် စီးပွားရေးကျင့်ဝတ်များကိုလိုက်နာရန်လည်း လိုအပ်ပါတယ်။ ထို့အတူ Quality Control ကအရေးကြီးသလိုဈေးကွက် အခြေအနေ၊ မိမိရဲ့ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအတွက် ထိုးဖောက်ယှဉ်ပြိုင်ရမယ့် ဒေသနဲ့နိုင်ငံအခြေအနေ၊ ပြိုင်ဘက်များရဲ့ အားနည်းချက်၊ အားသာချက် အခြေအနေများကို လေ့လာပြီးမိမိထုတ်ကုန်များ၊ ဝန်ဆောင်မှုများကိုပြုပြင်ပြောင်းလဲသင့်ပါက ပြုပြင်ပြောင်းလဲ ထုတ်လုပ်ဖို့လည်းလိုအပ်ပါတယ်။ ဒါမှသာလျှင် မိမိ Customer ရဲ့ လိုအင်ဆန္ဒနဲ့လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။ မိမိရဲ့ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုတွေအရည်အသွေး ပြည့်မီဖို့အတွက် အရည်အသွေး စီမံခန့်ခွဲမှုတွေလိုအပ်သလို သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒ့ါအပြင်ကျွမ်းကျင်လုပ်သားများ၊ ပညာရှင်များ၊ အရင်းအနှီးများ၊ နည်းပညာများလိုအပ်သလို စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အများနှင့်မတူ၊ တမူထူးခြားတဲ့ အတွေးအခေါ်၊ အကြံအစည်၊ တီထွင်ကြံဆဖန်တီးနိုင်တဲ့ ကြံရည်ဖန်ရည်၊ လုပ်ရည်ကိုင်ရည်နဲ့ ဗဟုသုတရှိဖို့လည်း လိုအပ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

❑


SINMA FURNISHINGS CO., LTD.
SINMA FURNISHINGS
No. 103/A, Dhamazedi Road, Kamayut Township, Yangon, Myanmar.
Tel : +95-1-539413, +95-9-4500 35694
3rd Floor, Thiri Mingalar Market (Old Building) KyeeMyinTaing Township, Yangon.
Tel: +95-1-2300974, 2301004, 2301008, Fax: +95-1-2315581 Email: info@sinmafurniture.com
No. 51, 62nd Street, Between Ma Naw Ha Yi Street & Sein Pan Street,
Chan Mya Tha Si Township, Mandalay.
Tel: +95-2-81698, +95-9-91036216, +95-9-444020510, +95-9-457183540
No. 2, Thiri Yadana Road, Corner of Zayar Htarni Road,
Commercial Complex, Ottayathiri Township, Naypyitaw, Myanmar.
Tel: +95-67-433312, +95-67-433325, Hotline : +95-67-433316


Shwe Ywa Ngan
Coffee
ရွာငံဒေသမှာ စိုက်ပျိုးထုတ်လုပ်တဲ့ ရွှေရွာငံကော်ဖီဟာ သဘာဝအာရေဗီးကား ကော်ဖီ
စစ်စစ်ဖြစ်ပြီး ထူးခြားတဲ့အနံ့၊ အရသာနှင့်ပြည့်စုံတဲ့ ကော်ဖီတစ်မျိုးဖြစ်ပါတယ်။
၂၀၀၇ ခုနှစ်မှာ F.A.O ကပေးအပ်တဲ့ Coffee Production Winner
Award 2007 ကို ရရှိခဲ့ပါတယ်။
ဓာတုပစ္စည်းများ လုံးဝအသုံးမပြုဘဲ စိုက်ပျိုးထုတ်လုပ်ထားတာကြောင့်
ဘေးထွက်ဆိုးကျိုးမရှိဘဲ ကော်ဖီချစ်သူတို့အတွက် လတ်ဆတ်တဲ့ သဘာဝကော်ဖီစစ်စစ်ရဲ့
အရသာကိုပေးစွမ်းနိုင်လို့ ကော်ဖီကို နှစ်သက်စွာ သောက်သုံးကြသူတိုင်းကို
စိတ်ကျေနပ်မှုအပြည့် ရရှိစေမှာပါ။
“သဘာဝစစ်စစ် အရသာမှန် ကော်ဖီမှာဆို ရွှေရွာငံ”
Ywa Ngan, Southern Shan a State, Myanmar, Ywangan.
Phone : 0996 0369 300
Email : shweywarngan.coffe@gmail.com


K.T.Z Company Limited
Providing Better Life for the People
We distribute
Pharmaceuticals
&
Consumer Products
throughout
the whole country.
Monywa
Lashio
Mandalay
Magwe
Taunggyi
Pyay
Nay Pyi Taw
Yangon
Well Established,
Systematic & 80% coverage of
Potential Area in Myanmar
Head Office : No.32, Manawhari Road, Dagon Tsp., Yangon
Tel : (95-1) 221 259, 538 946, 223 753, 230 0768, (95-9) 730 49702 - 4
Fax : (95-1) 221 259, 538 946, 223 753, 230 0768 Ext : 102
Email : info@ktzcompany.com
Website : www.ktzcompany.com
Mandalay Office : No.6, Mya Nanda St., Bet (24th x25th) (62nd x 63rd) St., Mahar Zayar Bon Qtr,
Tel : (02) 61355, 61325, 09-680 1132, 680 7132
Nay Pyi Taw Office: No. 912, 22nd st., Aung Thayar Qtr., Pobba Thiri Tsp.,
Tel : 067 - 25585, 25586


MTC မျိုးသိန်း
အီလက်ထရောနစ်


LUCKY MAXIMUM SERVICE CO., LTD.
Car Sale Center(မော်တော်ယာဉ် အရောင်းစင်တာ)
LUCKY MAXIMUM SERVICE CO.
MOTOR CAR SALE CENTRE
Address: No 17, Aye Yeik Mon 3rd Street, 4 Ward, Hlaing Tsp, Yangon, Myanmar.
Telephone: (+95) 09 30162626, 09 33309988, 09 965002089 Email: luckymaximum@gmail.com


The all-new Kia
OPTIMA
Gasoline Engine (Nu 2.0L CVVL) / 6-Speed Auto / 2017 Model
KIA
The Power to Surprise
5 YEAR
100,000 KM WARRANTY
SUPER SEVEN STARS CO., LTD.
KiaMyanmar,www.kia.com.mm Ph: 09 73180000, 09 977008888
Yangon - No(22B/23A),Kabaraye Pagoda Road, Yankin Tsp, Yangon.


PEUGEOT 508
Made in France
508
SUPER SEVEN STARS CO., LTD.
Peugeot Myanmar, www.peugeot.com.mm Ph: 09 73180000, 09 977008888
Yangon : NO.4,Yadanar Street, Kyaik Ka San(West)Quarter, Thingangyun Township,Yangon.
MOTION & EMOTION
3 YEAR WARRANTY 100,000 KM
PEUGEOT

# စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံကိန်းရေးဆွဲခြင်း အရေးပါပုံ

**ငြိမ်းဝေနှင်း ( လှိုင်ကော် )**

လူ့အဖွဲ့အစည်းအားလုံး၏ အခြေခံစီးပွားရေးပြဿနာရပ်မှာ "အကန့်အသတ်ဖြင့် တည်ရှိနေသော ကုန်ထုတ်စွမ်းအားစုများ (Limited resources) ဖြင့်အကန့်အသတ်မရှိသော (အတောမသတ်နိုင်သော) လူသားတို့၏ဆန္ဒများ (Unlimited wants) ကို မည်ကဲ့သို့ ဖြည့်ဆည်းပေးရမည်"ဆိုသော ပြဿနာဖြစ်ပါသည်။ အဆိုပါ အခြေခံစီးပွားရေးပြဿနာများသည် အားလုံးနှင့်ဆိုင်သော ပြဿနာဖြစ်ပါသည်။ အစိုးရအဖွဲ့အစည်းများနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်းများအပြင် လူတစ်ဦးချင်း၊ တစ်ယောက်ချင်းနှင့်ပါ သက်ဆိုင်သောပြဿနာဖြစ်ပါသည်။ အခြေခံစီးပွားရေး ပြဿနာရပ်ကို သရုပ်ခွဲကြည့်ပါက အဓိကပြဿနာသုံးရပ်ကို တွေ့ရှိရပါသည်။

ယင်းတို့မှာ

- မည်သည့်ကုန်စည်နှင့် ဆောင်ရွက်မှုကိုထုတ်လုပ်မည်။
- ထုတ်လုပ်မည့်ကုန်စည်နှင့် ဆောင်ရွက်မှုများကို မည်ကဲ့သို့ ထုတ်လုပ်မည်၊ မည်မျှထုတ်လုပ်မည်။
- မည်သူ့အတွက်ထုတ်လုပ်မည်။

အဓိကစီးပွားရေးပြဿနာများသည် ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ အမြဲကြုံတွေ့နေရ၊ ဖြေရှင်းနေရသည့် ပြဿနာများဖြစ်ပါသည်။ လူမှုစီးပွားရေး အဆောက်အအုံ ပိုမိုခေတ်မီတိုးတက်လာသည်နှင့်အမျှ အဓိကစီးပွားရေး ပြဿနာများအားဖြေရှင်းရမှုများလည်း ပိုမိုရှုပ်ထွေးလာနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့်ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် မိမိနိုင်ငံစီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစဉ်အမြဲကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မိမိတို့နိုင်ငံ၏ ပကတိဖြစ်ပေါ်နေသောစီးပွားရေးနှင့် လူမှုရေးအခြေအနေများအပေါ် တည်မှီ၍ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ စားဝတ်နေရေးပြဿနာများကို အထိရောက်ဆုံးဖြေရှင်းပေးနိုင်မည့် စီးပွားရေးစနစ်များကို လိုက်လျောညီထွေ ချမှတ်ဆောင်ရွက်ကြပါသည်။ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ လိုအပ်ချက်တစ်ရပ်ဖြစ်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု(Economic Growth and Development)၊ စီးပွားရေးတည်ငြိမ်မှု (Economic Stability)နှင့် ဓနအင်အားခွဲဝေကြရာတွင် သာတူညီမျှမှု (Economic Equity)အပါအဝင် စီးပွားရေးဦးတည်ချက်များရရှိရေးအတွက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံများကိုကြည့်လိုက်မည်ဆိုပါကလည်း နိုင်ငံရေးစနစ်များကို အခြေအနေ အချိန်အခါအလိုက် ပြောင်းလဲကျင့်သုံးလျက်ရှိသကဲ့သို့ စီးပွားရေးစနစ်ကိုလည်း နိုင်ငံရေးစနစ်နှင့် ဆက်စပ်၍ ပြောင်းလဲကျင့်သုံးလျက်ရှိပါသည်။ သို့ရာတွင် နိုင်ငံတိုင်း၌ တန်းတူညီသော အချက်မှာ မိမိနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး

ပင်ဖြစ်ပါသည်။ အဆိုပါ ဦးတည်ရည်မှန်းချက်များကို ထိရောက်စွာ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အတွက် အဆိုပါစီးပွားရေးစနစ်များနှင့် လိုက်လျောညီထွေဖြစ်အောင် စီမံကိန်းယန္တရားများကို ပြုပြင်၍ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်းဆိုသည်မှာ သတ်မှတ်ထားသော ကာလအတွင်း ရည်မှန်းချက်ချမှတ်ပြီး ယင်းရည်မှန်းချက်များအောင်မြင်အောင် နည်းဗျူဟာချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ စီမံကိန်းသည်အနာဂတ်ကာလတွင် ဆောင်ရွက်ရမည့်ဆုံးဖြတ်ချက်များပါဝင်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဘာကြောင့်ဆောင်ရွက်ရသည်၊ မည်ကဲ့သို့ ဆောင်ရွက်ရမည်၊ မည်သည့်အချိန်မှာ ဆောင်ရွက်မည်ဆိုသည့်အချက်များသည် စီမံကိန်း၏ အဓိကအချက်များပင်ဖြစ်ပါသည်။ အနာဂတ်ကာလသည် ယေဘုယျအားဖြင့် မသေချာမှုများရှိနေပြီး၊ အချိန်နှင့်အမျှ ပြောင်းလဲနိုင်သည့်သဘောရှိနေပါသည်။ ပြောင်းလဲလာသည့်အခြေအနေအချိန်အခါနှင့်အညီ ဆောင်ရွက်သင့်သည့် အခြားနည်းလမ်းများလည်း ရှိလာမည်ဖြစ်ပါသည်။ စီမံကိန်းချမှတ်ရေးဆွဲခြင်းသည် အနာဂတ်ကာလတွင်ဖြစ်ပေါ်လာမည့် အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် လူ့အဖွဲ့အစည်း၏ စွမ်းဆောင်မှုကိုမြှင့်တင်ပေးသော စနစ်ကျသည့် ချဉ်းကပ်မှုတစ်ရပ်ပင်ဖြစ်ပါသည်။

စီမံကိန်းရေးဆွဲခြင်းသည် ဆုံးဖြတ်ချက်များအကြား ဆက်နွယ်မှုများကို သေချာစေပါသည်။ ကဏ္ဍများ၏ ဆုံးဖြတ်မှုများသည် ကဏ္ဍတစ်ခုနှင့်တစ်ခုဆက်နွယ်နေပြီး တစ်မျိုးသားလုံး၏ ရည်ရွယ်ချက်များ၊ ဦးတည်ချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရေးကို ဦးတည်ရှေးရှုနေပါသည်။ ပထမဦးဆုံး အဆင့်မှာ အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ညွှန်ပြသည့် ရည်မှန်းချက်များကိုချမှတ်ခြင်းဖြစ်ပြီး မိမိလိုချင်သည့်ရလဒ်ကို စူးစိုက်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဦးတည်ချက်များ၊ ရည်မှန်းချက်များကို တစ်မျိုးသားလုံးအဆင့်၊ ကဏ္ဍအဆင့် စသဖြင့် အဆင့်များချမှတ်တတ်ခြင်းအားဖြင့် ၎င်းအဆင့်များတွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းများ၊ ဌာနများအားလုံး ပိုမိုပေါင်းစည်းဆောင်ရွက်မှုကိုဖြစ်ပေါ်စေပြီး ၎င်းမှတစ်ဆင့် တစ်မျိုးသားလုံးဆိုင်ရာရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

စီမံကိန်းရေးဆွဲချမှတ်ခြင်းအားဖြင့် ယှဉ်ပြိုင်မှုစွမ်းအားကိုပိုမိုကောင်းမွန်စေပါသည်။ စီမံကိန်းရေးဆွဲချမှတ်ရာတွင် ကုန်စည်သစ်များ ထပ်မံထည့်သွင်းရန် ပိုမိုကောင်းမွန်သည့် လုပ်ငန်း ဆောင်ရွက်မှုစနစ်သို့ ပြောင်းလဲရန်၊ ထုတ်လုပ်မှုစွမ်းအားကို အချိန်ကိုက်မြှင့်တင်နိုင်ရန် စသဖြင့် အကြံပြုနိုင်သဖြင့် လုပ်ငန်းများအဖွဲ့အစည်းများ၏ ယှဉ်ပြိုင်မှုစွမ်းအားကိုမြှင့်မားစေပါသည်။ ခိုင်မာပြည့်စုံသော စီမံကိန်း ချမှတ်ရေးဆွဲခြင်းအားဖြင့် မလိုလားအပ်သည့်အရေးပေါ် (Emergency) ဆောင်ရွက်ရမည့်ကိစ္စများကိုလျော့ပါးစေပြီး အမှားပြုလုပ်မှုများကို လျော့ကျစေပါသည်။

ဘောဂဗေဒပညာရှင်Arthur Lewis ၏ အဆိုအရ စီးပွားရေးစီမံကိန်းကို အဓိပ္ပာယ်ဖွင့်ဆိုနည်း အနည်းဆုံးနည်းလမ်း ခြောက်သွယ်ရှိပါသည်။ စက်ရုံများ၊ နေအိမ်များ၊ အဆောက်အအုံများ စသည်တို့အားပထဝီဒေသအလိုက် ခွဲခြားဆောင်ရွက်သည့် မြို့ရွာနှင့်စီမံကိန်း ၂ နှစ်၊ ၄နှစ်၊ ၅နှစ် (သို့မဟုတ်) ၁၀နှစ်အထိရှိသည့် ပြည်သူ့ဘဏ္ဍာ အသုံးစရိတ်စီမံကိန်း၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် ပြည်သူပိုင်လုပ်ငန်းများအားလုံး အတွက် အစိုးရမှ ထုတ်လုပ်မှုရည်မှန်းချက်များ သတ်မှတ်ပေးခြင်းများပါဝင်သည့် စီမံကိန်း၊ ထုတ်လုပ်မှုယူနစ်တိုင်းသည့် လူသားရုပ်ဝတ္ထုပစ္စည်းများနှင့် စက်ကိရိယာများကိုသာ အသုံးပြု၍ ဗဟိုမှထိန်းချုပ်သည့် ငွေကြေးလဲလှယ်မှု၊ ကုန်ကြမ်းပစ္စည်းများနှင့် အခြားစွမ်းအားစုများအား စီးပွားရေးအဆောက်အအုံ၏ ကဏ္ဍများအကြား ခွဲဝေမှုအပါအဝင်ရည်မှန်းချက်များကို ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်ရသည့် စီမံကိန်းဖြစ်သည်။

သို့ပါ၍ ယေဘုယျအားဖြင့် စီးပွားရေး စီမံကိန်းဆိုသည်မှာ တိုင်းပြည်၏ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် အသွင်သဏ္ဍာန်တို့ကို အကောင်းဆုံးဖြစ်စေရေးအတွက် စီးပွားရေးအင်အားစုများကို စနစ်တကျ ခွဲဝေအသုံးချနိုင်ရန် ဆီလျော်ညီညွတ်မှုရှိပြီးဖြစ်နိုင်ချေရှိမည့် ဆုံးဖြတ်ချက်များကို ရေးဆွဲချမှတ်အကောင်အထည်ဖော်ခြင်းပင်ဖြစ်ပါသည်။ ဘက်စုံစီမံကိန်း (Comprehensive plan) သည် နိုင်ငံ၏စီးပွားရေးကို ဘက်ပေါင်းစုံမှ ရည်မှန်းချက်ချမှတ်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ တစ်စိတ်တစ်ပိုင်းစီမံကိန်း (Partial plan) ဆိုသည်မှာ နိုင်ငံတော်စီးပွားရေးတစ်ခုလုံး၏ တစ်စိတ်တစ်ဒေသဖြစ်ပါသည်။ ဥပမာ-စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ အစရှိသဖြင့်ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းစဉ်များတွင် အစိုးရမှ လူမှုရေးဆိုင်ရာ ရည်မှန်းချက်များ၊ အခြားရည်မှန်းချက်များ ချမှတ်ပြီးဖွံ့ဖြိုးရေးစီမံကိန်းတစ်ရပ်လုံးအတွက် အကောင်အထည်ဖော်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့်ကြီးကြပ်မှုစသည့် မူဘောင်များချမှတ်ဆောင်ရွက်သည့်လုပ်ငန်းစဉ်များဖြစ်ပါသည်။

စီးပွားရေးစီမံကိန်းချမှတ်ခြင်းသည် နိုင်ငံတော်၏အဓိကကျသည့် စီးပွားရေးညွှန်းကိန်းများ၊ သတ်မှတ်ထားသည့် ရည်မှန်းချက်များအတိုင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကာလရှည်တွင် အစိုးရမှဆုံးဖြတ်ချက်ချ၍ ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ ကြိုတင်သတ်မှတ်ထားသည့် ဖွံ့ဖြိုးမှု၊ ရည်မှန်းချက်များကို ရရှိစေရန် ဝင်ငွေ၊ စားသုံးမှု၊ အလုပ်အကိုင်ရရှိမှု၊ ရင်းနှီးမြှုပ်နှံမှု၊ စုဆောင်းမှု၊ ပို့ကုန်/သွင်းကုန် စသည့်တိုင်းပြည်၏ အဓိကစီးပွားရေးပြကိန်းများ၏ တိုးတက်မှုအဆင့်ကိုညွှန်ပြရန်၊ ကြီးကြပ်ကွပ်ကဲ ရန်နှင့် ရေရှည်စီးပွားရေးဆုံးဖြတ်ချက်များ ချမှတ်ခြင်းကို ညှိနှိုင်းရန်အတွက် အစိုးရ၏ ဆောင်ရွက်ချက်ဖြစ်ပါသည်။ စီးပွားရေး စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အသေချာဆုံးနှင့် အလျင်အမြန်ဆုံးရရှိနိုင်သည့် အတွေ့အကြုံများကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် စီးပွားရေးစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော် ကျင့်သုံးလာကြသည်။

နိဂုံးချုပ်အားဖြင့် စီးပွားရေးစီမံကိန်းမှန်သမျှသည် ပစ္စုပ္ပန်ကာလ၊ အနာဂတ်ကာလတို့နှင့် သက်ဆိုင်ပါသည်။ စီမံကိန်းရေးဆွဲခြင်းသည် လက်ရှိပြဿနာ(သို့မဟုတ်)မျှော်လင့်ထားသော ပြဿနာများကို ဖြေရှင်းရန်ဖြစ်ပါသည်။ ထို့ကြောင့်စီမံကိန်းမရေးဆွဲမီကပင် တစ်စုံတစ်ရာ အတိုင်းအတာအထိ လက်ရှိပြဿနာများကို ဆန်းစစ်ထားခြင်းများရှိရမည်။ မျှော်မှန်းထားချက်များကိုလည်း ပြုလုပ်ထားခြင်းများ၊ ကြိုတင်ခန့်မှန်းမှု မြောက်မြားစွာ ပြုလုပ်ထားရမည်ဖြစ်ပါသည်။ သို့သော် ကြိုတင်ခန့်မှန်းရုံနှင့် မပြီးဆုံးပေ။ အနည်းဆုံးအဆင့်အနေဖြင့် ကြိုတင်ခန့်မှန်းထားသည့်အတိုင်း ဖြစ်မြောက်စေရန် ရည်မှန်းချက် (သို့မဟုတ်) လျာထားချက်များရှိရမည်ဖြစ်ပါသည်။ စီးပွားရေးစီမံကိန်းများကို အရေးအတွက်ဖြင့် ဖော်ပြပါသည်။

သာယာဝပြောသောနိုင်ငံအဖြစ် အမြန်ဆုံးတည်ဆောက်ရေးဟူသော အဆိုမျိုးသည် မျှော်မှန်းချက်အနေဖြင့် အဓိပ္ပာယ်ရှိသော်လည်း စီမံကိန်းအနေဖြင့်အဓိပ္ပါယ်မရှိပေ။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း စီးပွားရေးအခွင့်အလမ်းများ၊ အလုပ်အကိုင် အခွင့်အလမ်းများကို စီမံကိန်းချ၍ အကောင်းဆုံးအသုံးချနိုင်မှသာ ဖွံ့ဖြိုးမှုအနည်းဆုံးအဆင့်မှ လွတ်မြောက်နိုင်ပြီး နိုင်ငံသားတိုင်း ပူးပေါင်းကြိုးစားအားထုတ်မှုများလည်း အထူးဆောင်ရွက်ရန် လိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**စာမျက်နှာ (၃) မြန်မာနိုင်ငံတွင် (၁၆)ကြိမ်မြောက် ...... မှအဆက်**

လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အာဆီယံ စားသုံးသူကာကွယ်ရေး မဟာဗျူဟာ လုပ်ငန်းစီမံချက်ကိုလည်း အာဆီယံနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာဗဟုသုတနှင့် သတင်းအချက်အလက် ဖလှယ်သည့်လုပ်ငန်းများ အပါအဝင် အရင်းအမြစ်တည်ဆောက်ရေးအတွက် နည်းပညာအကူအညီရယူသည့် လုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့ဆက်ပြီး မြန်မာနိုင်ငံအနေနဲ့ အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီနှင့် ပူးပေါင်းပြီး ဒေသတွင်း စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ သည်။

ဆက်လက်၍ Chair of ASEAN Committee on Consumer Protection ၊ ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဌာနမှ Undersecretary, Mr. Teodoro C.Pascua က အဖွင့်စကားပြောကြားခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အာဆီယံစားသုံးသူကာကွယ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**စားသုံးသူရေးရာဦးစီးဌာန**

## စာမျက်နှာ (၁၂) ➤➤➤. ချင်း(ဂျင်း) စိုက်ပျိုးဝင်ငွေတိုး၊ ချင်း(ဂျင်း)ခြောက် . . . . . . မှ အဆက်

စာမျက်နှာ (၁၂) ➤➤➤. ... မှ အဆက်

ခြင်းဖြင့် မိုးများသော ဒေသများတွင် ရေစိမ့်ကိုင်မှုသက်သာ၍ ချင်း(ဂျင်း)တွင် ကျရောက်တတ်သော မြေဆောင်ရောဂါများကို ကာကွယ်နိုင်ခြင်း၊ ပေါင်းမြက်ရှင်းလင်းရန်လွယ်ကူ သက်သာခြင်း၊ သီးနှံဖော်ရာတွင်သက်သာ၍ ရောဂါကူးစက်မှုနည်းပါးခြင်း၊ တစ်ခြင်း ချင်းပြုစု ပေးနိုင်သဖြင့် အထွက်နှုန်းမြင့်မားပြီး စိုက်ပျိုးသူအတွက် အကျိုးအမြတ်ပိုရရှိခြင်း၊ ပြည်ပပို့ကုန် အမယ်သစ်တစ်ခုအဖြစ် အရည်အသွေးမီချင်း (ဂျင်း) များထုတ်လုပ်နိုင်ခြင်း၊ အထွက်နှုန်းမှာလည်း အတန်းလိုက်စနစ်ထက်ပိုမိုထွက်ရှိပြီး စီးပွားရေး တွက်ခြေကိုက်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

### မြန်မာ့ ချင်း(ဂျင်း)စို ဘဏ္ဍာနှစ်အလိုက် ပြည်ပတင်ပို့မှု အခြေအနေ

မြန်မာ့ ချင်းစို၊ ဘဏ္ဍာနှစ်အလိုက် ပြည်ပတင်ပို့မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| ဘဏ္ဍာနှစ် | တန်ချိန် (ထောင်ပေါင်း) | တန်ဖိုး (ဒေါ်လာ သန်းပေါင်း) |
|---|---|---|
| ၂၀၁၃-၂၀၁၄ | ၁၂၉၀. ၂၉၅ | ၀. ၈၇၂ |
| ၂၀၁၄-၂၀၁၅ | ၅၄၄. ၈၀၇ | ၀. ၄၅၂ |
| ၂၀၁၅-၂၀၁၆ | ၂၁၆၄. ၈၂၆ | ၁. ၂၉၀ |
| ၂၀၁၆-၂၀၁၇ | ၂၃၂၈. ၁၃၆ | ၀. ၉၂၁ |
| ၂၀၁၇-၂၀၁၈ (၁၃. ၁၀. ၂၀၁၇) | ၂၂၄၇. ၀၅၉ | ၀. ၇၉၈ |

အထက်ပါဇယားအရ ချင်း(ဂျင်း)စို ပြည်ပတင်ပို့မှုမှရရှိသော နိုင်ငံခြားငွေသည် နှစ်စဉ် အမေရိကန်ဒေါ်လာတစ်သန်းခန့် ရရှိနေကြောင်း တွေ့ရပါသည်။

### မြန်မာ့ချင်း(ဂျင်း)ခြောက် ဘဏ္ဍာနှစ်အလိုက် ပြည်ပတင်ပို့မှု အခြေအနေ

မြန်မာ့ချင်း(ဂျင်း)ခြောက် ဘဏ္ဍာနှစ်အလိုက် ပြည်ပတင်ပို့မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| ဘဏ္ဍာနှစ် | တန်ချိန် (ထောင်ပေါင်း) | တန်ဖိုး (ဒေါ်လာ သန်းပေါင်း) |
|---|---|---|
| ၂၀၁၃-၂၀၁၄ | ၈၆၁၉. ၀၀ | ၉. ၀၈၇ |
| ၂၀၁၄-၂၀၁၅ | ၁၅၆၂. ၅၉၄ | ၁. ၉၄၅ |
| ၂၀၁၅-၂၀၁၆ | ၁၆၄၄. ၆၁၈ | ၁. ၈၁၄ |
| ၂၀၁၆-၂၀၁၇ | ၁၆၁၀. ၇၁၂ | ၁. ၅၀၂ |
| ၂၀၁၇-၂၀၁၈ (၁၃. ၁၀. ၂၀၁၇) | ၄၉၄၃. ၅၂ | ၁. ၇၀၁ |

အထက်ပါဇယားအရ ချင်း(ဂျင်း)ခြောက် ပြည်ပတင်ပို့မှုမှရရှိသော နိုင်ငံခြားငွေသည် နှစ်စဉ် အမေရိကန်ဒေါ်လာ နှစ်သန်းခန့်ရရှိနေကြောင်း တွေ့ရပါသည်။

### မြန်မာ့ ချင်း(ဂျင်း) ခြောက် ဘဏ္ဍာနှစ်အလိုက် နိုင်ငံအလိုက် ပြည်ပတင်ပို့မှု အခြေအနေ

မြန်မာ့ချင်း(ဂျင်း)ခြောက် ဘဏ္ဍာနှစ်အလိုက်၊ နိုင်ငံအလိုက် ပြည်ပတင်ပို့မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**မြန်မာနိုင်ငံမှ ချင်းခြောက်နိုင်ငံအလိုက် ပြည်ပတင်ပို့နိုင်မှု အခြေအနေ**

ရေတွက်ပုံ - မက်ထရစ်တန်ဖိုး (USD)သန်း

| စဉ် | နိုင်ငံအမည် | ချင်းခြောက် | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (၁၃-၁၀-၂၀၁၇) | |
| | | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| ၁ | ပါကစ္စတန် | ၃၃၉၉.၀၀ | ၁.၈၅၈ | ၂၉၃.၀၀ | ၀.၂၆၄ | ၂၂၆.၀၀ | ၀.၁၁၆ | ၄၈.၈၀ | ၀.၀၆၀ | ၁၆.၀၀ | ၀.၀၂၀ |
| ၂ | အိန္ဒိယ | ၁၀၇၇.၀၀ | ၀.၆၈၇ | | | ၆၀.၀၀ | ၀.၀၉၉ | | | ၇၁.၅၈ | ၀.၀၈၂ |
| ၃ | စင်ကာပူ | ၂၆၀.၀၀ | ၀.၁၇၇ | ၇၁၅.၀၀ | ၀.၆၈၁ | ၄၁၁.၀၀ | ၀.၆၂၀ | ၄၃၀.၃၄ | ၀.၃၉၁ | ၄၀၃.၄၀ | ၀.၁၄၉ |
| ၄ | ဟောင်ကောင် (တရုတ်) | ၁၃၄.၀၀ | ၀ ၀၇၁ | | | | | | | | |
| ၅ | ယူအေအီး | ၁၀၆.၀၀ | ၀.၀၅၅ | | | ၁၆.၀၀ | ၀.၀၂၇ | ၄၂.၄၀ | ၀.၀၂၆ | ၁၆.၀၀ | ၀.၀၂ |
| ၆ | ဖိလစ်ပိုင် | ၁၀၄.၀၀ | ၀.၀၅၄ | | | | | | | | |
| ၇ | အင်ဒိုနီးရှား | ၆၅.၀၀ | ၀.၀၄၆ | | | | | | | | |
| ၈ | တရုတ် | ၃၃၃၂.၀၀ | ၆.၀၀၉ | ၃၉၃.၀၀ | ၀.၇၁၈ | ၂၇၅.၀၀ | ၀.၄၆၃ | ၅၇၆.၆၄ | ၀.၈၁၁ | ၃၆၅.၆၀ | ၀.၄၅၄ |
| ၉ | မလေးရှား | ၃၉.၀၀ | ၀.၀၃၀ | ၁၀၁.၀၀ | ၀.၁၉၈ | ၅၈၀.၀၀ | ၀.၃၅၆ | | | | |
| ၁၀ | ပိုလန် | ၅၄.၀၀ | ၀.၀၂၈ | | | | | | | | |
| ၁၁ | အခြား | ၂၀.၀၀ | ၀.၀၁၄ | | | | | | | | |
| ၁၂ | ထိုင်း | ၁၃.၀၀ | ၀.၀၅၈ | ၂၉.၀၀ | ၀.၀၃၉ | ၂၃.၀၀ | ၀.၀၃၆ | ၄၃.၂၃ | ၀.၀၆၅ | ၁၀၄.၃၇ | ၀.၀၇၀ |
| ၁၃ | ဂျော်ဒန် | | | ၆.၀၀ | ၀.၀၀၂ | | | | | | |
| ၁၄ | ဂျပန် | | | ၂၅.၀၀ | ၀.၀၄၃ | | | | | | |
| ၁၅ | ယီမင် | | | | | ၂၅.၀၀ | ၀.၀၄၅ | | | | |
| ၁၆ | ကိုရီးယား | | | | | ၄.၀၀ | ၀.၀၀၆ | ၁၁.၀၇ | ၀.၀၁၅ | | |
| ၁၇ | ဘရူနိုင်း | | | | | ၂၅.၀၀ | ၀.၀၄၅ | ၅၆.၀၀ | ၀.၀၂၀ | | |
| ၁၈ | ဘင်္ဂလားဒေ့ရှ် | | | | | | | ၃၆၉.၂၁ | ၀.၀၇၉ | ၃၉၂၅.၀၀ | ၀.၀၄၉ |
| ၁၉ | သီရိလင်္ကာ | | | | | | | ၂၅.၀၃ | ၀.၀၃၅ | ၂၃.၅၀ | ၀.၀၃၄ |
| ၂၀ | ဂျာမနီ | | | | | | | | | ၁၈.၀၀ | ၀.၀၂၅ |
| | စုစုပေါင်း | ၈၆၁၉.၀၀ | ၉.၀၈၇ | ၁၅၆၂.၀၀ | ၁.၉၄၅ | ၁၆၄၅.၀၀ | ၁.၈၁၄ | ၁၆၁၀.၇၁ | ၁.၅ | ၄၉၄၃.၅၂ | ၁.၇၀၃ |

အထက်ပါဇယားတွင် ဖော်ပြထားသည့် နိုင်ငံအလိုက်ပြည်ပတင်ပို့မှု အခြေအနေအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံး တင်ပို့ပြီး စင်ကာပူ၊ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ယူအေအီး၊ သီရိလင်္ကာ၊ ဂျာမနီနိုင်ငံများသို့လည်း နှစ်စဉ်ဈေးကွက်မပျက် တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

### မြန်မာ့ချင်း(ဂျင်း) စို၊ ချင်း(ဂျင်း)ခြောက် ပြည်ပ တင်ပို့နိုင်မှု ကာလတူနှိုင်းယှဉ်ချက်

မြန်မာ့ ချင်း(ဂျင်း) စို၊ ချင်း(ဂျင်း)ခြောက် ပင်လယ်ရေကြောင်း၊ နယ်စပ်လမ်းကြောင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ၂၀၁၇ ခုနှစ် အောက်တို ဘာလ ၁၃ ရက်ထိ ပြည်ပတင်ပို့မှု အခြေအနေနှင့် ယခင်နှစ်ကာလတူနှိုင်းယှဉ်မှုမှာ တစ်ဖက်ပါအတိုင်း တွေ့ရပါသည်။

**ချင်း(ဂျင်း) စို ပြည်ပတင်ပို့နိုင်မှု (ကာလတူနှိုင်းယှဉ်ချက်) စာရင်း**

ရေတွက်ပုံ၊ တန်ချိန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ (သန်း)

| စဉ် | တင်ပို့မှုလမ်းကြောင်း | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (၁၃-၁၀-၂၀၁၇) ထိ | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (၁၃-၁၀-၂၀၁၇) ထိ | | နှိုင်းယှဉ်ချက် | |
|---|---|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး (USD)သန်း | တန်ချိန် | တန်ဖိုး (USD) သန်း | တန်ချိန် | တန်ဖိုး (USD) သန်း |
| (က) | ပင်လယ်ရေကြောင်း | - | - | - | - | - | - |
| (ခ) | နယ်စပ်လမ်းကြောင်း | ၂၂၄၇.၀၆ | ၀.၇၉၈ | ၂၁၉၁.၉၉ | ၀.၇၉၁ | ၅၅.၀၇ | ၀.၀၀၇ |
| | စုစုပေါင်း | ၂၂၄၇.၀၆ | ၀.၇၉၈ | ၂၁၉၁.၉၉ | ၀.၇၉၁ | ၅၅ .၀၇ | ၀.၀၀၇ |

**ချင်း(ဂျင်း) ခြောက် ပြည်ပတင်ပို့နိုင်မှု (ကာလတူနှိုင်းယှဉ်ချက်) စာရင်း**

ရေတွက်ပုံ၊ တန်ချိန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ (သန်း)

| စဉ် | တင်ပို့မှုလမ်းကြောင်း | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (၁၃-၁၀-၂၀၁၇) ထိ | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (၁၃-၁၀-၂၀၁၇) ထိ | | နှိုင်းယှဉ်ချက် | |
|---|---|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး (USD)သန်း | တန်ချိန် | တန်ဖိုး (USD)သန်း | တန်ချိန် | တန်ဖိုး (USD)သန်း |
| (က) | ပင်လယ်ရေကြောင်း | ၄၅၂၇.၃၅ | ၁.၁၈၇ | ၃၇၆.၀၁ | ၀.၃၇၀ | ၄၁၅၁.၃၃ | ၀.၈၁၇ |
| (ခ) | နယ်စပ်လမ်းကြောင်း | ၄၁၆.၁၇ | ၀.၅၁၄ | ၄၀၄.၀၁ | ၀.၆၃၁ | ၁၂.၁၆ | -၀.၁၁၇ |
| | စုစုပေါင်း | ၄၉၄၃.၅၂ | ၁.၇၀၁ | ၇၈၀.၀၃ | ၁.၀၀၁ | ၄၁၆၃.၄၉ | ၀.၇၀၀ |

၎င်းဇယားကိုကြည့်ခြင်းအားဖြင့် ချင်းစိုကို နယ်စပ်လမ်းကြောင်းမှသာ တင်ပို့လျက်ရှိနေပြီး ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်လျှင်ပိုမို၍တင်ပို့နေကြောင်း တွေ့ရှိရပါသည်။ ချင်း(ဂျင်း)ခြောက်ကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်း နှစ်ခုစလုံးမှ တင်ပို့လျက်ရှိပြီး ယခင်နှစ်ကာလတူထက် ပိုမိုတင်ပို့နေကြောင်း တွေ့ရှိရပါသည်။

### မြန်မာ့ချင်း(ဂျင်း) တိုးမြှင့်တင်ပို့နိုင်ရေး

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ချင်း(ဂျင်း)အများဆုံးစိုက်ပျိုးထွက်ရှိပြီး အများဆုံးတင်ပို့နေသော တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံကြားတွင် တည်ရှိနေသည့်အတွက် ၎င်းတို့၏ဈေးကွက်များကို ယှဉ်ပြိုင်နိုင်ရန် အရေးကြီးပါသည်။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ သို့လည်း နယ်စပ်မှ အများအပြားတင်ပို့နိုင်ကြောင်း တွေ့ရပါသည်။ ချင်းစို၊ ချင်းခြောက် ပို့ကုန်လိုင်စင် လျှောက်ထားရာတွင် သီးခြား ထောက်ခံချက်တင်ပြရန်မလိုကြောင်းနှင့် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။ ပြည်ပဝယ်လက်ဈေးကွက်များလည်း ပုံမှန်ရှိနေပြီး ဈေးကောင်းရရှိနေသည့် ပို့ကုန်အမယ် ဖြစ်သည့်အတွက် ပိုမို တိုးချဲ့စိုက်ပျိုး ထုတ်လုပ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံမှ တင်ပို့နေကြသည့် လုပ်ငန်းရှင်များအနေဖြင့် အခွင့်အရေးမဆုံးရှုံးရလေအောင် ဂျပန်ဈေးကွက်အကြိုက်နှင့် ဈေးကွက်ရရှိပြီးသောနိုင်ငံများသို့လည်း သတ်မှတ်ထားသည့်အရည်အသွေး စံချိန်စံညွှန်းအတိုင်း တင်ပို့ပြီး ဈေးကွက် ထိန်းသိမ်းသွားရန် လိုအပ်လှပေသည်။

ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားနှစ်စဉ်တိုးတက်နေသည့်အပြင် နိုင်ငံတကာစားသုံးမှုလည်း တိုးမြှင့်လျက်ရှိသော ချင်း(ဂျင်း)ကို အိမ်နီးချင်း နိုင်ငံများတွင်လည်း တိုးမြှင့်စိုက်ပျိုးထုတ်လုပ်နေ သကဲ့သို့ မြန်မာနိုင်ငံတွင်လည်း တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ပြီး ချင်း(ဂျင်း) ဈေးကွက်ဝင်ရောက်နိုင်ရေးအတွက် ပြည်ပဈေးကွက်အား ထိုးဖောက်ရန် လိုအပ်သကဲ့သို့ ရရှိပြီးသော ဈေးကွက်အား ပိုမိုခိုင်မာလာစေရေးကိုလည်း ဆောင်ရွက်သင့်ပါသည်၊ ယခင်က စိုက်ပျိုးရန်မြေလွတ်မြေလပ်မရှိသော်လည်း ခြင်းထဲတွင် မြေကြီး မြေဩဇာထည့်ပြီး ချင်း စိုက်ပျိုးခြင်းကို ဧရာဝတီတိုင်းဒေသကြီးတွင် အများအပြားစိုက်ပျိုးခဲ့ဖူးပါသည်။ ယင်း'ခြင်းထဲက ချင်း(ဂျင်း)'ကို ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးခြင်းဖြင့်လည်း ချင်းစိုက်ပျိုးထုတ်လုပ်မှု တိုးတက်နိုင်ခြေကို ပြန်လည်စဉ်းစားဖော်ထုတ်သင့်ပေသည်။ ပြည်ပသို့ ချင်း(ဂျင်း)စိုတင်ပို့ရောင်းချခြင်းထက် အကျိုးအမြတ်ပိုမိုရရှိနိုင်သည့် ချင်း(ဂျင်း)ခြောက်၊ Ginger Slide နှင့် Value Added များ ပြုလုပ်၍သော်လည်းကောင်း၊ Organic ချင်း(ဂျင်း) အမျိုးအစားဖြင့်လည်းကောင်း တိုးမြှင့်တင်ပို့နိုင်ရန် ကြိုးစားဆောင်ရွက်သင့်ပေသည်။

## ယခုတစ်ပတ် ရော်ဘာပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှ အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၂၀၆ သန်း တန်ဖိုးရှိ ရော်ဘာ ၁၀၈၂ တန် တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ရော်ဘာ RSS 3 အမျိုးအစား ၈၆ တန်ခန့်၊ RSS 5 အမျိုးအစား ၈၈၆ တန်၊ MSR 20 အမျိုးအစား ၉၃ တန်ကျော်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RSS 3 အမျိုးအစား ၁၇ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ ၇၁၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ရော်ဘာ ၃၆၆ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် မူဆယ် ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်စျေးမှာ RSS 3 အမျိုးအစား တစ်တန်လျှင်ကျပ် ၂၀ ဒသမ ၁၃၄ သိန်းရှိပြီး ယခင်တစ်ပတ်ထက် တစ်တန်ကို ကျပ် ၁၁၁၄၀ စျေးကျကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၃၇၇ သန်းတန်ဖိုးရှိရော်ဘာ ၂၆၂ တန် တင်ပို့ခဲ့ရာ ဂျပန်နိုင်ငံသို့ ရော်ဘာ MSR 20 အမျိုးအစား ၁၉၆ တန်၊ မလေးရှားနိုင်ငံသို့ RSS 3 အမျိုးအစား ၆၆ တန် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ရော်ဘာတင်ပို့မှု မရှိခဲ့ပါဘူး။

ယခုတစ်ပတ်နိုင်ငံတကာ ရော်ဘာပေါက်စျေးမှာ RSS အမျိုးအစား တစ်တန်လျှင် ဒေါ်လာ ၁၅၀ ခန့် စျေးကျပြီး MSR အမျိုးအစားမှာ အနည်းငယ်သာ အတက်အကျရှိပါတယ်။ နိုင်ငံကာ ရော်ဘာစျေးကျတာနဲ့အတူ မြန်မာ့ရော်ဘာ FOB စျေးလည်း ကျဆင်းသွားကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ စျေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀-၁၄၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| RSS 4 | တစ်တန်လျှင်၊ | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ ၁၉၅၀-၂၀၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၆၀၀-၁၇၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |

**ယဉ်ယဉ်အေး**

## စစ်ကိုင်းမြို့တွင် Shwe Sagaing Motor Service Co,.Ltd ၏ NISSAN "3S" ကားအရောင်းပြခန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်း မြို့တွင် Shwe Sagaing Motor Service Co,.Ltd ၏ NISSAN "3S" ကားအရောင်းပြခန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၂ ရက်တွင် ကျင်းပ ခဲ့ပါသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း ဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး ဦးစိုးဦး၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သောင်း၊ စစ်ကိုင်း တပ်မ (၃၃) ဌာနချုပ် ဒုတိယတပ်မမှူး ဦးကျော်စွာဦး၊ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးခင်ဇော်၊ Tan Chong Motor (Myanmar) Co.,Ltd ၏ အထွေထွေမန်နေဂျာ Lin Meng Thong၊ Shwe Sagaing Motor Service Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဦးအောင်မျိုးဟိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် ခရိုင်အဆင့်အရာရှိများ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး Shwe Sagaing Motor Service Co.,Ltd မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မျိုးဟိန်းက NISSAN မော်တော်ယာဉ် အရောင်းပြခန်း ဖွင့် လှစ်ရခြင်းအကြောင်းကို ရှင်းလင်း ပြောကြားခဲ့ ပါသည်။ ဆက်လက်၍ Tan Chong Motor (Myanmar) Co.,Ltd ၏ အထွေထွေမန်နေဂျာ Lin Meng Thong က မော်တော်ယာဉ်ထုတ်လုပ် ဆောင်ရွက်မှု အခြေအနေများအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ ကြောင်း သတင်းရရှိပါသည်။ **ကေသီအောင် (စစ်ကိုင်း)**



## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်စျေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | စျေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရီမီယို (၂၀၁၁) | ယာယီ | ၃၆၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၂၀၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ် |
| ၃။ | ရက်တစ် (၂၀၁၃) | ယာယီ | ၂၀၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ် |
| ၄။ | ဟွန်ဒါအင်ဆိုဒ် (၂၀၁၂) | ယာယီ | ၂၅၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဟွန်ဒါဖစ် (၂၀၀၃)ရှပ်တဲလ် | စတိ | ၃၁၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဒီမီယို (၂၀၁၄) | ယာယီ | ၂၅၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ် |
| ၇။ | အေဒီဗင် (၂၀၁၁) | ယာယီ | ၁၉၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ် |
| ၈။ | နွတ်ချ် (၂၀၀၈) | I | ၃၃၅ သိန်း | 2.0 ဓာတ်ဆီ |
| ၉။ | ကလူဂါ (၂၀၀၆) | M | ၄၈၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၁၀။ | အပ်ကား နှစ် ၂၀ | - | ၁၃၀ သိန်း | |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | စျေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | မီနီကွန်ဒို | တောင်ဥက္ကလာပမြို့နယ်၊ ပြမ္မရိုစိုလမ်း | ၁၁၀၀ စ/ပေ | အခန်းဖွဲ့၊ အသင့်နေ | ၁၃၅၀ သိန်း | ဓာတ်လှေကားပါ | ၀၉/၉၇၆၂၁၁၁၂၃ |
| ၂။ | လုံးချင်း | ကမာရွတ်မြို့နယ်၊ အင်းလျားလမ်းသွယ် | ၂၄၀၀ စ/ ပေ | RC (၂) ထပ် | ၂၀ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၃။ | လုံးချင်း | သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာရပ်ကွက်၊ လမ်းသွယ်(၆) | မြေ ၆၄၀၀ စ/ပေ<br>အိမ် ၁၈၀၀ စ/ပေ | MB (၃) ခန်း | ၁၈ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၄။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | (၃၀ x ၅၀)ပေ | RC (၁) ထပ် | ၂၃၅၀ သိန်း | မြေပိုပါ၊ ကားဂိုဒေါင်ပါ | ၀၉/၄၅၂၁၉၄၄၃၉ |
| ၅။ | လုံးချင်း | ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရပ်ကွက် | (၉၀ x ၉၀)ပေ | MB (၄)၊ RC (၂) ထပ် | ၂၉၀၀၀ သိန်း | စိတ်ငြိမ် | ၀၉/၇၉၅၃၃၇၀၃၂ |
| ၆။ | တိုက်ခန်း | ဒဂုံမြို့သစ်(တောင်) မြို့နယ် | (၂၀ x ၅၀)ပေ | (၄) လွှာ၊ အခန်းသစ် | ၃၆၀ သိန်း | သစ်ဆိုင်ကွေ့နီး | ၀၉/၉၇၆၂၁၁၁၂၃ |
| ၇။ | မီနီကွန်ဒို | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၀၀၀ စ/ပေ | အခန်းဖွဲ့၊ အဆင့်မြင့်ပြင်ဆင်ပြီး | ၁၅၅၀ သိန်း | ပစ္စည်းစုံပါ | ၀၉/၄၂၂၇၂၈၃၉ |
| ၈။ | တိုက်ခန်း | တာမွေမြို့နယ်၊ ဓမ္မဒါနလမ်း | ၇၅၀ စ/ပေ | (၄) လွှာ၊ ပြင်ဆင်ပြီး | ၃၉၅ သိန်း | လမ်းသန့် | ၀၉/၉၇၆၂၁၁၁၂၃ |
| ၉။ | လုံးချင်း | ဒဂုံမြို့သစ်(မြောက်) (၄၄) ရပ်ကွက်၊ ပြည်လုံးမွှေးလမ်း | ၂၅၀၀ စ/ပေ | MB (၆)ခန်း၊ RC (၂) ထပ် | ၁၅ သိန်း | လမ်းကောင်း၊ ၁ လအငှားနှုန်း | |

## ဟင်္သာတခရိုင်တွင် မိုးရက်ဆက်ရွာသွန်းမှုကြောင့် စပါးစျေးကျဆင်း



ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်တွင် အောက်တိုဘာလ ၁၉ ရက်မှစ၍ မိုးရက်ဆက် ရွာသွန်းမှုကြောင့် စပါးကုန်သည်များ၊ ဆန်စက်ပိုင်ရှင်များမှ စပါးများအစိုဓာတ်များနေသဖြင့် စပါးဝယ်ယူမှုကို အချို့ရပ်ဆိုင်းခြင်း၊ အချို့မှ စျေးလျှော့ဝယ်ယူလျက်ရှိကြောင်း သိရပါသည်။ တောင်သူများကလည်း စပါးရိတ်ရာတွင် ရိတ်ခြွေစက်များကို အသုံးပြုကြသဖြင့် ရိတ်ခြွေမှထွက်သော စပါးများကို ယခင်လို နေလှန်းခြင်း မပြုတော့ဘဲ စျေးကောင်းရသဖြင့် စက်ပိုင်များ၊ ကုန်သည်များထံ တိုက်ရိုက်ရောင်းချခြင်းတို့ကို ပြုလုပ်ကြကြောင်း၊ ထို့ကြောင့် စက်များတွင်စပါးများ စုပုံလာပြီး အခြောက်ခံရာတွင်လည်း မနိုင်နင်းမှုများကြောင့်လည်းကောင်း၊ ကြိတ်ခွဲရာတွင် အကျိုးအကြေများခြင်းနှင့် ဖွဲ့မှုန်ကပ်ခြင်း၊ ဆန်ဝါပေါက်တတ်ခြင်း၊ စက်ပိုင်နှင့် ကုန်သည်များကလည်း တင်ပို့ရောင်းချရာတွင် စျေးအရနည်းခြင်းတို့ကြောင့် စပါးဝယ်ယူရာတွင် ပေါင်ပိုယူခြင်းနှင့် စျေးလျှော့ဝယ်ယူခြင်းတို့ကိုပြုလုပ်လာကြကြောင်း သိရှိရပါသည်။ ရန်ကုန်ဆန်အဝယ်ဒိုင်များမှလည်း စပါးသစ်ကြိတ်စများကို သိုလှောင်ရာတွင် ကြာရှည်ထား၍မရသဖြင့် ဆန်ကိုလည်း စျေးလျှော့ဝယ်ယူလျက် ရှိကြောင်း သိရသည်။ စပါးသစ်ပေါ်စ ဆန်စျေးမှာ ကျပ် ၂၁၅၀၀ မှ ယခု အောက်တိုဘာလ ၂၄ ရက်တွင် ၁၉၈၀၀ ကျပ်ခန့်ရရှိနေပြီး စပါးစျေးမှာလည်း ပေါ်စ တစ်တင်းလျှင် ကျပ် ၅၂၀၀ ခန့်မှ ယခု ကျပ် ၄၈၀၀ ခန့်နှင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရပါသည်။

**မောင်မောင်မြတ်ခိုင်**

## အောင်ပန်းမြို့တွင် "ချင်း(ဂျင်း)တန်ဖိုးမြှင့်ကွင်းဆက်တွင် ပါသူများအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ကျန်းမာရေးအလုပ်ရုံဆွေးနွေးပွဲ"ကျင်းပ

ရှမ်းပြည်နယ်၊ အောင်ပန်းမြို့ ဟိုတယ် SS တွင် ILO ၏ Vision Zero Fund မှစီစဉ်၍ Winrock International နှင့် ပူးပေါင်းဆောင်ရွက်သည့် ချင်း(ဂျင်း)တန်ဖိုးမြှင့်ကွင်းဆက်တွင် ပါသူများအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအလုပ်ရုံ ဆွေးနွေးပွဲကို အောက်တိုဘာလ ၂၄ ရက်က ကျင်းပခဲ့ပါတယ်။

အခမ်းအနားတွင် အိုင်အယ်လ်အိုမှ ဆက်သွယ်ရေး အရာရှိမစ္စတာဂိုရီမန် က အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အကြောင်းကိုလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ရှမ်းပြည်နယ်၊ ပြည်နယ်ဦးစီးမှူး ဦးမြသန်းက အဖွင့်အမှာစကားပြောကြားပြီး၊ အိုင်အယ်လ်အိုမှ မစ္စမာရီယာနာက ဗွီးရှင်း ဇီးရိုး ရန်ပုံငွေ (Vision Zero Fund) အကြောင်း ရှင်းလင်းဆွေးနွေးခြင်း၊ Winrock International မှ မစ္စအန်းကလဲက ရှမ်းပြည်နယ်အတွင်းရှိ ချင်း(ဂျင်း) တန်ဖိုးမြှင့်ကွင်းဆက်ဆိုင်ရာ လုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ ချင်း(ဂျင်း)ကျွမ်းကျင်ပညာရှင် ဒေါက်တာရာဖီမှ မြန်မာ့ချင်း (ဂျင်း) နိုင်ငံတကာ ဈေးကွက်အဆင့်အတန်းမီရန် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအကြောင်းကိုလည်းကောင်း၊ အိုင်အယ်လ်အိုမှ မစ္စမာရီယံ က ချင်း(ဂျင်း) တန်ဖိုးမြှင့် ကွင်းဆက်ရှိ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တွေ့ရှိချက်များ၊ ကနဦးသတ်ချက်များနှင့် ဆောင်ရွက်နိုင်သည့် အစီအစဉ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက အဖွဲ့လိုက် ပြန်လည်တင်ပြခြင်း၊ အပြန်အလှန် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါတယ်။

အဆိုပါအခမ်းအနားသို့ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများ၊ ချင်း(ဂျင်း) သီးနှံ အားတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နေသည့် စက်ရုံလုပ်ငန်းရှင်များ၊ ချင်း(ဂျင်း)သီးနှံ ရောင်းဝယ်ရေး လုပ်နေသည့် ကုန်သည် လုပ်ငန်းရှင်များ၊ ဂျင်းစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**စောယုထွေး (တောင်ကြီး)**

## ရောဝတီတိုင်းဒေသကြီး၏ ပြည်ပပို့ကုန်သားရေစိမ်း

ဧရာဝတီတိုင်းဒေသကြီးအတွင်း နိုင်ငံခြားဝင်ငွေရှာဖွေပေးနေသော သားရေစိမ်းလုပ်ငန်းမှာ ပြည်ပပို့ကုန် ကုန်ပစ္စည်းတစ်ခုအဖြစ် ခိုင်ခိုင်မာမာရပ်တည်လျက်ရှိနေပြီး သားရေလုပ်ငန်းရှင်များသည် ပုသိမ်မြို့ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ သားသတ်လုပ်ငန်းများမှ ထွက်ရှိသော သားရေများကို ဝယ်ယူခြင်းနှင့် ဆားနယ်သားရေများကို ပုသိမ်မြို့နှင့် ရေကြည်၊ ကျုံပျော်၊ သာပေါင်း၊ ငပုတော၊ ကန်ကြီးထောင့်မြို့နယ်များမှ ဝယ်ယူလျက်ရှိကြောင်း သိရပါသည်။

ကျွဲ၊ နွားများ ညပိုင်းပေါ်ပြီး မနက်မိုးလင်းသားရေရုံသို့ ရောက်လာသော လတ်ဆတ်သောသားရေကို အစိမ်းရေဟု ခေါ်ပါသည်။ နွားသားရေတစ်ပိဿာလျှင် ကျပ် ၈၅၀ နှင့် ကျွဲသားရေတစ်ပိဿာလျှင် ကျပ် ၇၀၀ ဖြင့် ဝယ်ယူရကြောင်း၊ နွားသားရေတစ်ချပ်လျှင် အသေးရှစ်ပိဿာမှ အကြီးပိဿာ ၂၀ရှိပြီး ကျွဲသားရေမှာ အသေး ၁၅ ပိဿာမှ အကြီး ၄၅ ပိဿာခန့် အလေးချိန်ရှိကြောင်း သိရသည်။ သားရေရုံသို့ သားရေစိမ်းများရောက်လာပါက ဦးစွာအညစ်အကြေးနှင့် သွေးများစင်အောင် ရေဆေးရကြောင်း၊ ရေဆေးပြီးသားရေစိမ်းကို ဆားသုံး၊ လေးပိဿာခန့်ဖြင့် နယ်ရကြောင်း၊ နောက်တစ်နေ့တွင် ဆားနှစ်ပိဿာခန့်ဖြင့် ဒုတိယအကြိမ်နယ်ပြီး သားရေကန်ထဲတွင် ငါးပိကောင်ထပ်သလို ထပ်ထားရကြောင်း၊ ကန်ထဲရှိဆားနယ်ထားသော သားရေများကို ၁၀ ရက်တစ်ကြိမ် ဆားနှင့်အထက်အောက်လှန်ပေးရကြောင်း သိရှိရပါသည်။

သားရေကန်ထဲတွင် တစ်လခန့်စိမ်ထားပြီး စိုထိုင်းထိုင်းဖြစ်နေသော သားရေများကို ပုသိမ်မြို့ပေါ်ရှိ သားရေပွဲရုံများမှစုပြီး တစ်လတစ်ကြိမ် ရန်ကုန်သို့ တင်ပို့ရောင်းချ၍ ရန်ကုန်မှတစ်ဆင့် တရုတ်၊ ထိုင်း၊ အိန္ဒိယနိုင်ငံများသို့ တင်ပို့ပြီး လူသုံးကုန်ပစ္စည်းများဖြစ်သော သားရေဂျာကင်၊ သားရေအိတ်မျိုးစုံ၊ ပိုက်ဆံအိတ်၊ ခါးပတ်၊ ဖိနပ်၊ လူသုံးကုန်ပစ္စည်းများ ပြုလုပ်လျက်ရှိကြောင်း သိရပါသည်။

နယ်များမှလာရောင်းသော ကျွဲ၊ နွားသားရေများမှာ ဆားနယ်မှုစနစ်မကျသဖြင့် အပျက်အစီးများရှိကြောင်း၊ ၎င်းသားရေ အပျက်အစီးများကို ပြည်တွင်းဖိနပ်လုပ်ငန်းရှင်များအတွက် သစ်ခေါက်စိမ် သားရေဖိနပ်များ ပြုလုပ်ကြောင်း၊ သစ်ခေါက်စိမ်သော သားရေအညံ့များကို ထုံးဖြင့်အမွေးကျွတ်အောင် စိမ်ရကြောင်း၊ ထုံးသားနပ်၍ အမွေးချွတ်ရန်အသင့်ဖြစ်သောအခါ အမွေးချွတ်၊ အဆီခြစ်၊ ဗိုက်သားများအား ဓားကောက်ဖြင့် လှီးပစ်ရကြောင်း၊ လှီးပြီးသား သားရေများအား ထုံးဓာတ်ကုန်စေရန် အချဉ်စိမ်ရကြောင်း၊ သန့်ပြန့်ပြီးသားရေများအား ငုခေါက်၊ လိန်ခေါက်များဖြင့် သုံးလခန့်စိမ်၍ အသုံးပြုပြီး လက်ရှိ သားရေစိမ်းဈေးကွက် သို့ ပို့ရကြောင်း၊ ထိုမှတစ်ဆင့် ရန်ကုန်မှဝယ်လက်များက ပိဿာနှင့်ဝယ်ပြီး ပြည်ပသို့ ပေးနှင့်ရောင်းချလျက်ရှိကြောင်း ဈေးကွက်မှသိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီက ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်များတွင် ကန်ထရိုက်လယ်ယာစနစ် စိုက်ပျိုးနိုင်ရေးဆွေးနွေး

ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့် သက်ဆိုင်သော ကုမ္ပဏီကို ပုသိမ်မြို့ပေါ်ရှိ ဆန်စက်ပိုင်ရှင်၊ ဆန်ကုန်သည်၊ တောင်သူများဖြင့် ဖွဲ့စည်းခဲ့ပြီး ၂၀၀၉ ခုနှစ်မှစတင်၍ မျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးခြင်း၊ အကျိုးတူပူးပေါင်း စိုက်ပျိုးခြင်းတို့ကို နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။ မျိုးစပါး၊ နွေစပါးစိုက်ပျိုးချိန်တွင်လည်း တောင်သူများကို မိုးစပါး စိုက်ပျိုးစရိတ်၊ ဓာတ်မြေဩဇာ၊ သွင်းအားစုစက်သုံးဆီနှင့် လယ်ယာသုံး စက်ကိရိယာများကိုလည်း အရစ်ကျစနစ်ဖြင့် နှစ်စဉ်ရောင်းချပံ့ပိုးပေးလျက်ရှိသည်။

ယခုအခါ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်ဝင် အရည်အသွေးကောင်း မျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်လျက် ဒေသခံတောင်သူများ ဝင်ငွေတိုးပွားလာစေရန် ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်များတွင်လည်း ကန်ထရိုက်လယ်ယာစနစ်ဖြင့် ကုမ္ပဏီနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဧရာပုသိမ်ကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာဦးဝင်းမြင့်လှိုင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များသည် စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းပါဝင်လျက် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအုပ်ချုပ်ရေးမှူး၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်လျက်ရှိသည်။ ယင်းသို့ပြုလုပ်ရာတွင် ဩဂုတ် ၂၂ ရက်တွင် သာပေါင်းမြို့နယ်၊ အောင်တပ်ကျေးရွာ၌ လည်းကောင်း၊ ဩဂုတ်လ ၂၉ ရက်က ရေကြည်မြို့နယ်ထွေ/အုပ်ရုံး အစည်းအဝေးခန်းမတွင် လည်းကောင်း၊ စက်တင်ဘာ ၄ ရက်က ကျုံပျော်မြို့နယ်ဧရာမင်း ခန်းမတွင် လည်းကောင်း၊ စက်တင်ဘာ ၁၅ ရက်က ငပုတောမြို့နယ် အားကစားခန်းမတွင်လည်းကောင်း၊ စက်တင်ဘာလ ၂၀ ရက်က ကန်ကြီးထောင့်မြို့နယ်ထွေ/အုပ်ရုံး ဧရာသီရိသုခခန်းမတွင် လည်းကောင်း၊ အောက်တိုဘာ ၃ ရက်က ပုသိမ်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် လည်းကောင်း၊ အောက်တိုဘာလ ၁၆ ရက်တွင် ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမတွင်လည်းကောင်း တွေ့ဆုံ၍ ပုသိမ်ခရိုင် အတွင်းရှိ မြို့နယ်များတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကန်ထရိုက်လယ်ယာစနစ် စိုက်ပျိုးနိုင်ရေး ဆွေးနွေးခဲ့ကြောင်း ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့် သက်ဆိုင်သော ကုမ္ပဏီမှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၃၀-၁၀-၂၀၁၇ မှ ၅-၁၁-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးအတွက် အဆင်ပြေစေရန် အကြောင်းတရား ရှိလာတတ်သည်။ သင့်ဆန္ဒများမှာ အရာရာတွင် ဆန္ဒလွန်ကဲစွာဖြင့် လုပ်ကိုင်ပြောဆိုတတ်သည်။ လောကအတွေ့အကြုံများကို သင်ခန်းစာယူလိုသည်။ ဂျုံ၊ ကုလားပဲ၊ ဈေးတက်လိမ့်မည်။ ရွှေ၊ ငွေဈေးနှုန်းကျလာတတ်သည်။ လူမှုရေးတွင် ဝင်ဆံ့နေတတ်သည်။ ပညာရေးအတွက် တိုးတက်မှုရှိလာလိမ့်မည်။ ကျန်းမာရေးသင့်ပါသည်။ အချစ်ရေးတွင်အဆင်ပြေမှုများလာတတ်ပါသည်။ **ယတြာ။ ကံကော်ညွန့်လှူပါ။**



**တနင်္လာသားသမီးများအတွက်** ကိုယ့်ဆန္ဒမပါသောကိစ္စများကို ဝင်ရောက်ပြောဆိုပေးရတတ်သည်။ လူမှုဆက်ဆံရေးတွင် မောက်မာသူနှင့်ဆုံတွေ့ရတတ်သည်။ အနီရောင်ပစ္စည်းများ၊ ဆီ၊ ဝါဂွမ်းတို့ဈေးတက်လိမ့်မည်။ ရှယ်ယာဈေးကျတတ်သည်။ စီးပွားရေး၊ ပညာရေးအတွက်အားတက်လိမ့်မည်။ အဆင်ပြေသောလူမှုရေးအခြေအနေနှင့် ကြုံကြိုက်နေတတ်သည်။ ကျန်းမာရေးပုံမှန်ရှိနေလိမ့်မည်။ ချစ်သောသူအတွက် ခံစားချက်ပြင်းထန်လာတတ်သည်။ **ယတြာ။ ။ဇီးညွန့်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးတွင်ပိုးထည်၊ ကျောက်စိမ်း၊ ပန်းချီကားများ ဈေးတက်လာတတ်သည်။ ကော်ဖီ၊ လက်ဖက်တို့ဈေးကျမည်။ သူတစ်ပါး၏စကားကိုယုံလွယ်နေတတ်သည်။ ရာထူးတက်ရန်အလားအလာကောင်းနေမည်။ ဆွေမျိုးမိတ်ဆွေများအတွက် ဝမ်းသာစရာတွေ့ကြုံရလိမ့်မည်။ ကျန်းမာရေးစောင့်ရှောက်မှုအားနည်းနေတတ်သည်။ အချစ်ရေးအတွက် အလေးအနက်ထားကာ စဉ်းစားမိလိမ့်မည်။ ကျန်းမာရေးသတိရှိသင့်သောကာလဖြစ်နေတတ်သည်။
**ယတြာ။ ။ရွက်လှပန်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ရှုပ်ထွေးနေသောအလုပ်ကို ရှင်းအောင်လုပ်ရတတ်သည်။ မိတ်ဆွေရင်းဆွေမျိုးတို့နှင့် ဆွေးနွေးတိုင်ပင်ရတတ်သည်။ လုပ်ငန်းခွင်တွင်းအခက်အခဲကို ကျော်ဖြတ်ရန်ကြိုးစားရလိမ့်မည်။ ငွေကြေးအတွက်ပြောဆိုမှုအောင်မြင်မည်။ ပညာရေးတွင်ထူးချွန်လာတတ်သည်။ အချစ်ရေးအတွက် သောကဖြစ်စရာဖြစ်လာတတ်သည်။ ကျန်းမာရေးပုံမှန်ရှိနေမည်။
**ယတြာ။ ။မေမြို့ပန်းလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေး၊ ပညာရေးအတွက်အားတက်လိမ့်မည်။ အဆင်ပြေသော လူမှုရေးအခြေအနေနှင့်ကြုံကြိုက်နေတတ်သည်။ မိမိ၏စိတ်ချမ်းသာမှုဘဝကို ဖြိုဖျက်သူလည်းရှိလာတတ်သည်။ လူမှုဆက်ဆံရေးတွင် မောက်မာသူနှင့် ဆုံတွေ့ရတတ်သည်။ စီးပွားရေးအတွက် အဆင်ပြေရန် အကြောင်းတရားရှိလာမည်။ သစ်သီးများ၊ ရေမွှေး၊ သကြား၊ ရေခဲ၊ ပုလဲ၊ ဆန်ဈေးများကျလိမ့်မည်။ စက်ပစ္စည်းများ ဈေးတက်လိမ့်မည်။ ပညာရေး၊ အချစ်ရေး၊ ကျန်းမာရေးကံကောင်းနေမည်။ **ယတြာ။ ။သီဟိုဠ်ညွန့်လှူပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းခွင်တွင် အခက်အခဲကိုကျော်ဖြတ်ရန် ကြိုးစားရလိမ့်မည်။ မိမိအပေါ် သူတစ်ပါးက ကောက်ကျစ်သောသဘောဖြင့် ပြောဆိုလာတတ်သည်။ စီးပွားရေးတွင် အလှကုန်ပစ္စည်း၊ မုန့်မျိုးစုံ၊ ဖိမ်ခံပစ္စည်းများ၊ စိန်ဈေးနှုန်းများတက်လာတတ်သည်။ ပညာရေး၊ စီးပွားရေးအတွက်အောင်မြင်မှုရှိရန် အခွင့်အလမ်းတွေ့လာတတ်သည်။ အထက်လူကြီး၏ ငြိုငြင်ခြင်းခံရတတ်သည်။ အချစ်ရေးအတွက် အဆင်ပြေလိမ့်မည်။ ကျန်းမာရေးသင့်မည်။
**ယတြာ။ ။ဒန်းညွန့်လှူပါ။**



**စနေသားသမီးများအတွက်** ပညာရေး၊ စီးပွားရေးတွင် လုံ့လစိုက်ထုတ်ခြင်းဖြင့်ညီမျှသော အောင်မြင်မှုရှိလာတတ်သည်။ ဓာတုပစ္စည်း၊ ကားအမျိုးမျိုး၊ ရေယာဉ်အမျိုးမျိုး၊ ဖိမ်ခံ ပစ္စည်းများ၊ ဈေးနှုန်းတက်လာတတ်သည်။ ထောပတ်နှင့်ဆီတို့ဈေးကျလိမ့်မည်။ ဘာသာရေးတွင် ကျင့်ကြံမှုအားကောင်းလာတတ်သည်။ မမျှော်လင့်သောပစ္စည်းဥစ္စာဝင်လာတတ်သည်။ ကျန်းမာရေးတွင် သွေးသားမမှန်ခြင်းကြောင့် ယားယံခြင်းတို့ဖြစ်တတ်ပါသည်။ အချစ်ရေးတွင် ပတ်ဝန်းကျင်စွက်ဖက်မှုရှိလာတတ်သည်။ **ယတြာ။ ။ အုန်းညွန့်လှူပါ။**

# Contract Farming စနစ်ဖြင့် ကုလားပဲများစိုက်ပျိုး

ပြည်ပဈေးကွက်ရှိပြီး ဈေးကောင်းရသည့်ပဲများကိုသာ စိုက်ပျိုးမှုများပြားတဲ့ မြင်းခြံခရိုင်မှာ ပြည်ပဈေးကွက်ဝင်သီးနှံများဖြစ်တဲ့ ပဲစင်းငုံ၊ မတ်ပဲနဲ့ ပဲတီစိမ်းတို့ကို အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှု မူဝါဒပြောင်းလဲမှုကြောင့် ဈေးကွက်ပျက်ပြီး စိုက်ပျိုးသူ၊ တင်ပို့သူ၊ ရောင်းချသူတွေအနေနဲ့ ရတက်မအေးဖြစ်ကြရပါတယ်။ ဒါကြောင့် မြင်းခြံခရိုင်မှ တောင်သူများအနေနဲ့ မတ်ပဲ၊ ပဲတီစိမ်းစိုက်ပျိုးတဲ့နေရာမှာ တောင်သူတွက်ခြေကိုက်တဲ့ ဈေးကွက်ဝင်သီးနှံများ အစားထိုး စိုက်ပျိုးနိုင်ရေးအတွက် မိမိဒေသနဲ့ကိုက်ညီတဲ့အပြင် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်မှာပါ တွင်ကျယ်ပြီးဖြစ်တဲ့ကုလားပဲကို အစားထိုးစိုက်ပျိုးဖို့ တောင်သူတွေအနေနဲ့ စိတ်ဝင်စားလာပါတယ်။

မြင်းခြံခရိုင်အတွင်းရှိ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဈေးနှုန်းအာမခံချက်ရရှိရေး၊ သီးနှံအရည်အသွေးမြင့်မားရေး၊ အထွက်နှုန်းတိုးတက်ရေးနှင့် GAP စနစ်နှင့်အညီ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်၍ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် မြင်းခြံမြို့ ကိုးသုံးလုံးမဟာသမာဓိရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်နဲ့ ကုလားပဲစိုက် တောင်သူများဟာ Contract Farming စနစ်နဲ့ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက် ရှိပါတယ်။

ကိုးသုံးလုံးမဟာသမာဓိကုမ္ပဏီအနေနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့ တောင်သူတွေကိုမျိုးတစ်တင်း ကျပ် ၆၅၀၀၀ ဈေးရှိတဲ့ အထွက်နှုန်းမြင့်မားသော ရေဆင်း ၈ နဲ့ ရေဆင်း ၁၂ မျိုးတို့ကို ဖြန့်ဝေပြီးဖြစ်ပါသည်။ ပံ့ပိုးမှုအနေနဲ့ ဓာတ်မြေဩဇာ၊ မှိုသတ်ဆေး၊ ပိုးသတ်ဆေး၊ သွင်းအားစုများအတွက် တန်ဖိုး ကျပ် ၉၁၀၀၀ နဲ့ ကျပ် ၈၃၀၀၀ တန်ဖိုးရှိတဲ့ သွင်းအားစုနှစ်မျိုးအနက်မှ တောင်သူအနေနဲ့ မိမိနှစ်သက်ရာတစ်မျိုးကို ရွေးချယ်ရယူနိုင်ကြောင်းနဲ့ မျိုးတစ်တင်းပေး၊ တစ်တင်းခွဲယူစနစ်နဲ့ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ကုလားပဲ တစ်ဧကကုန်ကျစရိတ် ကျပ် ၂၇၅၀၀၀ မှာ အထွက်တိုးမျိုးကို စိုက်တာဖြစ်တဲ့အတွက် တစ်ဧကအထွက်နှုန်းတင်း ၂၀၊ ၂၅ တင်းခန့်ထွက်ဖို့ ခန့်မှန်းထားကြောင်းနဲ့ လက်ရှိပေါက်ဈေးတစ်တင်းကျပ် ၃၈၀၀၀ နှုန်းနဲ့ဆို တစ်ဧကကျပ် ၉၅၀၀၀၀ လောက်ပြန်ရမှာဖြစ်လို့ တစ်ဧက ကျပ် ၆၇၅၀၀၀ လောက် အကျိုးအမြတ်ရရှိမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ကျေးရွာတွေမှာ Contract Farming စနစ်နဲ့ ကုလားပဲစိုက်ပျိုးဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ညှိနှိုင်း၍ ကုလားပဲစိုက်ဧက ၃၀၀ လောက် လျာထားခဲ့ပါတယ်။ ယခုလက်ရှိ ကုလားပဲစိုက်ပျိုးပြီးစီးမှုအနေနဲ့ မြင်းခြံမြို့နယ် တလုပ်ကျေးရွာမှာ ဧက ၇၀၊ တောပု ၁၇ ဧက၊ ထနောင်တိုင် ၁၄ ဧကနဲ့ သစ်ပင်ရှည် ၅ ဧက၊ စုစုပေါင်း ၉၆ ဧကစိုက်ပျိုးထားရှိပြီး ဖြစ်ပါတယ်။ ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်က ဧက ၂၀၀ တိုးချဲ့စိုက်ပျိုးသွားမှာဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနနဲ့ ချိတ်ဆက်ဆောင်ရွက်လျက် ရှိပါတယ်။ ထနောင်းတိုင်ရွာမှာ ဧက ၁၀၀၊ ငါ့နန်းကျေးရွာမှာဧက ၅၀ နဲ့ ကျန်ဧက ၅၀ ကိုတော့ စိုက်ပျိုးရေးဦးစီးဌာနက ချိတ်ဆက်ပေးမယ့် ကျေးရွာတွေမှာ တိုးချဲ့စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။

ကုလားပဲ(ဆောင်း)ကို တချို့တောင်သူတွေက အောက်တိုဘာလလောက်မှာ စိုက်ပေမယ့် တချို့တောင်သူတွေကတော့ စပါးရိတ်သိမ်းပြီးမှ စိုက်ကြတာရှိပါတယ်။ မြင်းခြံခရိုင်အနေနဲ့ ကုလားပဲကို ၂၀၁၅-၂၀၁၆ ခုနှစ် စိုက်ဧက ၃၆၁၅၀ မှာ အထွက်နှုန်း ၁၁ တင်းခန့်နဲ့ အထွက်တင်းပေါင်း ၄၀၀၀၀၀ ခန့် ထွက်ရှိခဲ့ပြီး ကုလားပဲတစ်ပိဿာဈေး ကျပ် ၂၁၀၀ ဝန်းကျင်ခန့်ရှိခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာတော့ ကုလားပဲစိုက်ဧက ၃၅၈၁၂ ဧကစိုက်ပျိုးပြီးအထွက်တင်းပေါင်း ၃၉၀၀၀၀ လောက် ထွက်ရှိခဲ့ပါတယ်။ ကုလားပဲတစ်ပိဿာဈေးကတော့ ကျပ် ၂၄၀၀ ဈေး အထိရှိခဲ့ပါတယ်။

မြင်းခြံခရိုင်အနေနဲ့ ဒီနှစ်ကုလားပဲ (ဆောင်း)ကို ၂၀၁၇ ခုနှစ် အောက်တိုဘာလနောက်ဆုံးပတ်အထိ လျာထားစိုက်ဧက ၃၂၀၀၀ နီးပါးမှာကွင်းဆင်းဒေသ အမှန်စာရင်းအနေနဲ့ ဧက ၁၆၀၀ နီးပါး စိုက်ပျိုးပြီးဖြစ်ပါတယ်။ ကုလားပဲ(ဆောင်း)ကို အောက်တိုဘာလ၊ နိုဝင်ဘာလများမှာ စတင်စိုက်ပျိုးကြပြီး ဖေဖော်ဝါရီ၊ မတ်နဲ့ ဧပြီလများမှာ ရိတ်သိမ်းကြပါတယ်။ ကုလားပဲဟာ ပြည်တွင်းမှာထွက်တဲ့ ပဲမျိုးစုံအနက် လူကြိုက်အများဆုံးပဲဖြစ်ပြီး ခွန်အားလည်းဖြစ်စေတဲ့အတွက် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ပါတွင်ကျယ်တဲ့ဈေးကွက်ဝင် သီးနှံဖြစ်လို့ စိုက်ပျိုးသင့်တဲ့သီးနှံဖြစ်သလို တောင်သူရောကုန်သည်ပါ နှစ်ဦးနှစ်ဖက်အကျိုးရှိတဲ့ Contract Farming စနစ်များလည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ထွန်းပေါ်ပေါက်လာစေရန် စုစည်းတင်ပြလိုက်ရပါတယ်။

**မျိုးသီတာ(မြင်းခြံ)**

# ရေစကြိုမြို့နယ်၊ ဆင်ကြို့(ရွာမ)ကျေးရွာတွင် ပဲစင်းငုံလှော်လုပ်ငန်းဖြင့် ဝင်ငွေတိုးပွား၍ အဆင်ပြေလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးမြင့်ဦး၊ ရေစကြိုမြို့နယ်တာဝန်ခံဦးမြတ်မင်းနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၇ ရက်တွင် ပခုက္ကူခရိုင်အတွင်းရှိ ရေစကြိုမြို့နယ်၊ ဆင်ကြို့(ရွာမ) ကျေးရွာရှိဒေါ်သန်းသန်းဝေ၏ ပဲစင်းငုံလှော်လုပ်ငန်းအား ကွင်းဆင်းလေ့လာခဲ့ပါသည်။

ကုန်ကြမ်းဖြစ်သော ပဲစင်းငုံများကိုပခုက္ကူမြို့၊ မြိုင်လမ်း (၁၁) လမ်းရှိ ‘အောင်ထူးရှယ်’ပွဲရုံမှ အိမ်အရောက် တစ်တင်းလျှင်ကျပ် ၂၀၀၀၀ ခန့်ဖြင့် ဝယ်ယူခဲ့ကြောင်း၊ ပဲစင်းငုံများကို မလှော်မီ ပထမဆုံး သန့်ရှင်းအောင် ရေစိမ်/ရေဆေးရကြောင်း၊ ရေပေါ်တက်လာသော အပေါ်ယံအဖျားများကိုလည်း နွားစာအဖြစ် ရောင်းရကြောင်း၊ ဆေးပြီးသား ပဲစင်းငုံများကို တောင်းထဲထည့် အဝတ်ဖြင့်အုပ်၍ တစ်ညသိပ်ပြီးနောက်တစ်နေ့နံနက် နေလှမ်းရကြောင်း၊ နေလှမ်းရာတွင်လည်း တစ်နေ့ဆိုလျှင် လုံလောက်ကြောင်း၊ ပဲလှော်ရာတွင်လည်း ဆားကိုသုံးပြီး ပဲစင်းငုံတစ်တင်းလျှင် ဆားတစ်ပိဿာ သုံးကြောင်း၊ တစ်အိုးခင်းလျှင် ပဲတစ်ဗူးသာ ထည့်လှော်ပြီးတစ်မိနစ်သာ လှော်ရကြောင်း၊ ပဲစင်းငုံလှော်များကို ရှင်မတောင် တောင်ခြေရှိကျေးရွာများသို့ သွားရောက်ရောင်းချကြောင်း၊ နို့ဆီဗူး တစ်ဗူးလျှင် ကျပ် ၃၀၀ ဖြင့် ရောင်းရပြီး သုံးရက်ကို တစ်တင်းခွဲရောင်းရကြောင်း၊ ရွာအတွင်းမှာဆိုလျှင် နို့ဆီဗူး တစ်ဗူးကို ကျပ် ၂၅၀ ဖြင့် ရောင်းရပြီး ဘုရားဖူးလာသူများနှင့် အလှူအတန်းရှိလျှင် ပို၍ ရောင်းရကြောင်း၊ ပဲစင်းငုံလှော်လုပ်ငန်းမှ ရရှိသည့်ဝင်ငွေဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေလျက်ရှိကြောင်း ပဲလှော်လုပ်ငန်းလုပ်ကိုင်သူ ဒေါ်သန်းသန်းဝေက ပြောကြားခဲ့သည်။

ပဲစင်းငုံလှော်သည် ကျန်းမာရေးနှင့်ညီညွတ်၍ အာဟာရပြည့်ဝပြီး လူကြီး၊ လူငယ်မရွေးစားသုံးနိုင်သောကြောင့် စားသုံးသူမိဘပြည်သူများ စားသုံးရန်သင့်သော မြန်မာ့ရိုးရာ အစားအစာတစ်ခုဖြစ်ကြောင်းနှင့် ယခုလုပ်ငန်းကိုလုပ်ကိုင်နေသည်မှာ ယခုမှ အရေးပေါ်ထလုပ်သည့်လုပ်ငန်းမဟုတ်ဘဲ မိဘများလက်ထက်ကတည်းက လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပဲစင်းငုံတစ်မျိုးတည်းမဟုတ်ဘဲ ပဲကြီး၊ ပဲဇီးကွက်၊ ကုလားပဲ၊ ပဲနီကြားစသည့် အခြားပဲများကိုလည်း လှော်၍ ရောင်းချကြောင်း သိရှိရပါသည်။

**မြင့်ဦး၊ သူဇာကျော်(ပခုက္ကူ)**

# ပြည်တွင်းရှိ ငွေကြေးအဖွဲ့အစည်းများနှင့် ဘဏ်များအတွက် NCR မှ CxBanking solution suite ကို စတင်မိတ်ဆက်

ပြည်တွင်းရှိငွေကြေး အဖွဲ့အစည်း များနှင့် ဘဏ်များအတွက် NCR မှ CxBanking solution suite ကို စတင် မိတ်ဆက်ခဲ့သည်။

အဆိုပါနည်းပညာကို အသုံးပြု ပါက ဘဏ္ဍာငွေကြေးအဖွဲ့အစည်း များအနေဖြင့် Customer များနှင့် လစ်ဟာမှု မရှိဘဲ လုပ်ငန်းဆက်သွယ် ဆောင်ရွက်မှုများကို လုပ်ဆောင်လာနိုင်မည့် အပြင် ဝန်ဆောင်မှုမြန်ဆန်စွာပေးနိုင်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုပြတ်တောက်ချိန် နည်းပါးခြင်း၊ လုပ်ငန်းခွဲများ၏ စွမ်းရည် တိုးတက်လာခြင်းနှင့် ဝန်ထမ်းများ နေရာချထားရေးတို့အတွက် ပိုမို အဆင်ပြေစေမည်ဖြစ်ကြောင်း သိရ သည်။

"ဒီနေ့ခေတ် Customer တွေက ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ အပြန် အလှန်ဆက်သွယ်နိုင်ဖို့အတွက် ဆက် သွယ်ရေးနည်းလမ်းမျိုးစုံကို အသုံးပြု လာကြပြီး အဲဒီကနေတစ်ဆင့် အပြန် အလှန် ဆက်သွယ်နိုင်မှုကို အမြဲမပြတ် ရရှိနိုင်ဖို့ မျှော်လင့်ထားပါတယ်။ အဲဒါ ကြောင့် နောင်လာမယ့် အွန်လိုင်းနဲ့ မိုဘိုင်းဝန်ဆောင်မှုလုပ်ငန်း မျိုးဆက် သစ်မှာ အဲဒီအပြန်အလှန် ဆက်သွယ် မှုကိုဖြည့်စွက်ပြီး ငွေပေးချေမှုတွေကို Customer တွေကြိုက်တဲ့နေရာမှာ ကြိုက်တဲ့နည်းနဲ့ လုံခြုံမှုရှိရှိ အချိန်မရွေး လုပ်ဆောင်နိုင်တဲ့ ၂၄ နာရီဘဏ်လုပ်ငန်း ဝန်းကျင်တစ်ခုကိုဖန်တီးဖို့ ဦးတည်နေ ပါတယ်" ဟု NCR ဘဏ္ဍာငွေကြေး ဝန်ဆောင်မှုပိုင်းတွင် Vice President အဖြစ် တာဝန်ထမ်းဆောင်သူ Jose Resendiz က ပြောသည်။

NCR သည် အလျင်မြန်ဆုံး၊ လုံခြုံစိတ်ချရဆုံးငွေပေးချေမှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်သည့် Authentic Solution ကို စတင်ဖြန့်ချိလိုက်ပြီဖြစ် သည်။ Authentic သည် PA-DSS 3.1 စံညွှန်းနှင့်အညီ ဆောင်ရွက်မှုပေးနိုင် သည့် ပထမဆုံးအကြီးစားငွေပေးချေမှု ပလက်ဖောင်းတစ်ခုဖြစ်ပြီး ယနေ့ ခေတ်၏ ပြောင်းလဲမှုလျင်မြန်သော ငွေပေးချေမှုလုပ်ငန်းများအတွက် ရည် ရွယ် ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Trustlink ၏ မန်နေဂျင်းဒါရိုက်တာ ဦးသူရိန်ထွန်းက "Customer တွေရဲ့ လိုအပ်ချက်ကိုသိပြီး အနာဂတ်မှာ ခေတ်စားလာမယ့်ပုံစံကို ကြိုတင်ခန့်မှန်းခြင်းက ကျွန်တော်တို့လုပ်ငန်းရဲ့ တာဝန်ပါပဲ။ NCR ရဲ့ ကမ္ဘာ့ထိပ်တန်း နည်းပညာဆန်းသစ်မှုတွေကို ဖြန့်ဖြူး ပေးနိုင်အောင် သူတို့နဲ့ မဟာဗျူဟာကျကျ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းက ဘဏ္ဍာငွေကြေးအဖွဲ့အစည်းတွေကို စွမ်းရည်မြင့်မားမှု၊ စိတ်ချရမှု၊ တိုးတက်အောင်မြင်မှုရရှိဖို့ အတွက် လူကိုယ်တိုင်ရော ဒစ်ဂျစ်တယ် ဆက်သွယ်ရေးလိုင်းတွေကပါ Customer တွေကိုကူညီပေးသွားမှာပါ"ဟုပြောသည်။

# ပြည်တွင်းရှိဓာတုဗေဒအင်ဂျင်နီယာ ကျောင်းသား ၆ ဦးအား Honeywell ကုမ္ပဏီက ပညာသင်ဆုပေးအပ်

ကမ္ဘာ့ထိပ်တန်း ကုမ္ပဏီတစ်ခုဖြစ်သော Honeywell က ပြည်တွင်းရှိ နည်းပညာတက္ကသိုလ် နှစ်ခုတွင် ဓာတုဗေဒဘာသာရပ်ကို အထူးပြုလေ့လာနေသော ကျောင်းသားခြောက်ဦးအား ပညာသင်ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပညာသင်ဆုပေးအပ်ခြင်းမှာ ဒုတိယ အကြိမ်မြောက်ဖြစ်ပြီး ကျောင်းသားတစ်ဦးလျှင် အမေရိကန် ဒေါ်လာ ၅၀၀ စီ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပညာသင်ဆု ရရှိသူများအနေဖြင့် Honey well UOP ၏ အမေရိကန်ရှိ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုစခန်းတွင် အလုပ်သင်အခွင့်အရေး ရရှိမည်ဖြစ်ပြီး အလုပ်သင်အခွင့်အရေးအတွက် ရွေးချယ်ခံရသော ကျောင်းသားများ၏ အရည်အချင်းများ ပိုမိုတိုးတက်လာစေရန် နည်းပညာပိုင်းမှ အတွေ့အကြုံများကိုပါ ပြန်လည်မျှဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပညာသင်ဆုက မြန်မာနိုင်ငံမှာ Honeywell အနေနဲ့ ဒုတိယအကြိမ် ပြုလုပ်တာပါ။ ပညာသင်ဆုပေးရတာကလည်း ဓာတုဗေဒအင်ဂျင်နီယာ ဘာသာရပ်ကို လေ့လာသင်ယူနေကြတဲ့ အရည်အချင်းရှိ ကျောင်းသားလူငယ်တွေကို မြေတောင်မြှောက်ပေးပြီး မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ တစ်ဖက်တစ်လမ်းက ပါဝင်ကူညီတာပါ"ဟု Honeywell UOP ၏ Vice President Jim Rekoske က ပြောသည်။

"ကျွန်တော်တို့ရဲ့ အစီအစဉ်က မြန်မာနိုင်ငံမှာရှိတဲ့ ထိပ်တန်းတက္ကသိုလ်တွေနဲ့အတူ ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံရဲ့ ရေနံဓာတုနဲ့ ဓာတ်ငွေ့ဆိုင်ရာသန့်စင်ရေး၊ ထုတ်လုပ်ရေးကဏ္ဍတွေကို နှစ်ပေါင်းများစွာ အထောက်အကူပြုမယ့် မြန်မာ့သိပ္ပံနဲ့ သုတေသနကျွမ်းကျင်သူ နောက်မျိုးဆက်သစ်တွေ အတွက် ရင်းနှီးမြှုပ်နှံပေးတဲ့ သဘောပါ"ဟု ၎င်းက ထပ်မံပြောသည်။

Honeywell UOP အနေဖြင့် ပညာသင်ဆုများနှင့် အလုပ်သင်အခွင့်အရေးများအပြင် ဗီယက်နမ်၊ စင်ကာပူ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများရှိ ထိပ်တန်းတက္ကသိုလ် ၁၂ ခုတွင် ရေနံဓာတုဗေဒဆိုင်ရာ ပြန်လည်သန့်စင်ခြင်း အပိုင်း၌ သင်တန်းများကိုနှစ်စဉ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါ ပို့ချချက်များသည် တက္ကသိုလ် အဖွဲ့အစည်းများရှိ ဓာတုဗေဒအင်ဂျင်နီယာ ဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို အထောက်အကူပြုသလို ဒေသတွင်း၌ ကျွမ်းကျင်ပညာရှင်များ ထွက်ပေါ်လာစေရန် အထောက်အကူဖြစ်ကြောင်း သိရသည်။

■

# စင်ကာပူတွင် ကျင်းပမည့် Property Guru Asia Property Awards 2017 ပြိုင်ပွဲတွင် ပြည်တွင်းမှ သုံးဦးဝင်ပြိုင်မည်

စင်ကာပူနိုင်ငံတွင် ကျင်းပမည့် Property Guru Asia Property Awards 2017 ပြိုင်ပွဲတွင် ပြည်တွင်းမှ ဆုရရှိသူသုံးဦး ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

"Asia Property Awards 2017 ပြိုင်ပွဲမှာ ပြီးခဲ့တဲ့နှစ်မှာ ပြည်တွင်းက ဆုရရှိတဲ့သူ သုံးဦး ဝင်ပြိုင်မယ်။ ဒီလို ဝင်ပြိုင်တဲ့အတွက် ကုမ္ပဏီတွေဘက်က ရောင်းအားမှာပိုခိုင်မာတဲ့အပြင် ဝယ်သူဘက်ကလည်း ရင်းနှီးမြှုပ်နှံမှုအတွက် စိတ်ချရပါတယ်။ အရင်ကထက်လည်း အရည်အသွေးကောင်းတဲ့ ပရောဂျက်တွေ ပိုများလာပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာရှအဆင့်အထိမှာ Sedona Hotel က ဆုရဖူးတယ်"ဟု အာရှအိမ်ခြံမြေဆုပေးပွဲ၏ အုပ်ချုပ်မှုဒါရိုက်တာ မစ္စတာတယ်ရီဘာလက်ဘန်းက ပြောသည်။

ပြည်တွင်းမှ ဆုရရှိသူများအနေဖြင့် လာမည့်လတွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် ဒေသတွင်းအဆင့် အာရှအိမ်ခြံမြေဆုပေးပွဲ၏ နောက်ဆုံးပိုလ်လုပွဲတွင် အာရှ၏ အကောင်းဆုံးအဖြစ် သတ်မှတ်ခံရရန် ပြင်ဆင်နေကြောင်း၊ အစိုးရမှ လုပ်ဆောင်နေသည့် ပေါ်လစီနှင့်နည်းဥပဒေပြင်ဆင်မှုများ အမြန်ဆုံးပေါ်ထွက်ရန် မျှော်လင့်ကြောင်း သိရသည်။

ယခုကဲ့သို့ ပြိုင်ပွဲမျိုးကျင်းပသည့်အတွက် စီမံကိန်းများပေါ်ထွက်လာသလို လုပ်ငန်းရှင်များဘက်မှလည်း အရည်အသွေးပိုင်း ဦးစားပေးမှုများ မြင်တွေ့လာရကြောင်း၊ ပြိုင်ပွဲအတွက် ရွေးချယ်ရာတွင်လည်း လုပ်ငန်းခွင်နယ်ပယ်ဆိုင်ရာနှင့် ယုံကြည်စိတ်ချရသည့် ဒိုင်အဖွဲ့များမှ ရွေးချယ်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

# Milo နှင့် FC Barcelona တို့ ပူးပေါင်း၍ MILO Football Clinic Program လုပ်ဆောင်မည်

မိုင်လိုနှင့် FC Barcelona တို့ ပူးပေါင်း၍ မြန်မာ့မျိုးဆက်သစ်လူငယ်များအတွက် MILO Football Clinic Program လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပရိုဂရမ်ကို လမ်းပျော်ကလေးများနှင့် နေရာဒေသပေါင်းစုံမှ ကလေးများ တိုးတက်အောင်မြင်စေရန်အတွက် အားကစားမှတစ်ဆင့်ကူညီရန်၊ ဘောလုံးအားကစားပညာရှင်များ မွေးထုတ်ပေးရန်နှင့် ဘေးကင်းကင်းနှင့် စနစ်တကျ လေ့လာနိုင်စေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပရိုဂရမ်မှာ မိုင်လိုနဲ့ပူးပေါင်းပြီး ကျန်းမာသွက်လက်တဲ့ ဘဝပုံစံရရှိဖို့ အားကစားက ဘယ်လိုအထောက်အကူပြုတယ်ဆိုတာကို အားကစားအစီအစဉ်တွေကနေတစ်ဆင့် ပညာပေးသွားမှာပါ။ နောက်ပြီး MILO Football Clinic Program မှာ အခြေခံဘောလုံးကစားနည်းတွေကစပြီး သင်ကြားပေးသွားမှာပါ။ အဓိကကတော့ ပြည်တွင်းက ဘောလုံးဝါသနာရှင်ကလေးတွေရဲ့ ဘောလုံးအရည်အချင်းတွေကို မြှင့်တင်ပေးဖို့နဲ့ အားကစားရဲ့ အရေးပါပုံကို နားလည်စေချင်လို့ပါ" ဟု Power Soccer Academy မှ Mr. Albert Stages Kamara က ပြောသည်။

အဆိုပါအစီအစဉ်ကို ရန်ကုန်၊ မန္တလေးနှင့် ပြင်ဦးလွင်မြို့များတွင် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ နည်းပြ သုံးဦးကို ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း သိရသည်။

လေ့ကျင့်ခြင်းအစီအစဉ်တွင် အသက် ၆ နှစ်မှ ၁၈ နှစ်အရွယ်ရှိ ကလေး ၄၆၀ ကျော်ကို သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး ဘောလုံးသင်တန်းအစီ အစဉ်တစ်ခုလျှင် ကျပ် ၁၅၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ပါဝင်လိုသူများအနေဖြင့် နိုဝင်ဘာလမှစတင်၍ Winner Sport Shop နှင့် Interpan Myanmar Office တို့တွင် ပတ်စ်ပို့ဓါတ်ပုံနှစ်ပုံဖြင့် မှတ်ပုံတင်နိုင်ပြီဖြစ်ကြောင်း၊ အသက် ၇ နှစ်မှ ၁၄ နှစ်အရွယ် ကလေးများအတွက်ကိုလည်း မိုင်လိုမှ မှတ်ပုံတင်ကြေး ၅၀ ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်ကြောင်း MILO Myanmar Facebook သိရသည်။

■

## အနောက်တိုင်းစတိုင်လ် အစားအစာကို ကြိုက်နှစ်သက်သူများအတွက် Babett Eatery & Bar ဖွင့်လှစ်

အနောက်တိုင်းစတိုင်လ် အစားအစာများကို ကြိုက်နှစ်သက်သူများအတွက် Babett Eatery & Bar ကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဆိုင်တွင် အနောက်တိုင်းစတိုင်လ် မနက်စာအမျိုးမျိုး၊ အသားနှင့် ချိစ်အမျိုးမျိုးအပြင် နေ့စဉ်အထူးစပါယ်ရှယ် ဟင်းလျာများကိုပါ ရွေးချယ်သုံးဆောင်နိုင်ကြောင်း သိရသည်။

ဆိုင်၏အပြင်အဆင်မှာ ဆန်းသစ်မှုများထက် ခေတ်နှောင်းပိုင်း၏ ပုံရိပ်များဖြင့်ပုံဖော်ထားပြီး သူငယ်ချင်း အပေါင်းအသင်းများဖြင့် အေးအေးဆေးဆေး စားသောက်လိုသူများအတွက် သင့်တော်သောနေရာလည်း ဖြစ်သည်။

"ဆိုင်က Hotel G Yangon ရဲ့ လက်အောက်မှာရှိပေမယ့် တအားဈေးကြီးတဲ့အထဲမှာ မပါပါဘူး။ ဈေးနှုန်းတွေကိုလည်း သင့်တင့်မျှတအောင်လုပ်ပေးထားပါတယ်။ ပေးရတဲ့ဈေးနဲ့ ပြန်ရတဲ့ အစားအသောက်ကို တန်တယ်ထင်ရမှာပါ"ဟု Babett Eatery & Bar မှ မန်နေဂျာက ပြောသည်။

Babett Eatery & Bar ဆိုင်တွင် Daily Special Menu များကို စီစဉ်ထားရှိသလို ဗုဒ္ဓဟူးနေ့၏ ညတိုင်းတွင် လာရောက်သည့် အမျိုးသမီးတိုင်းအတွက် Free Drink ပေးထားကြောင်း သိရသည်။

ဒါ့အပြင် ချက်ပြုတ်မည့် အစားအသောက်များအတွက် ပြည်ပမှတိုက်ရိုက် မှာယူထားခြင်းဖြစ်ပြီး Set အလိုက်မှာ ယူ၍လည်း စားသောက်နိုင်ကြောင်း သိရသည်။

ချောစု စုစည်းတင်ပြသည်။




## ငါးကြိမ်မြောက် Myanmar Water 2017 နှင့် တတိယအကြိမ် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာပြပွဲပြုလုပ်

ငါးကြိမ်မြောက် Myanmar Water 2017နှင့် တတိယအကြိမ်မြောက် ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်နှင့် စွမ်းအင်အား ထိရောက်စွာ အသုံးချခြင်းပြပွဲ (RE EE 2017) နှစ်ရပ်အား ရန်ကုန်မြို့၊ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၂၆ ရက်မှ ၂၈ရက်အထိ သုံးရက်ကြာပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါပြပွဲနှစ်ရပ် ဖွင့်လှစ်ခြင်းအခမ်းအနားကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးတို့မှ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

Myanmar Water 2017 ပြပွဲတွင် နိုင်ငံပေါင်း ၂၀ ကျော်မှ ကုမ္ပဏီ ၁၈၀ ကျော်၏ အဆင့်မြင့်ထုတ်ကုန်များကို လာရောက်ပြသခဲ့ပြီး တရုတ်၊ ဂျာမနီ၊ ဂျပန်၊ အစ္စရေး၊ မလေးရှား၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)နှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံတကာပြခန်းပေါင်း ရှစ်ခုကိုလည်းပြသပေးခဲ့ပြီး မြန်မာနိုင်ငံရှိစက်မှုလုပ်ငန်းနှင့် အိမ်သုံးရေဆိုးရေညစ်သန့်စင်ရေးစနစ်အပေါ် ခြုံငုံသုံးသပ်ချက်နှင့် ဖြေရှင်းနည်းများ၊ ကျေးလက်နှင့် မြို့ပြရေပေးဝေရေးစီမံခန့်ခွဲမှုနှင့် မြန်မာနိုင်ငံရှိ ဘက်ပေါင်းစုံရေအရင်းအမြစ်စီမံခန့်ခွဲမှု အစရှိသည့် အကြောင်းအရာများအပေါ် နည်းပညာစာတမ်းဖတ်ပွဲများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

တတိယအကြိမ် ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်နှင့် စွမ်းအင်အား ထိရောက်စွာအသုံးချခြင်းပြပွဲ (RE EE 2017)တွင် နေရောင်ခြည်စွမ်းအင်၊ ဇီဝဒြပ်ထုနှင့် ဇီဝလောင်စာ၊ လေအားလျှပ်စစ်၊ ရေအားလျှပ်စစ်နှင့် ဘူမိစွမ်းအင် အပါအဝင် စက်မှုလုပ်ငန်းရှိ ကဏ္ဍပေါင်းစုံမှ ဝန်ဆောင်မှုနည်းပညာများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုကို ထောက်ပံ့ပေးမည့် ကုမ္ပဏီများနှင့် ပစ္စည်းကိရိယာများကို ပြသခဲ့ပြီး မြန်မာနိုင်ငံရှိ ပြန်ပြည့်မြဲစွမ်းအင်နှင့် စွမ်းအင်အားထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် နည်းဗျူဟာများ၊ မူဝါဒများနှင့် ပြန်ပြည့်မြဲစွမ်းအင်ဖြန့်ဖြူးသည့် ကွန်ရက်စနစ်နှင့် မိုက်ခရိုကွန်ရက်စနစ်များနှင့်ပတ်သက်သော ဆွေးနွေးပွဲများကိုလည်း ကျင်းပပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲအား မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ Singapore Manufacturing Federation (SMF)၊ တရုတ်(တိုင်ပေ)ပတ်ဝန်းကျင်ဆိုင်ရာ ထုတ်လုပ်သူများအသင်းတို့မှ ကူညီထောက်ပံ့ပေးကြောင်း သိရသည်။

## ရှစ်ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း တစ်သိန်းကျော်ကို ချီးမြှင့်မည်

နိုဝင်ဘာ ၁ ရက်တွင်ကျင်းပမည့် ရှစ်ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ကျပ်သိန်းတစ်သောင်းဆု အပါအဝင် ဆုမဲပေါင်းတစ်သိန်းကျော်ကို ဖွင့်လှစ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲ သိရသည်။

(၈)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ကျပ် သိန်းတစ်သောင်းဆု (၁)ဆု၊ ကျပ်သိန်း ငါးထောင်ဆုနှစ်ဆု၊ ကျပ်သိန်းသုံးထောင်ဆု သုံးဆု၊ ကျပ်သိန်းတစ်ထောင်ဆု ခြောက်ဆု၊ ကျပ်သိန်းငါးရာဆု ကိုးဆု၊ ကျပ်သိန်းသုံးရာဆု ၁၁ ဆု၊ ကျပ်သိန်းတစ်ရာဆု ၁၂ ဆု၊ ကျပ်သိန်းငါးဆယ်ဆု ၁၇ ဆု၊ ကျပ်သိန်းသုံးဆယ်ဆု ၂၂ ဆု၊ ကျပ်ဆယ်သိန်းဆု ၂၅ ဆု၊ ကျပ်သုံးသိန်းဆု ၁၀၀ ဆု၊ ကျပ်နှစ်သိန်းဆု ၁၀၀၀ဆု၊ ကျပ်တစ်သိန်းဆု ၁၂၀၀၀ဆု၊ ကျပ်ငါးသောင်းဆု ၁၁၀၀၀၀ ဆုတို့ပါဝင်သည့် စုစုပေါင်း ဆုမဲပေါင်း တစ်သိန်းနှစ်သောင်းသုံးထောင့်နှစ်ရာရှစ်ဆုကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲမှ အောက်တိုဘာ ၂၆ ရက်နေ့စွဲဖြင့် ကြေညာချက်ထုတ်ပြန်ထားသည်။

ထို့ပြင် ရောင်းမကုန်ထီလက်မှတ် ၉၈၃၄ အုပ်ကျန်ရှိနေပါသဖြင့် အဆိုပါရောင်းမကုန်ထီလက်မှတ်များမှ ဆုမဲထွက်ပေါ်လာပါက အခြားသင့်တော်သော ဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျပ် ၅၀၀ တန်အောင်ဘာလေသိန်းဆုစနစ်ကို ယခုနှစ် မတ်လတွင်စတင်ခဲ့ပြီး အမြင့်ဆုံးဆုအဖြစ် ကျပ်သိန်းတစ်သောင်းသတ်မှတ်ထားကာ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ သိန်းတစ်သောင်း ကံထူးရှင်များပေါ်ပေါက်ခဲ့သည်။

## မြန်မာဆက်သွယ်ရေးလုပ်ငန်း MPTမှ ရှေးဦးပြုစုခြင်း လူမှုအကျိုးပြု ကျန်းမာရေးအစီအစဉ် ပြုလုပ်




မြန်မာ့ဆက်သွယ်ရေးအော်ပရေတာတစ်ခုဖြစ်သော MPT နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ First Aid For Allအစီအစဉ်ဖြင့် ရှေးဦးပြုစုခြင်း အသက်ကယ်ဆယ်ရေး နည်းလမ်းများကို အများပြည်သူသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၄ ရက်က ရန်ကုန်မြို့၊ Park Royalဟိုတယ်၌ပြုလုပ်သော MPT ၏ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

MPT၏ First Aid For All အစီအစဉ်မှာ မော်တော်ယာဉ်မတော်တဆမှုနှင့် အခြားမတော်တဆဖြစ်ရပ်များကဲ့သို့ အရေးပေါ်အခြေအနေ တစ်ခုဖြစ်ပွားလာပါက တစ်နာရီအတွင်း ရှေးဦးပြုစုခြင်းဆိုင်ရာ သတင်းအချက်အလက်နှင့် ကျွမ်းကျင်မှုများကို ဆောင်ရွက်ခြင်းဖြင့် ထိခိုက်ခံရသူများအနေဖြင့် ပြန်လည်သက်သာလာစေမည့် အခွင့်အလမ်းကို ဖော်ဆောင်ပေးနိုင်ရန် အများပြည်သူသို့အသိပညာဖြန့်ဝေဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"First Aid For All လှုပ်ရှားမှုက နေတစ်ဆင့် အရေးပေါ်အခြေအနေတစ်ခုမှာ ကျွမ်းကျင်သူတွေရဲ့အကူအညီ မရောက်လာခင်အထိ အခြေခံ ရှေးဦးပြုစုခြင်းနည်းလမ်းတွေကို အများပြည်သူတွေ အသုံးပြုထားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အများပြည်သူကို အသိပညာပေးကဏ္ဍအဖြစ် ထုတ်ပြန်နိုင်ဖို့အတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနဲ့ ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်"ဟု MPT-KSGM Joint Operations၏ အမှုဆောင်ချုပ် Mr. Toshitake Amamiya က ပြောကြားသည်။

First Aid For Allအရ ကျန်းမာရေးစောင့်ရှောက်မှုဗီဒီယို ၁၂ ခုကို ၂၀၁၇ခုနှစ် နိုဝင်ဘာမှ ၂၀၁၈ခုနှစ် မတ်လအထိ ရုပ်မြင်သံကြား၊ မီဒီယာနှင့် လူမှုကွန်ရက်များတွင် ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်သည်။

"မြန်မာပြည်သူတွေအနေနဲ့ အခြေခံရှေးဦးပြုစုခြင်း ဗဟုသုတတွေကို သိရှိထားဖို့လိုပါတယ်။ ဒါမှ ကျန်းမာရေးနဲ့ဆိုင်တဲ့ အရေးပေါ်အခြေအနေမျိုးမှာ ဘယ်လိုပြုစုစောင့်ရှောက်ရမလဲဆိုတာကို သိရှိလာနိုင်မှာဖြစ်ပါတယ်" မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဒုဥက္ကဋ္ဌ ဒေါက်တာနမ်းထွမ်းလှက ပြောသည်။

၂၀၁၄ခုနှစ်မှစတင်ကာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) သည် KDDI Summit Global Myanmar ကုမ္ပဏီနှင့် လုပ်ငန်းစပ်တူ ပူးပေါင်းရန် သဘောတူညီမှုလက်မှတ် ရေးထိုးခဲ့ပြီး ဆက်သွယ်ရေး အော်ပရေတာအဖြစ် ဆောင်ရွက်လျက်ရှိသည်။

## အူရီဒူးမှ မကွေးတိုင်းဒေသကြီးရှိ လူမှုအဖွဲ့အစည်းသုံးခုသို့ အကူအညီများ ပေးအပ်ခဲ့

မကွေးတိုင်းဒေသကြီးအတွင်း အူရီဒူးဖုန်းအသုံးပြုသူအချင်းချင်း တစ်မိနစ်ဖုန်းပြောပြီးပါက တစ်ကျပ်လှူဒါန်းမည့် အစီအစဉ်အရ မကွေးတိုင်းဒေသကြီးအတွင်းရှိ လူမှုအဖွဲ့အစည်းသုံးခုသို့ အကူအညီများပေးအပ်ခဲ့ကြောင်း အူရီဒူးမြန်မာမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ နွမ်းပါးသောကလေးငယ်များ၏ ပညာရေးနှင့် လူမှုဖွံ့ဖြိုးရေးတိုးတက်မှု အထောက်အပံ့အနေဖြင့် ဆားတိုင်းကန်ကျေးရွာရှိ ရေတွင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ နံကပ်ကျွန်းအုပ်စု မြသလွန်ဘုရားအနီးရှိ သာသနာ့ဂုဏ်ရည် သီလရှင်(သင်) တွဲဖက်အထက်တန်းကျောင်းခွဲ၊ မြို့လုလင်ကျေးရွာရှိ မြို့လုလင်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာတို့တွင် ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် ငွေကျပ် သိန်း ၃၀၀နှင့် ကွန်ပျူတာများကို အူရီဒူးမြန်မာက လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

"အူရီဒူးရဲ့ မိနစ်များများပြောလေ၊ အူရီးဒူးက များများလှူပေးလေဆိုတဲ့ လူမှုအကျိုးပြုအစီအစဉ်အောင်မြင်မှုအတွက် အလွန်ဝမ်းသာမိပါတယ်။ အူရီဒူးဝန်ဆောင်မှုကို အသုံးပြုသူတွေအနေနဲ့ အချင်းချင်းဖုန်းဆက်လိုက်ရုံနဲ့ အူရီဒူးက အလှူလုပ်ပေးနိုင်ဖို့ အစပျိုးလိုက်တာပါ။ အခုပြုလုပ်လိုက်တဲ့ လူမှုအကျိုးပြုအစီအစဉ်ဟာဆိုရင် မြန်မာနိုင်ငံမှာ ပထမဆုံးပြုလုပ်ပေးတဲ့ အစီအစဉ်ဖြစ်ပြီး လူမှုအကျိုးပြုလုပ်ငန်းလုပ်ဆောင်ပေးနိုင်ဖို့အတွက် ဦးဆောင်ဦးရွက်ပြုပေးလိုပါတယ်"ဟု အူရီဒူးမြန်မာ၏ CEO Mr.Vikram Sinha ကပြောသည်။

အူရီဒူးမြန်မာမှ "မိနစ်များများ ပြောလေ အူရီဒူးက များများလှူပေးလေ"လူမှုအကျိုးပြုအစီအစဉ်သစ်ကို မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် စက်တင်ဘာ ၇ရက်မှစတင်ခဲ့ပြီး တစ်လပြည့်သည့်အချိန်တွင် အဆိုပါလူမှုအဖွဲ့အစည်း သုံးခုသို့ သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်တွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ခွင့်ပြုချက်ရရှိခဲ့သော အူရီဒူးမြန်မာသည် ၂၀၁၄ခုနှစ် ဩဂုတ်လမှ စတင်ကာ ဆက်သွယ်ရေးဝန်ဆောင်မှုများကို စတင်ပေးအပ်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းတွင် သုံးစွဲသူများကို 3G/4G ဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးနေကြောင်း သိရသည်။

သန်းထိုက်အောင် စုစည်းသည်



## မြို့ကြီးများ၏ ၂၃-၁၀-၂၀၁၇ မှ ၂၇-၁၀-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၃၀-၁၀-၂၀၁၇) | အင်္ဂါ(၃၁-၁၀-၂၀၁၇) | ဗုဒ္ဓဟူး(၁-၁၁-၂၀၁၇) | ကြာသပတေး(၂-၁၁-၂၀၁၇) | သောကြာ(၃-၁၁-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F | နေသာ ၃၀˚C/၈၆˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၂˚C/၈၉˚F |
| ရန်ကုန်မြို့ | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၁˚C/၈၇˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F |
| မန္တလေးမြို့ | တိမ်အသင့်အတင့် ၂၈˚C/၈၂˚F | တိမ်အသင့်အတင့် ၂၈˚C/၈၃˚F | တိမ်အသင့်အတင့် ၂၉˚C/၈၅˚F | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F |
| မြစ်ကြီးနား | ၇၀% ၂၃˚C/၇၃˚F | တိမ်အသင့်အတင့် ၂၄˚C/၇၅˚F | နေသာ ၂၈˚C/၈၂˚F | တိမ်အသင့်အတင့် ၂၉˚C/၈၄˚F | တိမ်အသင့်အတင့် ၂၈˚C/၈၃˚F |
| လားရှိုး | ၈၀% ၂၄˚C/၇၆˚F | တိမ်အသင့်အတင့် ၂၄˚C/၇၅˚F | တိမ်အသင့်အတင့် ၂၅˚C/၇၈˚F | တိမ်အသင့်အတင့် ၂၆˚C/၇၉˚F | တိမ်အသင့်အတင့် ၂၆˚C/၇၉˚F |
| ကျိုင်းတုံ | နေသာ ၂၇˚C/၈၀˚F | နေသာ ၂၅˚C/၇၇˚F | နေသာ ၂၆˚C/၇၉˚F | နေသာ ၂၇˚C/၈၀˚F | နေသာ ၂၆˚C/၇၉˚F |
| လွိုင်ကော် | ၃၀% ၂၆˚C/၇၈˚F | နေသာ ၂၅C/၇၇˚F | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၆˚C/၇၉˚F | နေသာ ၂၅˚C/၇၇˚F |
| တောင်ကြီး | တိမ်ထူထပ် ၁၇˚C/၄၇˚F | တိမ်အသင့်အတင့် ၁၅˚C/၄၆˚F | တိမ်အသင့်အတင့် ၁၄˚C/၅၁˚F | တိမ်အသင့်အတင့် ၁၄˚C/၅၁˚F | တိမ်အသင့်အတင့် ၁၄˚C/၅၂˚F |
| မော်လမြိုင် | နေသာ ၃၀˚C/၈၆˚F | နေသာ ၂၉˚C/၈၅˚F | တိမ်အသင့်အတင့် ၂၉˚C/၈၅˚F | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F |
| ဘားအံ | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F |
| တောင်ငူ | ၇၀% ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F |
| မုံရွာ | ၃၀% ၃၁˚C/၈၃˚F | တိမ်ထူထပ် ၃၁˚C/၈၄˚F | တိမ်ထူထပ် ၃၁˚C/၈၇˚F | နေသာ ၃၁˚C/၈၆˚F | နေသာ ၃၁˚C/၈၇˚F |
| ပုသိမ် | ၄၀% ၃၁˚C/၈၈˚F | တိမ်ထူထပ် ၃၁˚C/၈၇˚F | တိမ်ထူထပ် ၃၁˚C/၈၇˚F | တိမ်ထူထပ် ၃၁˚C/၈၈˚F | တိမ်ထူထပ် ၃၁˚C/၈၈˚F |
| မြိတ် | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၁˚C/၈၈˚F | တိမ်ထူထပ် ၃၁˚C/၈၇˚F | ၆၀% ၃၀˚C/၈၆˚F | ၆၀% ၃၀˚C/၈၆˚F |
| စစ်တွေ | ၅၀% ၂၉˚C/၈၅˚F | တိမ်အသင့်အတင့် ၂၉˚C/၈၄˚F | တိမ်အသင့်အတင့် ၂၉˚C/၈၄˚F | တိမ်ထူထပ် ၂၉˚C/၈၅˚F | နေသာ ၃၁˚C/၈၇˚F |
| မကွေး | တိမ်အသင့်အတင့် ၂၉˚C/၈၅˚F | တိမ်အသင့်အတင့် ၂၉˚C/၈၄˚F | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၁˚C/၈၇˚F |
| ဖလမ်း | ၈၅% ၁၇˚C/၆၂˚F | ၄၀% ၁၇˚C/၆၃˚F | တိမ်အသင့်အတင့် ၁၉˚C/၆၆˚F | တိမ်အသင့်အတင့် ၂၁˚C/၆၉˚F | နေသာ ၂၀˚C/၆၈˚F |

# အင်ဒိုနီးရှားနိုင်ငံတွင် အင်အားပြင်းလျှော်လှုပ်ခတ်

အင်ဒိုနီးရှားနိုင်ငံတွင် အောက်တိုဘာ ၂၄ ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၇ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း ဂျကာတာပို့စ်သတင်းတွင် ဖော်ပြထားသည်။

ဘာလီကျွန်းရှိမီးတောင်၏ လှုပ်ရှားမှု ပြင်းထန်လာသဖြင့် ငလျင်လှုပ်ခတ်ရခြင်းဖြစ်ကြောင်း ငလျင်သုတေသီတို့က မှတ်ချက်ပြုထားသည်။

အဆိုပါငလျင် လှုပ်ခတ်ပြီးနောက် နောက်ဆက်တွဲငလျင်များ ဆက်လက်လှုပ်ခတ်ခဲ့ရာ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ ငလျင်များ ဆက်တိုက်လှုပ်ခတ်ခဲ့သည်ဟုဆိုသည်။

အင်အားရစ်ချ်တာစကေး ၆ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့သော်လည်း ဆူနာမီသတိပေးချက်များ ထုတ်ပြန်ထားခြင်းမရှိခဲ့ဟုဆိုသည်။

အဆိုပါငလျင်သည် မြို့တော် ကူပန်၏ အနောက်မြောက်ဘက် ၃၁၈ ကီလိုမီတာအကွာရှိ နုဆာတီရန်ဂါရာ ပြည်နယ်၏အရှေ့ဘက်ကို ဗဟိုပြု၍လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဘူမိတိုင်းတာရေးအဖွဲ့၏သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

“ကျွန်တော်တို့အနေနဲ့ ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုတွေကို လိုက်လံကောက်ယူနေပါတယ်။ ငလျင်လှုပ်ခတ်မှုဟာ ပင်လယ်ရေအောက် အနက်တော်တော်များများကို ဗဟိုပြုသွားတဲ့အတွက် ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်းမရှိသလို ထိခိုက်ပျက်စီးမှုလည်း သိပ်ရှိလိမ့်မယ်လို့မထင်ပါဘူး”ဟု အင်ဒိုနီးရှားနိုင်ငံ ရူပပထဝီနှင့် မိုးလေဝသအေဂျင်စီမှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် မီးတောင်များ ပတ်လည်ဝိုင်းရံလျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ မီးတောင်ပေါက်ကွဲနိုင်ခြေရှိခြင်းကြောင့် ဖြစ်ပေါ်တတ်သည့် ငလျင်လှုပ်မှုများကို မကြာခဏခံစားရသည်ဟုဆိုသည်။

အင်ဒိုနီးရှားနိုင်ငံ၊ အာချေးပြည်နယ်တွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းက လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် လူ ၁၀၀ ကျော် သေဆုံးခဲ့ရကာ အများအပြားဒဏ်ရာရရှိခဲ့ပြီး လူပေါင်းတစ်သောင်းကျော် အိုးမဲ့အိမ်မဲ့များ ဖြစ်ခဲ့ရသည်။

**မယ်သီတာ**




# ဂျာမနီနိုင်ငံတွင် အင်အားပြင်းထန်သည့် မုန်တိုင်းတိုက်ခတ်မည်

ဂျာမနီနိုင်ငံတွင် ယခုတစ်ပတ်အတွင်း အင်အားပြင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မည်ဖြစ်ကြောင်း Accuweather သတင်းတွင် ဖော်ပြထားသည်။

အဆိုပါမုန်တိုင်းသည် အောက်တိုဘာ ၂၈ ရက်မှ စတင်တိုက်ခတ်မည်ဖြစ်ပြီးစတင်တိုက်ခတ်ချိန်တွင် ဂျာမနီနိုင်ငံတစ်ဝန်းလုံးတွင် မိုးများရွာသွန်းနိုင်ကြောင်း၊ ထို့နောက် မိုးသည်းထန်စွာ ရွာသွန်းလာပြီးနောက် လေပြင်းများ တိုက်ခတ်လာမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဂျာမနီနိုင်ငံ အနောက်မြောက်ဘက်မှ တိုက်ခတ်လာသည့် လေများကြောင့် မိုးများရွာသွန်းရခြင်းဖြစ်ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းမုန်တိုင်းများ တိုက်ခတ်လာခြင်းကြောင့် ရထားလမ်းများနှင့် လေကြောင်းလိုင်းများအား ပိတ်ထားမည်ဖြစ်ပြီး အချို့သောလေကြောင်းလိုင်းများနှင့် ရထားလမ်းများကို အချိန်များ ရွှေ့ဆိုင်းထားကြောင်း သတင်းတွင်ဖော်ပြထားသည်။

မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုကြောင့် အဆိုးရွားဆုံး ထိခိုက်ပျက်စီးမည့်ဒေသများမှာ ဂျာမနီနိုင်ငံမြောက်ပိုင်း၊ အလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများဖြစ်သည်။

အထူးသဖြင့် ဟမ်းဘတ်၊ ဘာမင်း၊ ဟန်နိုဗာ၊ လစ်ပ်ဇစ်နှင့် ဒါးစ်ဒင်မြို့တို့သည် အဆိုးရွားဆုံးထိခိုက်နိုင်သည့်မြို့များဖြစ်သည်ဟု ဆိုသည်။

အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ (၆၂ မိုင်)အထိ တိုက်ခတ်နိုင်သည်ဟု ဆိုသည်။

“ကျွန်တော်တို့ ခန့်မှန်းထားတဲ့မြို့တွေမှာတော့ လေတိုက်နှုန်းက တစ်နာရီကို ကီလိုမီတာ ၁၂၀လောက်တိုက်ခတ်မယ်လို့ ခန့်မှန်းထားပါတယ်”ဟု Accuweather မှ မိုးလေဝသပညာရှင် တေလာရွိုင်းစ်က ပြောကြားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ လဲပြိုကျခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်း၊ အဆောက်အအုံများ ပြိုကျပျက်စီးခြင်းများနှင့် ကြုံတွေ့ရနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အဆိုပါမုန်တိုင်းသည် အောက်တိုဘာ ၃၁ ရက် ညနေပိုင်းတွင် အဲလ်ပ်စ်တောင်တန်းအနီးသို့ ရောက်ရှိပြီး အားပျော့ပျက်ပြယ်သွားနိုင်ကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းထားသည်။

အဆိုပါမုန်တိုင်းကြောင့် ဂျာမနီနိုင်ငံအပြင် ဘယ်လ်ဂျီယံ၊ ပိုလန်၊ ချက်၊ ဩစတြီးယား၊ စလိုဗက်ကီးယား၊ ဟန်ဂေရီနှင့် ရိုမေးနီးယားနိုင်ငံတို့တွင်ပါ ထိခိုက်နိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

Vol: 17, No.42 Monday October 30 2017

## လောင်းလုံမြို့နယ်၊ အခြေခံပညာစာသင်ကျောင်း(၂)ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် အောက်တိုဘာ ၁၆ ရက်က ထားဝယ်ခရိုင်၊ လောင်းလုံမြို့ရှိ အ.ထ.က(ခွဲ)သဘော့ဆိပ်နှင့် အ.လ.က(ကျောက်ဆင်) တို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက်များကိုရွေးချယ်ဝယ်ယူသုံးစွဲတတ်စေရန်နှင့် လုံခြုံမှုမရှိသော ထုတ်ကုန်များ၏ ဘေးအန္တရာယ်အကြောင်း ရှင်းလင်းဟောပြောခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ယင်းဟောပြောပွဲသို့ ကျောင်းအုပ်ကြီးများ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/သူများ စုစုပေါင်း ၁၀၆၃ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **ရွှေဝယ်သား**

## ဆားလင်းကြီးမြို့နယ်၊ ညောင်ပင်ကြီးစည်ပင်သာယာဈေးတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများသည် မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီးစည်ပင်သာယာဈေးတွင် အောက်တိုဘာ ၁၉ ရက်က ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန်နှင့် FDA မှ တားမြစ်ထားသော အစားအသောက်များ ရောင်းချခြင်း ရှိ/ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးသူများအတွက် အန္တရာယ်ဖြစ်စေနိုင်သော၊ ရက်လွန်မှိုတက်နေသော ပဲပေါက်ဆီကိတ်၊ pucci ကိတ်မုန့်များ၊ အဖော်မွှန်ပုစွန်ဝေဖာ၊ မှိုတက်နေသော ရွှေပြည်အောင် ရှူးရှဲလက်ဖက်၊ Juicy orange အချိုရည်၊ ၂၀၁၄ ခုနှစ်မှ သက်တမ်းလွန်သော ဆေးဘူး၊ ရှမ်းဆရာကြီး ဦးစိုင်းဆေးဗူးများ၊ ထုတ်လုပ်သူ လိပ်စာမပါရှိသော မုန့်မျိုးစုံ၊ ရောင်စုံချိုချဉ်၊ ဂျယ်လီ၊ ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲ မပါရှိသော မုန့်မျိုးစုံတို့ကို ဝယ်ယူရောင်းချခြင်းမပြုရန်နှင့် မှိုတက်နေသော မုန့်များ၊ သက်တမ်းလွန်နေသော ဆေးဗူးများ၊ အချိုရည်၊ ကိတ်မုန့်များကို ဆက်လက်မရောင်းချရန် ပညာပေး ဆွေးနွေးခဲ့ပြီး FDA မှ တရားဝင်တားမြစ်ထားသော အစားအသောက်စာရင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ ပေးအပ်ခဲ့ကြောင်း သိရပါတယ်။

**မိုးမိုးမြင့် (ယင်းမာပင်)**

## မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု၊ အခြေခံပညာမူလတန်းလွန် (ကွမ်းသီးချောင်း) ကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

မြိတ်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာန ဝန်ထမ်းများနှင့် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာနမှ တာဝန်ခံဝန်ထမ်းများ ပူးပေါင်း၍ အောက်တိုဘာလ ၁၉ ရက်တွင် ကွမ်းသီးချောင်းရပ်၊ အခြေခံပညာမူလတန်းလွန် (ကွမ်းသီးချောင်း) ကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပပြုလုပ်ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၏ စားသုံးသူ အကာအကွယ်ပေးရေး ဆောင်ရွက်နေသည့် အခြေအနေများ၊ စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များ၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက်များကို မိမိတို့ကိုယ်တိုင် ရွေးချယ်ဝယ်ယူ စားသောက်သင့်ကြောင်း၊ ဓာတုဆိုးဆေးများနှင့် တာရှည်ခံဆေးများ အလွန်အကျွံ အသုံးပြုထားသော အစားအစာများ မစားသုံးသင့်ကြောင်း အသေးစိတ်ဆွေးနွေး ဟောပြောခဲ့ပါသည်။

ဆွေးနွေးပွဲသို့ အဆိုပါကျောင်းမှ ကျောင်းအုပ် ဆရာ/ဆရာမ၊ ကျောင်းသား/ ကျောင်းသူ စုစုပေါင်း ၃၃၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **စားသုံးသူ (မြိတ်)**

## ပုဗ္ဗသီရိမြို့နယ် ရွာတော်(မင်္ဂလာဈေး)တွင် ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိမရှိ စစ်ဆေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးငြိမ်းနှင့် ဥတ္တရခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့ဝင်များပူးပေါင်း၍ ပုဗ္ဗသီရိမြို့နယ် ရွာတော် (မင်္ဂလာဈေး)တွင် ထုတ်ကုန်လုံခြုံစိတ်ချမှု ရှိ/မရှိကို အောက်တိုဘာ ၂၀ ရက်က စစ်ဆေးခဲ့ရာ သက်တမ်းလွန်ဆေးဝါးများ၊ အလှကုန်များ၊ သက်တမ်းလွန်မုန့်ထုပ်များ၊ မှိုတက်မုန့်ထုပ်များ၊ FDAထောက်ခံချက်မပါရှိသော ဂျယ်လီအချိုရည်ဗူးများအား သိမ်းဆည်းခဲ့ပြီး ရွာတော်(မင်္ဂလာဈေး) အမှိုက်ပုံ၌အဖွဲ့ဝင်များ ရှေ့မှောက်တွင် မီးရှို့ဖျက်ဆီးခဲ့ပါသည်။

ရွာတော်(မင်္ဂလာဈေး) အတွင်းရှိ အသား၊ ငါးရောင်းချနေသော ဈေးသည်များထံမှ အလေးများစစ်ဆေးခဲ့ရာ စံမမီအလေးများတွေ့ရှိရ၍ ဈေးအုပ်ချုပ်ရေးမှူးထံသို့ အပ်နှံခဲ့ပြီး ဈေးသည်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ သတိပေးထုတ်ပြန်ချက် လက်ကမ်းစာစောင် ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**စိုးထင်လင်း (နေပြည်တော်-တပ်ကုန်း)**

## ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ရပ်ကွက်စားသုံးသူရေးရာ အဖွဲ့များအား စားသုံးသူကာကွယ်ရေးသင်တန်း ဖွင့်လှစ်ပို့ချ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် ပုသိမ်မြို့ပေါ် ရပ်ကွက်(၁၅)ရပ်ကွက်ရှိ စားသုံးသူရေးရာအဖွဲ့များအား စားသုံးသူကာကွယ်ရေးသင်တန်းကို အောက်တိုဘာလ ၁၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနခန်းမ၌ ပြုလုပ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်စားသုံးသူရေးရာအဖွဲ့များ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

သင်တန်းတွင်ဧရာဝတီတိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအားရှင်းလင်းပြောကြားခဲ့ကာ တိုင်းအတွင်းရေးမှူးက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအားလည်းကောင်း၊ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဖွဲ့စည်းထားမှုနှင့် စားသုံးသူများအတွက် ဆောင်ရွက်နေမှု အခြေအနေများ၊ စားသုံးသူရေးရာအသင်း၊ စားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ CICC ရုံးများ ဖွင့်လှစ်ထားရှိမှု၊ ဌာနမှသင်တန်း၊ ဟောပြောပွဲများအားကျင်းပမှု အခြေအနေများအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာများနှင့် ပတ်သက်သည့် အကြောင်းအရာများ CICCရုံးဖွင့်လှစ်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြား ခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**

## ယင်းမာပင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၇/၂၀၁၇) အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ယင်းမာပင်ခရိုင် စားသုံး သူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၇/၂၀၁၇)အစည်းအဝေးကိုအောက်တိုဘာ ၂၅ ရက်က ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် ယင်းမာပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဖေသန်းဝင်းက စားသုံးသူရေးရာဦးစီးဌာန၏ အောက်တိုဘာလအတွင်း ပညာပေး ဟောပြောပွဲ ကိုးကြိမ်၊ ပုလဲမြို့နယ် ဆီစက်လုပ်ငန်းရှင် တွေ့ဆုံပညာပေး ဆွေးနွေးခြင်း တစ်ကြိမ်၊ ကနီမြို့နယ်၊ ဆားလင်းကြီးမြို့နယ် စည်ပင်သာယာဈေးများတွင် မိတ်ဖက်ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်မှု နှစ်ကြိမ်ဆောင်ရွက်ခဲ့ပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို လည်းကောင်း၊ ခရိုင်ကျန်းမာရေးမှူး ဦးကျော်ဌေးနိုင် က စားသုံးသူရေးရာဦးစီးဌာနနှင့်ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ဆေးဆိုင်များ၊ မုန့်မျိုးစုံဆိုင်များအား စားသုံးသူ၏ကျန်းမာရေးအတွက် အကာအကွယ်ပြုကွင်းဆင်း စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်က ယင်းမာပင်မြို့နယ်အနေဖြင့် အချက်အချာကျသော မင်းတိုင်ပင်ဈေး၊ လည်ငေါက်ကပိုင်ဈေး၊ ရင်ပေါင်တိုင်ဈေးတို့တွင် ရောင်းချနေသောသူများအား ထပ်ခါထပ်ခါ အသိပညာပေးခြင်းများ ဆောင်ရွက်မှုပြုပါက စားသုံးသူ အကာအကွယ်ပေးမှုလည်းဖြစ်၊ အသိပညာများလည်း တိုးတက်လာမည်ဖြစ်ကြောင်းစသဖြင့် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်မို့မို့(မြင်းမူ)**

## ဘားအံမြို့နယ်ရှိကျေးရွာများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

ကရင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဒေါ်ခင်ဒေဝီထွန်းနှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၁၃ ရက်တွင် ဘားအံမြို့နယ် မူးတခွီး အ.မ.က၊ မူးတခွီးကျေးရွာ၊ ကော့သာခေါင်ကျေးရွာတို့၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဒေါ်ခင်ဒေဝီထွန်းက စားသုံးသူရေးရာဦးစီးဌာန၏ဆောင်ရွက်နေသောလုပ်ငန်းများအကြောင်းနှင့် ကရင်ပြည်နယ်အတွင်း ဆောင်ရွက်မှုများကိုလည်းကောင်း၊ အကြီးတန်းစာရေး ဒေါ်ခင်ကြည်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်း၊ စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များအကြောင်း၊ စီးပွားရေး လုပ်ငန်း ရှင်၏ အခွင့်အရေးနှင့်တာဝန်များအကြောင်း၊ ကရင်ပြည်နယ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး၏ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှု၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများအကြောင်း၊ စားသုံးသူတို့ ဘေးအန္တရာယ် ကင်းရှင်းစွာ စားသောက်နေထိုင်နိုင်ရေး ကာကွယ်မည့်အကြောင်းနှင့် နစ်နာမှုရှိလျှင် တိုင်ကြားရန် ဆက်သွယ်ရမည့် လိပ်စာများအား အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ခြင်း၊ အငယ်တန်းစာရေး ဒေါ်နန်းပွင့်စန်းစန်းက ကရင်ဘာသာဖြင့် စားသုံးရန် မသင့်သော အအေးခဲအသားနှင့် မြောင်းဆီများအကြောင်း ၊ ဓာတုဆိုးဆေးထည့်သွင်း အသုံးပြုလာမှုကြောင့် စားသုံးသူတို့မှာ များစွာသော ရောဂါအန္တရာယ်ဖြစ်စေနိုင်ကြောင်း၊ အရောင်အသွေး လှပအောင် အသုံးပြုထားသော အစားအစာများကို စားမိရာတွင် ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များအကြောင်း စသည်တို့အား ဓာတ်ပုံနှင့်တကွပြသ၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည် (ကရင်ပြည်နယ်၊ စားသုံးသူရေးရာ)**

# ပခုက္ကူခရိုင်အတွင်းရှိကျေးရွာများတွင် တောင်သူများအား ဈေးကွက်ဝင်သီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရန် အသိပညာပေးဆွေးနွေး

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူမြို့နယ်တာဝန်ခံ ဦးစီးမှူးဦးမြင့်ဦး၊ ဆိပ်ဖြူမြို့နယ်တာဝန်ခံဦးစီးမှူး ဦးသန်းမြင့်ထွန်းနှင့် တာဝန်ရှိသူများသည် အောက်တိုဘာလတွင် ပခုက္ကူမြို့နယ် ကိုင်းစံပြကျေးရွာ၊ အင်ပင်ကျေးရွာ၊ ကန်တော်ကျေးရွာ၊ ပေါင်လောင်ကန် ကျေးရွာတို့တွင်လည်းကောင်း၊ ရေစကြိုမြို့နယ် ဆင်ကြို့ကျေးရွာ၊ ကွမ်းစီကံကျေးရွာ၊ မောက္ကလံကျေးရွာ၊ တောင်စင်ကျေးရွာတို့တွင်လည်းကောင်း၊ မြိုင်မြို့နယ် ဖျသီးကျေးရွာ၊ ကန်နီကျေးရွာတို့တွင် လည်းကောင်း၊ ပေါက်မြို့နယ်တွင် ဖိုးဖြူလုံးကန်ကျေးရွာ၊ ယာကြီးပြင် ကျေးရွာတို့တွင်လည်းကောင်း၊ ဆိပ်ဖြူမြို့နယ်၊ တဲကြီးကျေးရွာအုပ်စုဖြစ် သောတဲကြီးကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ ထန်းပင်ကန်ကျေးရွာတို့တွင် လည်းကောင်း၊ မြေကြမ်းတောကျေးအုပ်စုဖြစ်သော မြေကြမ်းတောကျေးရွာ၊ ချုတ်ချောင်ကြီးကျေးရွာတို့တွင်လည်းကောင်း ဈေးကွက်ဝင်သီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ သီးနှံအစားထိုး စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး ဆွေးနွေးပွဲ ကျင်းပခဲ့ရာ တောင်သူ၄၀၈ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲများတွင် အိန္ဒိယနိုင်ငံမှ ၂၀၁၈ ခုနှစ် နှစ်ကုန်အထိ တင်သွင်းခွင့် ကန့်သတ်ထားသည့် ပဲသုံးမျိုးဖြစ်သော မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများအစား ပြည်ပနိုင်ငံများမှ ဝယ်လိုအားကောင်းပြီး ဈေးကွက် အလားအလာရှိသော သီးနှံများဖြစ်သည့် ပဲတီရွှေဝါ၊ ကုလားပဲ၊ ပဲလွန်းဖြူ၊ မြေပဲ၊ နေကြာ၊ နှမ်း၊ ပဲရာဇာ၊ ပဲနီလေး၊ စားတော်ပဲ သီးနှံများကို ပြောင်းလဲတိုးချဲ့စိုက်ပျိုးသင့်ကြောင်း၊ သို့မှသာ ပြည်ပပို့ကုန်မြှင့်တင်ရေးအတွက် အထောက်အကူရမည်ဖြစ်ကြောင်း၊ သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင်လည်း ဈေးကွက်နှင့် စီးပွားရေး တွက်ခြေကိုက်မှု ရှိ/မရှိ စဉ်းစားစိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ကြောင်း၊ လာမည့်ဆောင်းရာသီတွင် မတ်ပဲသီးနှံလျှော့ချစိုက်ပျိုးပြီး ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်လျှင် ပိုကောင်းကြောင်း၊ လာမည့်နှစ် ပဲစင်းငုံ ရာသီချိန်တွင် ပဲစင်းငုံသီးညှပ်တန်း ကြားချဲ၍ ဈေးကွက်ဝင်သီးနှံများကိုစိုက်ပျိုးသင့်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး မြေပြုပြင်မှုစရိတ်၊ မျိုးကုန်ကျမှုနှင့် စိုက်ပျိုးမှုစရိတ်၊ မြေဩဇာ၊ ပိုးသတ်ဆေးသုံးစွဲမှု၊ ရိတ်သိမ်းခြွေလှေ့မှု၊ လုပ်အားခစသည့်တစ်ဧကကုန်ကျစရိတ်များကို အသေးစိတ် မေးမြန်းခဲ့ကြောင်း သတင်းရရှိပါသည်။ **သူဇာကျော်(ပခုက္ကူ)**

# တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့်လုပ်ငန်းကော်မတီနှစ်ရပ်တို့၏(၆/၂၀၁၇)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏(၆/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၆ ရက်တွင် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ၊ ကော်မတီနှစ်ရပ်မှကော်မတီဝင်များ စုံလင်စွာ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးဖြိုးဝင်းထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူ အကာအကွယ်ပေးရေးနှင့် ထုတ်ကုန်များလုံခြုံစိတ်ချမှုရှိစေရေး လုပ်ငန်းများဆောင်ရွက်ရာတွင် စားသုံးသူရေးရာဦးစီးဌာနသည် အဓိက တာဝန်ယူ/တာဝန်ခံဆောင်ရွက်ရသည့် ဌာနတစ်ခုဖြစ်ပါကြောင်း၊ ထုတ်ကုန်လုံခြုံ စိတ်ချရမှုရှိစေရေး ကွင်းဆင်းဆောင်ရွက်မှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး လုပ်ငန်းများနှင့် ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းများ တိုးတက်ဆောင်ရွက်လာနိုင်သော်လည်း ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများလည်း များစွာ ကျန်ရှိနေသေးပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထွန်းက ယခင်(၅/၂၀၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း အစီအမံများကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း ကွင်းဆင်း အသိပညာပေးခြင်းများကို ၂၅ ကြိမ် ပြုလုပ်ခဲ့ပြီး ကွင်းဆင်းပညာပေးခြင်းများကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ စားသုံးသူများ နစ်နာမှုအတွက် တိုင်တန်းလိုလျှင် တိုင်ကြားနိုင်သည့် အသိပေးကြော်ငြာ Venyl ဆိုင်းဘုတ်များအား လူစည်ကားသောဈေးများ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ခရိုင် ပြန်/ဆက်ရုံးများတွင် ကြော်ငြာကပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိပါသည်။ **ရွှေဝယ်သား**

# အ-ထ-က (၁) အိမ်မဲမြို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

အိမ်မဲမြို့အ. ထ. က(၁) ရွှေညီလာခန်းမတွင် အောက်တိုဘာ ၂၄ ရက်က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့ပါသည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ မြောင်းမြခရိုင် ဦးစီးမှူးရုံး၊ ဒုတိယခရိုင်ဦးစီးမှူး ဦးဇော်မင်းက ကျောင်းသားကလေးငယ်များ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို ရွေးချယ်စားသုံးတတ်စေရန် ဟောပြောခဲ့ပါသည်။

အိမ်မဲမြို့နယ်တာဝန်ခံ ဒေါ်ဇင်မာသန်းက ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့များ လိုက်နာရမည့်အချက်(၅)ချက်အား လည်းကောင်း၊ သက်ဆိုင်ရာဌာနမှ တားမြစ်ထားသော မုန့်များ၊ အမှတ်တံဆိပ်မပါ၊ ထုတ်လုပ်သည့်ရက်စွဲ၊ သက်တမ်းကုန်ဆုံးသည့် ရက်စွဲမပါသည့်မုန့်များ ရောင်းချခြင်းမပြုရန်နှင့် ကျောင်းသား ကလေးငယ်များအား မိမိတို့၏ သားသမီးများကဲ့သို့သဘောထား၍ သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော မုန့်များကိုသာ ရောင်းချရန် မုန့်နမူနာများပြ၍ ရှင်းလင်းဟောပြောခဲ့ပါသည်။

ဆက်လက်၍ဒုတိယခရိုင်ဦးစီးမှူးဦးဇော်မင်းနှင့်အဖွဲ့သည် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ/ ဆရာမများနှင့်အတူ ကျောင်းမုန့်ဈေးတန်းတွင် မုန့်နှင့်အစားအသောက်များ ရောင်းချနေမှုကို ကြည့်ရှုစိစစ်ပြီး မုန့်ဈေးတန်းဆိုင်ရှင်များအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ပညာပေး ဆွေးနွေးခဲ့ပါသည်။ အဆိုပါ ဟောပြောပွဲသို့ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ စုစုပေါင်း ၁၉၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**တိုးလွင် (မြောင်းမြ)**

# ခွင့်မပြုဓာတုဆိုးဆေးကင်းစင်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်ရှိ ဈေးချိုတော်ဈေးရုံးတွင် အောက်တိုဘာ ၂၅ ရက်၌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာနမှူး ဦးခင်အောင်၊ ဌာနခွဲမှူး ဦးရဲထွန်း၊ ဌာနစုမှူး ဦးဇေယျာငြိမ်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာလင်းလင်းချစ်၊ စားသုံးသူရေးရာဦးစီးဌာနမှဦးစီးမှူး ဦးမျိုးထွန်းတို့သည် မန္တလေးမြို့ဈေးချိုတော်အတွင်း ရောင်းချလျက်ရှိသည့် ငရုတ်သီးမှုန့်၊ ပဲကြီးလှော်၊ စလေဘီ၊ ဆေးကုလားမလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာနမှူး ဦးခင်အောင်က ဆိုးဆေးကင်းစင်သော ဈေးများ ဖြစ်လာရန်အတွက် အားလုံးတွင်တာဝန်ရှိကြောင်း၊ ခွင့်မပြုဓာတုဆိုးဆေးများကို ငရုတ်သီးမှုန့်နှင့် ပဲကြီးလှော်များတွင် အနည်းငယ် အသုံးပြုနေသေးသည်ကို တွေ့ရှိရကြောင်း ပြောကြားခဲ့ပါတယ်။ ချမ်းအေးသာစံမြို့နယ်၊ ပြည်သူ့ကျန်းမာရေး ဦးစီးမှူး ဒေါက်တာလင်းလင်းချစ်က ချမ်းအေးသာစံမြို့နယ်၏ သေဆုံးမှု အများဆုံး ရောဂါ (၅)မျိုးတွင် အသည်းရောဂါပါဝင်ကြောင်း၊ ကွင်းဆင်းစစ်ဆေးခြင်းများသည် ဈေးသူ/ဈေးသားများကို ဒုက္ခပေးလို၍မဟုတ်ဘဲ စားသုံးသူများအတွက် ဘေးအန္တရာယ်မရှိအောင် အကာအကွယ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး၊ ဒေါက်တာကျော်ကျော်နှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဦးစီးမှူး ဦးမျိုးထွန်းတို့က အစားအသောက်များတွင်ပါရှိသည့် ခွင့်မပြုဆိုးဆေးများ၏ အန္တရာယ်နှင့် စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

ထို့နောက် တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များက ထုတ်လုပ်မှုလုပ်ငန်းများနှင့်ပတ်သက်၍ မေးမြန်းမှုများအား သက်ဆိုင်ရာဌာနများမှ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါတယ်။ **မျိုးထွန်း (စားသုံးသူ- မန္တလေး)**

# ဇလွန်မြို့နယ် မြို့သစ်ဈေးတွင် ဈေးစားသုံးသူရေးရာအဖွဲ့များအား စားသုံးသူရေးရာအကာအကွယ်ပေးရေးသင်တန်းကျင်းပ

ဇလွန်မြို့နယ် စားသုံးသူရေးရာ ဦးစီးဌာန တာဝန်ခံနှင့် အဖွဲ့သည် အောက်တိုဘာ ၁၆ ရက်က ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဇလွန်မြို့သစ်ဈေး၊ ဈေးတာဝန်ခံရုံးတွင် ဈေးစားသုံးသူရေးရာအဖွဲ့များ၊ ဈေးဆိုင်ပိုင်ရှင်များ၊ ဈေးသူဈေးသားများအား စားသုံးသူအကာအကွယ်ပေးရေး သင်တန်း ပြုလုပ်ခဲ့ပါသည်။

သင်တန်းတွင် စားသုံးသူရေးရာဦးစီးဌာန ဇလွန်မြို့နယ် တာဝန်ခံ ဦးမိုးကျော်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များ၊ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များအကြောင်းနှင့် စားသုံးသူ နစ်နာမှုများ ဖြစ်ပေါ်လာပါက ဈေးတာဝန်ခံရုံးတွင် ထားရှိသော တိုင်ကြားစာပုံးနှင့် မိမိတို့မြို့နယ်တာဝန်ခံရုံးတွင် ထားရှိသော တိုင်ကြားစာပုံးများတွင် တိုင်ကြားနိုင်ကြောင်းနှင့် လိုအပ်ပါက ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ရှင်းလင်းပြောကြားပြီး ဈေးသူဈေးသားများ၏ သိလိုသည်များကို ပြန်လည်ဖြေကြားခဲ့ပါသည်။ သင်တန်းသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဈေးစားသုံးသူရေးရာ အဖွဲ့များနှင့် ဈေးသူဈေးသားများ တက်ရောက်ခဲ့ပါသည်။

**မောင်မောင်မြတ်ခိုင်**

# ဂျပန်နိုင်ငံ၏ လယ်ယာထွက်ကုန်နှင့် စားသောက်ကုန်တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအကြောင်းတစေ့တစောင်း

| ကျော်စိန်ဝင်း (ပြည်တွင်း/ပြည်ပ) |

**ယခင်တစ်ပတ်မှအဆက်**

**အခြားသီးခြားစံချိန်စံညွှန်းများ**

**ဇီဝနည်းပညာစားသောက်ကုန်များ**

မျိုးဗီဇပြုပြင်ထားတဲ့ထုတ်ကုန်များ (Genetically Engineered Products) ဂျပန်နိုင်ငံသို့ တင်ပို့ခြင်းမပြုမီ ဂျပန်နိုင်ငံအစိုးရအနေနဲ့ သဘာဝ ပတ်ဝန်းကျင်နှင့် အစားအစာ ဘေးကင်းလုံခြုံမှု အကဲဖြတ်ခြင်း နှစ်ခုစလုံးကို ဆောင်ရွက်တာဖြစ်ပါတယ်။

**အော်ဂဲနစ်စားသောက်ကုန်များ**

အော်ဂဲနစ်စားသောက်ကုန်များဆိုင်ရာ စံချိန်စံညွှန်းများနဲ့ ပတ်သက်လို့ ဂျပန်နိုင်ငံ၊ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန (Ministry of Agriculture, Forestry and Fisheries-MAFF) မှ အဓိကတာဝန်ယူဆောင်ရွက်တာဖြစ်ပြီး Japan Agriculture Standard (JAS) Law နဲ့အညီ ကိုင်တွယ်ဆောင်ရွက်တာဖြစ်ပါတယ်။ အော်ဂဲနစ်စားသောက်ကုန်တွေအတွက် အရည်အသွေးအခြေခံ စားသောက်ကုန် တံဆိပ်ကပ်ခြင်း လုပ်ထုံးလုပ်နည်းတွေကို ကြည့်ရှုနိုင်တဲ့ အင်တာနက်လိပ်စာကတော့ http://www.maff.go.jp/e/policies/standard/jas/index.html ဖြစ်ပါတယ်။

**အသားနှင့်အသားထွက်ကုန်များ**

ဂျပန်နိုင်ငံမှ သွင်းကုန်လုပ်ငန်းရှင်များဟာ ဂျပန်နိုင်ငံဈေးကွက်အတွင်းရှိ အသားနှင့် အသား ထွက်ကုန်များကို သင့်လျော်မှန်ကန်တဲ့ တံဆိပ်ကပ်ခြင်း ပြုလုပ်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံမှ တင်သွင်းသူများဟာသင့်လျော်တဲ့ ဂျပန်ဘာသာစကားဖြင့် တံဆိပ်ကပ်မှုကို လုပ်ဆောင်နိုင်ဖို့အတွက် ထုတ်ကုန်ရဲ့ အသေးစိတ် သတင်းအချက်အလက်ကို တောင်းခံလာနိုင်တာကို ပို့ကုန်လုပ်ငန်းရှင်များ သတိပြုထားသင့်တယ်လို့ သိရပါတယ်။

**သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ဆင့်တက်ပြုပြင် မထားသော အစေ့အဆန်ထွက်ကုန်များ**

တရုတ်ဆီးသီး၊ ငရုတ်ပွ၊ ငရုတ်သီး၊ ခရမ်းသီး၊ မက်မွန်သီး၊ သစ်တော်သီး၊ မုန်လာဥဖြူ၊ ကန်စွန်းဥ နှင့် ဝဥစတဲ့ လတ်ဆတ်အသီးအနှံများဟာ ဂျပန်နိုင်ငံရဲ့ ကူးစက်ရောဂါဆိုင်ရာ ဥပဒေအရ တားမြစ်ပိတ်ပင်ထားတာဖြစ်ပါတယ်။

**အေးခဲသစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ**

ဂျပန်နိုင်ငံအတွင်းသို့အေးခဲထားသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို တင်သွင်းမယ်ဆိုရင်တော့ အောက်ဖော်ပြပါ အချက်များကို သင်္ဘောတင်ပို့သူရဲ့ကုန်ပို့လွှာမှာ ဖော်ပြပေးရမှာ ဖြစ်ပါတယ်။

* ထုတ်ကုန်အအေးခံသည့်ရက်စွဲ
* အအေးခံသည့် အပူအအေးပမာဏ (အနည်းဆုံး သုည ဒီဂရီဖာရင်ဟိုက်ဖြစ်ရမည်)
* တာဝန်ရှိကုမ္ပဏီအရာရှိ (သို့) ကိုယ်စားလှယ်၏ အမည်နှင့် လက်မှတ်
* ကုမ္ပဏီအမည်
* လက်မှတ်ရေးထိုးသည့်ရက်စွဲ
* ထုတ်ကုန်အကြောင်းဖော်ပြချက်
* သင်္ဘောတင်ပို့ထားသည့် ကုန်စည် ပမာဏ

အေးခဲကုန်စည်များ ကနဦးသင်္ဘော တင်ပို့မှု ရောက်ရှိချိန်တွင် သတ်မှတ်ချက်များ ပြည့်မီပါက ဂျပန်နိုင်ငံအစိုးရအနေနဲ့ ကျန်တဲ့ သင်္ဘောတင်ပို့မှုများအားလုံးရဲ့ လိုအပ်ချက်များစစ်ဆေးခြင်းနှင့် စာရွက်စာတမ်းအထောက်အထားများကို ဖြေလျှော့ခွင့်ပြုပေးတာမျိုး ရှိနိုင်ပါတယ်။

**မှန်ကန်ကြောင်းထောက်ခံချက်နှင့် စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ လိုအပ်ချက်များ**

ဂျပန်နိုင်ငံတွင်းသို့ သွင်းကုန်တင်သွင်းခွင့်ပြုရန်အတွက် ဂျပန်အစိုးရအနေနဲ့ စမ်းသပ်စစ်ဆေးခြင်းအဆင့်များစွာကို လုပ်ဆောင်နိုင်ပါတယ်။ ဆောင်းပါးအစပိုင်းမှာ ဖော်ပြခဲ့သလိုပဲ ဂျပန်နိုင်ငံသို့ ထုတ်ကုန်အသစ်တစ်မျိုးမျိုး တင်ပို့မယ်ဆိုရင် နမူနာကြိုတင်ပေးပို့ စမ်းသပ်စစ်ဆေးခြင်းဟာ မိမိရဲ့ ပို့ကုန်အမှန်တကယ်တင်ပို့ရာမှာ အထောက်အကူပြုနိုင်တယ်ဆိုတာကို အထူးပြုဖော်ပြလိုပါတယ်။ အဲဒီလို နမူနာပေးပို့စစ်ဆေးစမ်းသပ်တဲ့အခါမှာ ဂျပန်နိုင်ငံမှ စစ်ဆေးရေးအရာရှိများဟာ သွင်းကုန်လုပ်ငန်းရှင်တွေကို Ministry of Health, Labor and Welfare-MHLW မှာ မှတ်ပုံတင်ထားတဲ့ ဓာတ်ခွဲခန်းတွေမှာ စမ်းသပ်စစ်ဆေးမှု ပြုလုပ်ဖို့ တောင်းဆိုနိုင်ပါတယ်။ ဒါ့အပြင် ပြည်နယ်အဆင့် ကျန်းမာရေးအာဏာပိုင်များမှလည်း ပြည်တွင်းထုတ်ကုန်နှင့် တင်သွင်းကုန်ပစ္စည်းနှစ်မျိုးလုံးအတွက် ဒေသတွင်းလက်လီရောင်းချသူများထံမှ နမူနာများကို ကောက်ယူပြီး ကျဘန်းစစ်ဆေးဆောင်ရွက်ခြင်းကိုလည်း ပြုလုပ်ပါတယ်။ MHLW ဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုဒ်ဖြစ်တဲ့ http://www.mhlw. go.jp/english/topics/foodsafety/administration/dl/01.pdf မှာ ဝင်ရောက်လေ့လာနိုင်ပါတယ်။

**သွင်းကုန်လုပ်ထုံးလုပ်နည်းများ**

နောက်ဆုံးအနေနဲ့ တင်ပြလိုတဲ့အချက်ကတော့ ဂျပန်နိုင်ငံအတွင်းသို့ သွင်းကုန်တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများပဲဖြစ်ပါတယ်။ ဂျပန်နိုင်ငံသို့ စားသောက်ကုန်၊ အစားအစာဖြည့်စွက်ပစ္စည်းနှင့် စားသောက်ကုန်ဆက်စပ်ပစ္စည်းတွေကို တင်သွင်းမယ်ဆိုရင်တော့ MHLW ဝန်ကြီးဌာနရှိ Quarantine Station ရဲ့Food Sanitation Inspection Section ထံသို့ Notification Form of Food Importation ကို တင်ပြရန်လိုအပ်ပါတယ်။ ထုတ်ကုန်များဟာ ဂျပန်နိုင်ငံရဲ့ Food Sanitation Law နဲ့ ကိုက်ညီမှု ရှိ/မရှိကို အဆိုပါဌာနမှ စစ်ဆေးပြီး ဆုံးဖြတ်ပေးတာဖြစ်ပါတယ်။ စစ်ဆေးဖို့လိုအပ်တဲ့ ထုတ်ကုန်များကို သက်ဆိုင်ရာသိုလှောင်ရုံများမှာ ချက်ချင်းဖွင့်ဖောက်စစ်ဆေးမှာ ဖြစ်ပါတယ်။ အလားတူ ကုန်ပစ္စည်းများရဲ့ နမူနာများကို ထုတ်ယူပြီး ဓာတ်ခွဲစစ်ဆေးမှုအတွက် ဆက်လက်ပေးပို့မှာလည်း ဖြစ်ပါတယ်။ Japanese Food Sanitation Law နဲ့ ကိုက်ညီကြောင်း တွေ့ရှိတဲ့အခါမှာ Notification Form မှာတံဆိပ်တုံးထုပေးမှာ ဖြစ်ပါတယ်။ စစ်ဆေးတဲ့ကုန်စည်ဟာ ဂျပန်နိုင်ငံရဲ့ စားသောက်ကုန်လုပ်ထုံးလုပ်နည်းများနဲ့ ကိုက်ညီကြောင်း တွေ့ရှိမှသာ ဂျပန်နိုင်ငံအတွင်းသို့ တင်သွင်းခွင့်ပြုမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ တင်သွင်းခြင်းပြု/မပြု စဉ်းစား ဆုံးဖြတ်နိုင်ဖို့အတွက် Commercial Samples အနေနဲ့ တင်သွင်းတဲ့ နမူနာပစ္စည်းများအတွက်ကိုတော့ Notification Form တင်ပြရန် မလိုအပ်ဘူးလို့ သိရပါတယ်။ ဒါပေမယ့် ရောဂါကင်းစင်မှု စစ်ဆေးတဲ့ဌာနနဲ့ အကောက်ခွန်အရာရှိများသိရှိနိုင်ဖို့အတွက် နမူနာပစ္စည်းသာဖြစ်ကြောင်း မှတ်တမ်းအထောက်အထားပါရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဆိုပါကုန်ပစ္စည်းများအတွက် တိကျတဲ့ ပမာဏသတ်မှတ်ထားခြင်းမရှိပေမယ့် သင့်လျော်တဲ့ပမာဏ ဖြစ်ရမယ်လို့ ဆိုပါတယ်။

တင်ပို့တဲ့ ကုန်ပစ္စည်းဟာ ကုန်စည်ပြပွဲများမှာ ခင်းကျင်းပြသဖို့အတွက်သာဖြစ်ပြီး ရောင်းချခြင်း မပြုဘူးဆိုရင်လည်း Notification Form လိုအပ်ခြင်း မရှိပါဘူး။ ဒါပေမဲ့ အဆိုပါကုန်ပစ္စည်းကို ပြည်သူများထံ ဖြန့်ဖြူးခြင်းဖြစ်စေ၊ အခမဲ့ပေးဝေခြင်းဖြစ်စေ ပြုလုပ်မယ်ဆိုရင်တော့ Import Notification အပါအဝင် သတ်မှတ်ထားတဲ့ သွင်းကုန် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပြပွဲများတွင် ခင်းကျင်းပြသရန်အတွက်သာဖြစ်ကြောင်း အထောက်အထား တင်ပြရန်လိုပြီး ပမာဏမှာလည်း သင့်တင့်တဲ့ ပမာဏဖြစ်ရန် လိုအပ်ပါတယ်။

**သွင်းကုန်တင်သွင်းမှုအတွက် လိုအပ်သော စာရွက်စာတမ်းများ**

ဂျပန်နိုင်ငံသို့ သွင်းကုန်တင်သွင်းရန်အတွက် လိုအပ်တဲ့ စာရွက်စာတမ်း အထောက်အထားတွေကတော့ (၁) သွင်းကုန်တင်သွင်းမှုအကြောင်းကြားစာ၊ (၂) ကျန်းမာရေးဆိုင်ရာ ထောက်ခံချက်၊ (၃) စစ်ဆေးမှုရလဒ်၊ (၄) ပါဝင်ပစ္စည်းများ၊ ဖြည့်စွက်ပစ္စည်းများနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ဖော်ပြထားသော စာရွက်စာတမ်းများ ဖြစ်ကြပါတယ်။ ဂျပန်နိုင်ငံရဲ့Food Sanitation Law ကို ချိုးဖောက်တဲ့ကုန်စည်များတွေ့ရှိခဲ့ရင်တော့ ၎င်းတို့ကို ပြန်လည်တင်ပို့ခြင်း၊ ဖျက်ဆီးခြင်းနှင့် စွန့်ပစ်ဖယ်ရှားခြင်းတို့ကို ဆောင်ရွက်မှာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ ပို့ကုန်လုပ်ငန်းရှင်များအနေနဲ့ စံချိန်စံညွှန်းနဲ့ အရည်အသွေးသတ်မှတ်ချက်တွေ မြင့်မားတဲ့ ဂျပန်နိုင်ငံဈေးကွက်သို့ စိုက်ပျိုးရေးထွက်ကုန်နှင့် စားသောက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အထောက်အကူပြုနိုင်စေဖို့ ရေးသားဖော်ပြအပ်ပါတယ်။

**Source: Japan, Food and Agricultural Import Regulations and Standards-Narrative, FAIRS Country Report, United States Department of Agriculture, Foreign Agriculture Service (GAIN Report Number: JA6061)**

## နောက်(၂)နှစ်ကြာလျှင် အိန္ဒိယနိုင်ငံတွင် ပဲစိုက်ပျိုးထုတ်လုပ်မှု လုံလောက်တော့မည်

အိန္ဒိယနိုင်ငံအနေဖြင့် နောက်နှစ်နှစ်ကြာလျှင် ပဲတင်သွင်းရန် လိုအပ်တော့မည် မဟုတ်ကြောင်း၊ ပြည်တွင်းစားသုံးမှုကို ပြည့်မီအောင်ထုတ်လုပ် နိုင်တော့မည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး Radha Mohan Singh က ပြောကြားလိုက်တယ်လို့ သိရပါတယ်။

အိန္ဒိယနိုင်ငံဟာ ယခင်ဘဏ္ဍာနှစ်က ပဲမျိုးစုံတန်ချိန် ငါးသန်းအထိ ပြည်ပကနေ တင်သွင်းခဲ့ရာမှ ၂၀၁၆-၂၀၁၇ သီးနှံနှစ် ဇူလိုင်-ဇွန်မှာတော့ ယခင်နှစ်ထုတ်လုပ်မှုတန်ချိန် ၁၆ ဒသမ ၃၅ သန်းထက်ကျော်လွန်ပြီးပဲ မျိုးစုံတန်ချိန် ၂၂ ဒသမ ၉၅ သန်းအထိ စံချိန်တင် ထုတ်လုပ်နိုင်ခဲ့ပါတယ်။

ပဲမျိုးစုံ အထွက်အလွန်ကောင်းပြီး ပြည်တွင်းပဲဈေးများ ကျဆင်းတဲ့အတွက် ဒီဘဏ္ဍာနှစ်မှာ တင်သွင်းမှုကို လျှော့ချဖို့ ရည်ရွယ်ချက်နဲ့ ပဲအမျိုးအစားအချို့ ပြည်ပမှ တင်သွင်းခြင်းကို အစိုးရက မကြာသေးမီက ကန့်သတ်ခဲ့ပါတယ်။

ယခင်နှစ် ပဲမျိုးစုံထုတ်လုပ်မှုက တန်ချိန် ၆ ဒသမ ၅ သန်းခန့် ပိုမိုထုတ်လုပ်ခဲ့ကြောင်း၊ နှစ်နှစ်ကြာရင် ပဲတင်သွင်းဖို့ ရှိတော့မှာမဟုတ်ကြောင်း Business Standard Newspaper က ကျင်းပတဲ့ စိုက်ပျိုးရေးစားပွဲဝိုင်းဆွေးနွေးပွဲမှာ Singh က ပြောကြားခဲ့ပါတယ်။ အစိုးရအနေနဲ့ စားသုံးဆီတင်သွင်းမှုတွေကို လျှော့ချဖို့အတွက်လည်း ဆီထွက်သီးနှံ တိုးမြှင့်ထုတ်လုပ်ဖို့ကိုလည်း အာရုံစိုက်နေကြောင်း၊ အိန္ဒိယနိုင်ငံရဲ့ ဆင်းရဲသား၊ လယ်သမားများနဲ့ ကျေးလက်ဒေသတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့အတွက် ကတိကဝတ်ပြုခဲ့ပြီး ၂၀၂၂ မှာ လယ်သမားတွေရဲ့ ဝင်ငွေနှစ်ဆတိုးရရှိဖို့အတွက် လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက အစီအစဉ်များ ချမှတ်လုပ်ဆောင်ခဲ့ကြောင်းကိုလည်း ပြောကြားခဲ့ပါတယ်။ လယ်ယာကဏ္ဍအတွက် ဘတ်ဂျက်ကို ရူပီး ၁၆၄၄၁၅ ကုဋေအထိ ခွဲဝေတိုးမြှင့်ချထားခဲ့ကြောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်းမှာမူ ရူပီး ၁၀၄၂၂၇ ကုဋေသာ ဘတ်ဂျက်ချထားနိုင်ခဲ့ကြောင်း၊ အစိုးရအနေနဲ့ လယ်ယာကဏ္ဍမှာ အထွက်ကိုရောသွင်းအားစုကိုပါ ပိုမိုကောင်းမွန်လာအောင် စီမံခန့်ခွဲဖို့ အာရုံစိုက်နေကြောင်းကိုလည်း ပြောကြားခဲ့ပါတယ်။

Singh က အထွက်တိုးပြီး ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ချရာမှာ အထောက်အကူပြုတဲ့ တမာဓာတ်မြေသြဇာနဲ့ နိုင်ငံအတွင်းမှာ အရင်းအမြစ်တွေကို ပိုမိုကောင်းမွန်အောင် အသုံးပြုဖို့နဲ့ လယ်သမားတွေရဲ့ ထုတ်လုပ်မှု စွမ်းအားတိုးတက်ဖို့အတွက် National Mission တစ်ခုဖြစ်တဲ့ Pradhan Mantri Krishi Sinchai Yojana လို၊ မြေဆီလွှာကျန်းမာရေးကတ်လို အစီအစဉ်တွေအကြောင်း၊ သီးနှံအသစ် အာမခံအစီအစဉ်နဲ့ ပရီဂရမ်တွေကို လက်ကား အွန်လိုင်း လယ်ယာထွက်ကုန်ဈေး ၅၈၅ ခုနဲ့ Electronic Platform ပေါ်တွင် ချိတ်ဆက်ခြင်းသည်လယ်သမားတွေအတွက် ပိုမိုကောင်းမွန်တဲ့ ဝင်ငွေရရှိနိုင်မည်ဖြစ်ကြောင်း၊ နို့၊ ဥနှင့် ငါး ထုတ်လုပ်မှုသည်လည်း လွန်ခဲ့သည့် သုံးနှစ်တွင် ၁၅ -၂၀ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ကြောင်း၊ အစိုးရက လယ်သမားများဝင်ငွေ အပိုရရှိစေရန်"Sweet Revolution"အပေါ် အာရုံစိုက်နေ၍ ပျားရည်ထုတ်လုပ်မှုမှာလည်း တိုးတက်လာခဲ့ကြောင်း၊ လယ်သမားများရဲ့ ဝင်ငွေမြင့်မားအောင် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရန်လိုအပ်ကြောင်း၊ အစိုးရအနေနဲ့နိုင်ငံရှိစားသောက်ကုန် ထုတ်လုပ်မှုကဏ္ဍကိုမြှင့်တင်ရန်'SAMPADA'အစီအစဉ်ကိုရူပီး ၆၀၀၀ ကုဋေဖြင့် မကြာသေးခင်က စတင်ခဲ့ကြောင်းကိုလည်း ပြောကြားခဲ့ပါတယ်။ **နှင်းဒေဝီ (နေပြည်တော်သူ)**

**source: economictimes.indiatimes.com**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု ဥပဒေနှင့် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

## ■ သန်းသန်းနိုင်

ယခင်တစ်ပတ်မှအဆက်

၂၅။ အောက်ပါအချက်များနှင့် ညီညွတ်သူအနေဖြင့် တင်ပို့ခွင့်ကိုတာကို လေလံစွဲ၍အောင်သူအနေဖြင့် နွယ်ချိုနှင့် နွယ်ချိုထွက်ပစ္စည်း၊ မဂ္ဂနီဆီယမ်၊ ကန့်ကူအတုံး(အမှုန့်)တို့ကို တင်ပို့ခွင့်လျှောက်ထားနိုင်သည်။

(၁) နိုင်ငံတော်မှသတ်မှတ်ထားသော သတ်မှတ်ချက်နှင့်အညီ စက်မှုကုန်သွယ်ရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော၊ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းလုပ်ရန် မှတ်ပုံတင်ထားသော (သို့မဟုတ်) သွင်းကုန် ပို့ကုန်လုပ်ငန်းလုပ်ကိုင်ခွင့်ရထားသော၊ ဥပဒေအရ ကုမ္ပဏီပိုင်ဆိုင်သူမှာ မှတ်ပုံတင်ထားသူဖြစ်ရမည်။ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီအနေဖြင့် ဤလုပ်ငန်းကိုလုပ်ကိုင်ခွင့်နှင့် တင်ပို့ခွင့်ရထားသော (သို့မဟုတ်) ကုန်သွယ်ရေးဝန်ကြီးဌာနမှ အဆိုပါ ကုန်ပစ္စည်းတင်ပို့ခွင့်ပြုမိန့်များ ရှိရမည်။

(၂) ထုတ်လုပ်မှုလုပ်ငန်းပမာဏနှင့် ကိုက်ညီသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ရှိရမည်ဖြစ်သလို၊ စွန့်ပစ်ပစ္စည်းများမှာလည်း နိုင်ငံတော် (သို့မဟုတ်) ဒေသတွင်း စွန့်ပစ်ပစ္စည်း သတ်မှတ်ချက်စံချိန်စံညွှန်း ရှိရမည်။

(၃) နိုင်ငံတော်မှချမှတ်ထားသောဥပဒေများနှင့် မိမိလုပ်ငန်းတည်ရှိရာဒေသမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သလို၊ ဝန်ထမ်းများအတွက် ပင်စင်၊ အလုပ်လက်မဲ့ထောက်ပံ့ကြေး၊ ဆေးကုသစရိတ်အာမခံ၊ အလုပ်တွင်း ထိခိုက်သေကြေမှုအာမခံ၊ မွေးဖွားစရိတ် စသည့် လူ့အဖွဲ့အစည်းတွင်း သတ်မှတ်အာမခံများကို လုံလောက်တိကျစွာ ဝယ်ယူထားရှိရမည် ဖြစ်သလို၊ လူ့အဖွဲ့အစည်းအာမခံများလည်း ဝယ်ယူပေးရမည်ဖြစ်သည်။

(၄) မဂ္ဂနီဆီယမ်၊ ကန့်ကူထုတ်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီအနေဖြင့် ကုန်ကြမ်းကို တရားဝင်တူးဖော်ခွင့်ရသည့် ကုမ္ပဏီမှသာ ဝယ်ယူရမည်။

(၅)ရောင်းဝယ်ဖောက်ကားသည့်ကုမ္ပဏီအနေဖြင့် ကုန်ပစ္စည်းဝယ်ယူရာတွင် ဤအပုဒ်(၂)၊(၃)၊(၄)ပါအချက်များနှင့် ကိုက်ညီသည့် ကုမ္ပဏီတွင်သာ ဝယ်ယူရမည်။

(၆) ၂၀၁၁-၂၀၁၃ခုနှစ်အတွင်း နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေငြိစွန်းနေသူမဖြစ်ရ။

၂၆။ နွယ်ချိုနှင့် နွယ်ချိုထွက်ပစ္စည်း၊ မဂ္ဂနီဆီယမ်၊ ကန့်ကူအတုံး(အမှုန့်)တို့ကို တင်ပို့ခွင့်လျှောက်ထားပါက ပါဝင်ရမည့် အခြားအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) နွယ်ချိုနှင့်နွယ်ချိုထုတ်ကုန်ပစ္စည်း ကုမ္ပဏီအနေဖြင့် မတည်ငွေ အနည်းဆုံးယွမ်(၁၀)သိန်း ရှိရမည်။ ကုမ္ပဏီသစ်အနေဖြင့် အနည်းဆုံးယွမ်သိန်း (၃၀)ရှိရမည်။

**(၁) နွယ်ချိုအစို(သို့မဟုတ်) အခြောက်။** ၂၀၁၁-၂၀၁၃ ခုနှစ်အတွင်း လက်တွေ့တင်ပို့ရောင်းချခဲ့သူ(သို့မဟုတ်)နှစ်စဉ် ပျမ်းမျှ အမေရိကန်ဒေါ်လာ(၃)သိန်းအထက် ကိုယ်စားလှယ်လွဲ တင်ပို့ရောင်းချခဲ့သူ သို့မဟုတ် နှစ်စဉ်ပျမ်းမျှ တန်(၅၀)အထက် တင်ပို့ရောင်းချနိုင်သည့် ကုန်ချောထုတ်လုပ်ရေးကုမ္ပဏီ၊ ထိုသို့မဟုတ် နှစ်စဉ်ပျမ်းမျှ ဘယဆေးတင်ပို့ရောင်းချမှုတန်ဖိုး အမေရိကန် ဒေါ်လာ (၅)သိန်းအထက် ရောင်းချနိုင်ခဲ့သူဖြစ်ရမည်။

**(၂) နွယ်ချိုအရည်နှင့် ဖော်စပ်ထားသည့်ဆေးတောင့်။** ၂၀၁၁-၂၀၁၃ ခုနှစ်အတွင်း လက်တွေ့တင်ပို့ရောင်းချခဲ့သူ (သို့မဟုတ်) နှစ်စဉ်ပျဉ်းမျှ တန်(၈၀)အထက် တင်ပို့ရောင်းချနိုင်သည့် ကုန်ချောထုတ်လုပ်ရေးကုမ္ပဏီဖြစ်ရမည်။

**(၃) နွယ်ချိုချက်အမှုန့်၊ နွယ်ချိုချက်ဆားနှင့် ဆက်စပ်ကုန်ပစ္စည်း။** ၂၀၁၁-၂၀၁၃ ခုနှစ်အတွင်း လက်တွေ့တင်ပို့ရောင်းချခဲ့သူ (သို့မဟုတ်) နှစ်စဉ်ပျမ်းမျှ ယွမ်သိန်း(၂၂)အထက် ထုတ်လုပ်နိုင်သည့် ကုန်ချောထုတ်လုပ်ရေးကုမ္ပဏီ၊ သို့မဟုတ် ပျမ်းမျှနွယ်ချိုမှ ထုတ်ယူရရှိသောကုန်ကို နှစ်စဉ်တင်ပို့ရောင်းချမှု တန်ဖိုးအမေရိကန်ဒေါ်လာ(၁၂)သိန်းအထက် ရောင်းချနိုင်ခဲ့သူ ဖြစ်ရမည်။ နွယ်ချိုစိုက်ပျိုးမှုလုပ်ကိုင်၍ စိုက်ပျိုးမြေတရုတ်မိုင်ပေါင်း (၅၀၀၀) ကျော်ရှိသည့် ကုမ္ပဏီဖြစ်ရမည်။

(ခ) မဂ္ဂနီဆီယမ်

(၁) **မီးသင့်ပြီးမဂ္ဂနီဆီယမ်။** ရောင်းဝယ်ဖောက်ကားသည့်ကုမ္ပဏီအနေဖြင့် မတည်ငွေ ယွမ် သိန်း(၅၀)ရှိရမည်။ (အောက်တွင် အထူးမဖော်ပြပါက ငွေအမျိုးအစားမှာ ယွမ်ငွေဖြစ်သည်။) ၂၀၁၁-၂၀၁၃ ခုနှစ်များတွင် နှစ်စဉ်ပျမ်းမျှတန်ချိန်(၃၀၀၀)တင်ပို့မှုပြုထားသူဖြစ်ရမည်။ ထုတ်လုပ်သည့်ကုမ္ပဏီအနေဖြင့် မတည်ငွေယွမ်သိန်း(၅၀)ရှိရမည်။ ၂၀၁၁-၂၀၁၃ခုနှစ်များ တွင် နှစ်စဉ်ပျမ်းမျှတန်ချိန်(၂၀၀၀)တင်ပို့မှုပြုထားသူဖြစ်ရမည်။ (၂၀၁၂ ခုနှစ်တွင် လေလံတင် ခွင့်ရကုမ္ပဏီအနေဖြင့် ကိုတာရထားလျှင် ထိုနှစ်မှာပင် ပျမ်းမျှတန် ချိန်(၂၀၀၀) တင်ပို့နိုင်ရ မည်။) သို့မဟုတ် နှစ်စဉ်ပျမ်းမျှတင်ပို့မှုအတွက် ကုန်တန်ချိန် (၈၀၀၀) ထုတ်လုပ်ရောင်းချပေးထားသူဖြစ်ရမည်။

**(၂) မဂ္ဂနီဆီယမ်အောက်ဆိုက်တွင် မဂ္ဂနီဆီယမ် (၇၀) ရာခိုင်နှုန်းပါရှိသည့် သတ္တုကုန်ပစ္စည်းများ။** ရောင်းဝယ်ဖောက်ကားသည့် ကုမ္ပဏီအနေဖြင့် မတည်ငွေယွမ်သိန်း(၃၀)ရှိရမည်။ ၂၀၁၁-၂၀၁၃ ခုနှစ်များတွင် နှစ်စဉ်ပျမ်းမျှတန်ချိန်(၅၀၀)တင်ပို့ထားသူ ဖြစ်ရမည်။ ထုတ်လုပ်သည့် ကုမ္ပဏီအနေဖြင့် မတည်ငွေ ယွမ်သိန်း (၃၀) ရှိရမည်။ ၂၀၁၁-၂၀၁၃ ခုနှစ်များတွင် နှစ်စဉ်ပျမ်းမျှ တန်ချိန် (၃၀၀) တင်ပို့မှုပြုထားသူဖြစ်ရမည်။

**(၃)မီးမသင့်ရသေးသော မဂ္ဂနီဆီယမ်။** မတည်ငွေယွမ်သိန်း(၁၀)ရှိရမည်။ ၂၀၁၁-၂၀၁၃ ခုနှစ်များတွင် နှစ်စဉ်ပျမ်းမျှတန်ချိန်(၁၀၀)တင်ပို့ထားသူဖြစ်ရမည်။ သို့မဟုတ် ၂၀၁၁-၂၀၁၃ ခုနှစ်များတွင် နှစ်စဉ်ပျမ်းမျှတန်ချိန်(၂၀၀၀၀)တင်ပို့ရန် ပံ့ပိုးပေးထားသူ ဖြစ်ရမည်။

(၄) **ရေရာသတ္တုတွင် မဂ္ဂနီဆီယမ်အောက်ဆိုက် (၇၀) ရာခိုင်နှုန်းပါရှိလျှင်။** မတည်ငွေ ယွမ်သိန်း(၁၀) ရှိရမည်။ ၂၀၁၁-၂၀၁၃ ခုနှစ်များတွင် တင်ပို့မှုပြုထားသူဖြစ်ရမည်။

(ဂ) ကန့်ကူအတုံး(အမှုန့်)

(၁) ရောင်းဝယ်ဖောက်ကားသည့် ကုမ္ပဏီအနေဖြင့် မတည်ငွေ ယွမ်သိန်း(၄၀)ရှိရမည်။ ၂၀၁၁-၂၀၁၃ ခုနှစ်များတွင် နှစ်စဉ် ပျမ်းမျှတန်ချိန်(၁၀၀၀)တင်ပို့မှုပြုထားသူဖြစ်ရမည်။

(၂) ထုတ်လုပ်သည့်ကုမ္ပဏီအနေဖြင့် မတည်ငွေ ယွမ်သိန်း (၄၀)ရှိရမည်။ ၂၀၁၁-၂၀၁၃ ခုနှစ်များတွင် နှစ်စဉ်ပျမ်းမျှ တန်ချိန်(၅၀၀)တင်ပို့မှုပြုထားသူဖြစ်ရမည်။ သို့မဟုတ် နှစ်စဉ်ပျမ်းမျှ တင်ပို့မှုအတွက် ကုန်တန်ချိန်(၂၀၀၀) ထုတ်လုပ်ရောင်းချပေးထားသူဖြစ်ရမည်။

၂၇။ အထက်ပါ လေ့လာချက်အရ တင်ပို့ကုန်အရေအတွက်မှာ ထုတ်လုပ်သည့်ကုမ္ပဏီမှ မိမိဘာသာတင်ပို့သော ကုန်အရေအတွက်ကို ထည့်ဝင်တွက်ချက်မည်မဟုတ်ပေ။ ပို့ကုန်ပမာဏကို အကောက်ခွန်ဌာနမှ ထုတ်ပြန်ထားသော ကိန်းဂဏန်းသာ အတည်ဖြစ်သည်။ တင်ပို့ကုန်ပံ့ပိုးမှု အရေအတွက်သည်လည်း လုပ်ကိုင်ခွင့်ရှိမရှိ စိစစ်ချိန်တွင် ထွက်ရှိသောအဖြေသာလျှင် အတည်ဖြစ်သည်။

၂၈။ အောက်ပါအချက်တစ်ခုခုနှင့် ငြိစွန်းလျှင် ခွင့်ပြုမည်မဟုတ်- (က) လျှောက်ထားချက်တွင် တင်ပြသော စာရွက်စာတမ်းပါ အချက်များ လက်တွေ့နှင့် မကိုက်ညီလျှင်။ (ခ)အထက်ပါအချက်များနှင့် မကိုက်ညီလျှင်။ (ဂ)ဟောင်ကောင်၊ မကာအိုသို့ နွားအရှင်၊ ဝက်အရှင်၊ ကြက်အရှင်များ တင်ပို့ရန်လျှောက်ထားသော်လည်း ထိုဒေသများသို့ ရောင်းချခွင့်လိုင်စင်မရထားလျှင်။ (ဃ)အခြားသော အချက်များနှင့် မကိုက်ညီလျှင်။

၂၉။ လျှောက်ထားရာတွင် လိုအပ်သော စာရွက်စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ကုမ္ပဏီမှတ်ပုံတင်လိုင်စင်

(၂) နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်

(၃) သွင်းကုန်စာချုပ်

(၄) အခြားဥပဒေပါစာရွက်စာတမ်းများ

၃၀။ ဥပဒေပါစာရွက်စာတမ်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ ထုတ်ပေးထားသော စွန့်ပစ်ပစ္စည်း စွန့်ပစ်ခွင့်များအပြင် (ISO 9000) အရည်အသွေးအောင်လက်မှတ်၊ (ISO14000)သဘာဝပတ်ဝန်းကျင် အောင်လက်မှတ်၊ ကုန်ပစ္စည်းအမြတ်တော်ခွန် လက်မှတ်ကော်ပီ (သို့မဟုတ်) စကန်ဖတ်ထားသည့်စာ (မူရင်းကိုလည်း စစ်ဆေးနိုင်ရန် ပြင်ဆင်ထားရမည်။) ဝန်ထမ်းပင်စင်၊ အလုပ်လက်မဲ့ထောက်ပံ့ကြေး၊ ဆေးကုသစရိတ်အာမခံ၊ အလုပ်တွင်း ထိခိုက်သေကြေမှုအာမခံ၊ မွေးဖွားစရိတ် စသည့် လူ့အဖွဲ့အစည်းအတွင်း သတ်မှတ်အာမခံများ ပေးဆောင်ထားသည့် သက်သေအထောက်အထား (ဤအထောက်အထားများကို ဒေသတွင်းလူ့အရင်းအမြစ်နှင့် လူမှုဝန်ဆောင်ရေး ဌာနမှ ထုတ်ပေးရမည်။) ဘဏ်မှသတ်မှတ်သော သမာဓိကျသည့် လုပ်ငန်းရှင်အဆင့် ထောက်ခံချက်၊ အန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်သည့်ထောက်ခံချက်၊ သတ္တုထုတ်လုပ်ခွင့် စသည်တို့ကို ဆိုလိုသည်။ အသေးစိတ်ကို ကုန်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကြော်ငြာတွင် ကြည့်ရှုနိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

စာမျက်နှာ (၈) ➢➢➢ ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာ့ကုန်သွယ်မှုတိုးတက်မှုနှုန်း …… ‧မှ အဆက်

အသီးသီး တိုးတက်လာခဲ့ပါကြောင်း၊ ဥရောပတွင် ပို့ကုန် ၂ ဒသမ ၆ ရာခိုင်နှုန်းနှင့် သွင်းကုန် ၁ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး အာရှတွင် ပို့ကုန် ၇ဒသမ၃ရာခိုင်နှုန်း၊ သွင်းကုန် ၈ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း ထိုကဲ့သို့ အာရှတိုက်၏ ကုန်စည်ကုန်သွယ်မှုပမာဏ တိုးတက်လာခြင်းတွင် တရုတ်နိုင်ငံ၏ အခန်းကဏ္ဍသည် များစွာပါဝင်ကြောင်း ဖော်ပြထားချက်အရ တွေ့ရပါတယ်။ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုကြိုတင်ခန့်မှန်းချက်အရ ၂၀၁၇ ခုနှစ်အတွင်း ပို့ကုန်/သွင်းကုန်ပမာဏ တိုးတက်လာခြင်းကြောင့် ကုန်သွယ်မှုမြင့်မားလာပြီး စီးပွားရေးတိုးတက်မှုကို တွေ့မြင်ရပါ ကြောင်း၊ ယခုနှစ်၏ တိုးတက်မှုနှုန်းသည် ၂၀၁၃ ခုနှစ်မှစ၍ ဖွံ့ဖြိုးပြီးနိုင်ငံများထက် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သွင်းကုန်သည် ပိုမိုများပြားလာပါကြောင်း၊ တရုတ်အနေဖြင့် အာရှနိုင်ငံများရှိ ၎င်း၏ ကုန်သွယ်ဖက်နိုင်ငံများအကြား ကုန်သွယ်မှု မြင့်တင်ခြင်းနှင့် ၎င်း၏သွင်းကုန်လိုအပ်ချက် မြင့်မားလာခြင်းကြောင့် ၂၀၁၈ ခုနှစ်နှင့် ထိုနှစ်အလွန်နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းအတန်အသင့် ဆက်လက်တိုးတက်နိုင်ရန် မျှော်မှန်းထားပါကြောင်း၊ အလားတူ ဘရာဇီးနိုင်ငံသည်လည်း ၂၀၁၇ ခုနှစ်အတွင်း GDP တိုးတက်လာသည့်အပြင် သွင်းကုန် မြင့်မားလာနိုင်သည်ကို တွေ့ရှိရသော်လည်း တောင်အမေရိကတိုက်ရှိ နိုင်ငံများတွင် GDP တိုးတက်မှုနှုန်းနှင့် ကုန်သွယ်မှုတွင် အားနည်းနေသေးသည်ကို တွေ့ရှိရကြောင်း အဆိုပါထုတ်ပြန်ချက်၏ ဖော်ပြပါဇယားများအရ သိရှိရပါတယ်။

ထို့ကြောင့် ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာ့ကုန် စည် ကုန်သွယ်မှု တိုးတက်လာရခြင်း အကြောင်းအရင်းမှာ မြောက်အမေရိကတိုက်ရှိ နိုင်ငံများ၏ ပို့ကုန်/သွင်းကုန် ပမာဏတိုးတက်မှုများ၊ အထူးသဖြင့် အာရှနိုင်ငံများ၏ ကုန်သွယ်မှု (ပို့ကုန်/ သွင်းကုန်) မြင့်တက်လာမှုတို့ကြောင့်ဖြစ်ပြီး ထိုသို့သော အကြောင်းအရာများကို အခြေခံ၍ ၂၀၁၇ ခုနှစ်အတွက် ကမ္ဘာ့ကုန်သွယ်ရေးတိုးတက်မှုနှင့် GDP တိုးတက်မှုနှုန်းကို အချိုးချမည်ဆိုပါက ၁ ဒသမ ၃ အချိုး ၁ ရှိလိမ့်မည်ဖြစ်ကြောင်း ခန့်မှန်းဖော်ပြထားချက်များအရ သိရပါတယ်။ **ဟန်နီ WTO**

# ထိုင်းဆန်ဈေးနှုန်းတည်ငြိမ်မည်ဟု ထိုင်းနိုင်ငံဆန်တင်ပို့သူများအသင်း မျှော်လင့်

ပြည်ပဝယ်လိုအား ခိုင်မာမှုရှိလာသော ထိုင်းဆန်သည် support price ဖြစ်လာမည်ဟု မျှော်လင့်ရပါသည်။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ထွက်ရှိမည့် အဓိကစိုက်ပျိုးသီးနှံ တန်ချိန် ၂၅ သန်းအတွက် နောက်လဈေးကွက်တွင် ဈေးနှုန်းမတည်မငြိမ်နှင့် အတက်အကျများမည်ဟု ထိုင်းနိုင်ငံ စက်မှုလုပ်ငန်း တာဝန်ရှိသူများက ပြောကြားပါသည်။

ထိုင်းဆန်၏ ပြည်ပဝယ်လိုအား မြင့်တက်လာမှုကြောင့် ၂၀၁၇ ခုနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၁၀ ဒသမ ၈သန်းအထိ တိုးတက်တင်ပို့လာနိုင်ကြောင်း၊ ၂၀၁၄ ခုနှစ်အတွင်းကလည်း ပြည်ပသို့ ဆန်တန်ချိန် ၁၀ ဒသမ ၉သန်းထိ တင်ပို့နိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံ၊ ဆန်တင်ပို့သူများအသင်း၏ ဥက္ကဋ္ဌ Mr. Charoen Laothammatas က ပြောကြားထားပါသည်။

လွန်ခဲ့သော သုံးလအတွင်းက ပျမ်းမျှ ဆန်တန်ချိန် ကိုးသိန်းခန့်ကို သင်္ဘောဖြင့် တင်ပို့နိုင်ခဲ့ပါက ယခုနှစ်တွင် ဆန်တန်ချိန် ၁၁ သန်းအထိ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံဆန်တင်ပို့သူများအသင်း၏ ဥက္ကဋ္ဌ Mr. Charoenu ပြောကြားခဲ့ပါသည်။ မျှော်မှန်းထားသော သတ်မှတ်တင်ပို့နှုန်းရောက်ရှိရန် တစ်လလျှင် ပျမ်းမျှဆန်တန်ချိန် ၈၂၀၀၀၀ တန် တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်အတွင်း ဆန်တန်ချိန် ၈ ဒသမ ၂ သန်းတင်ပို့နိုင်ခဲ့ကြောင်း Mr. Charoen က ဆက်လက်ပြောကြားခဲ့ပါသည်။

သီးနှံရိတ်သိမ်းချိန်ကုန်ဆုံးပြီးပါက ဆန်ဈေးနှုန်းကျဆင်းမှုကို ထူးထူးခြားခြားကာကွယ်ပေးနိုင်မည်ဖြစ်ရာ ယခုနှစ်ကုန်ပိုင်းအထိ ဈေးကွက်ဝယ်လိုအားခိုင်မာနေဦးမည်ဖြစ်ကြောင်း၊ ထိုင်းဆန်တင်ပို့သူများအသင်း ဥက္ကဋ္ဌ Charoen Laothammatas က ပြောကြားထားပါသည်။

ပထမစိုက်ပျိုးရာသီတွင် စပါးကိုအဓိကသီးနှံ အဖြစ် စိုက်ပျိုးရိတ်သိမ်းပြီးသည့် အပြင် အလယ်ပိုင်းဒေသအများစုရှိ ရေသွင်းစိုက်ပျိုးဧရိယာများ၌ ဒုတိယသီးနှံအဖြစ် စိုက်ပျိုးမှုမှစပါးတန်ချိန် ခုနစ်သန်းမှ ရှစ်သန်းထိ ထွက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တစ်နှစ်လုံးအတွက် စပါးတန်ချိန် စုစုပေါင်း ၃၂ သန်းထိ ထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားပါကြောင်း၊ အလယ်ပိုင်းဒေသရှိ မြေနိမ့်ပိုင်းဒေသများတွင် မိုးများပြီးရေကြီးမှုများ ဖြစ်ပေါ်လာပါက အချို့သော စိုက်ပျိုးသီးနှံများကိုပျက်စီးစေနိုင်ကြောင်း၊ သို့ရာတွင် မိုးရာသီကုန်ဆုံးသွားချိန်၌ သီးနှံများစိုက်ပျိုးရာတွင် ဆည်များမှ ရေသွင်းစိုက်ပျိုးစေရန် လယ်သမားများအား ခွင့်ပြုထားကြောင်း၊ အရှေ့မြောက်ပိုင်းရှိ ကုန်းမြင့်ပိုင်းဒေသများတွင် စိုက်ပျိုးမှုများမှ အရည်အသွေးမြင့်မားပြီး ဟုမ္မလီ(ခေါ်) ပရီမီယမ်တန်းဝင်ဆန်ဖြူများထွက်ရှိပါကြောင်း၊ အာရှတိုက်အတွင်းရှိ များစွာသော နိုင်ငံများမှ ဆန်ဝယ်လိုအားဈေးကွက်မြင့်မားစွာ ရှိနေသော်လည်း၊ စပါးများရိတ်သိမ်းပြီးသည့် အချိန်တွင်ရောင်းချသည့် ဈေးနှုန်းထက်ဈေးကောင်း ပိုမိုရရှိစေရန်အတွက် မျှော်လင့်နေပါကြောင်း၊ အရည်အသွေးမြင့် ပရီမီယံတန်းဝင်ဟုမ္မလီဆန်ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၅၀ မှ အမေရိကန်ဒေါ်လာ ၈၀၀ အထိရရှိပြီး ယခင်နှစ်တွင် ပျှမ်းမျှတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၈၁ ထိ ရရှိပါကြောင်း၊ အရည်အသွေးမြင့် ၅ မှတ်ဆန်ဖြူ၏ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅ မှ အမေရိကန်ဒေါ်လာ ၄၀၀ ထိရှိပြီး ယခင်နှစ်က တစ်တန်လျှင် ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာ ၃၉၄ ထိသာရရှိခဲ့ကြောင်း၊ ထိုင်းဆန်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆန်တန်ချိန် ၁၅၀၀၀၀ ခန့်နှင့် သီရိလင်္ကာနိုင်ငံမှ ဆန်တန်ချိန် ၂၅၀၀၀ ခန့် ဝယ်ယူလိုသည်ဟု ကမ်းလှမ်းထားပါကြောင်း၊ ခိုင်မာသောဈေးကွက် ဝယ်လိုအားကြောင့် ယခုနှစ်ကုန်ပိုင်းအထိ ဈေးနှုန်းဆက်လက်တည်ငြိမ်လျက်ရှိမည်ဟု မျှော်မှန်းထားကြောင်း Mr Charoen က ပြောကြားခဲ့ပါသည်။

ယခုနှစ်၏ နှစ်ကုန်ပိုင်း စပါးရိတ်သိမ်းချိန်တွင် ဒေသအတွင်း ဆန်ဈေးနှုန်းများကြီးမြင့်မှုမရှိစေရန်အတွက် ပြည်နယ်အတွင်းသိုလှောင်ထားပြီးမည်သည့် ဆန်ကိုမှ ဖြန့်ဖြူးရောင်းချရန် အစီအစဉ်မရှိပါကြောင်း၊ ထိုင်းနိုင်ငံ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီး အပီရာဒီတန်တရာပွန်က ပြောကြားခဲ့ပြီး ယခင်နှစ်ဒေသ ဆန်ဈေးနှုန်းမှာ တစ်တန်လျှင် ဘတ် ၆၀၀၀ ထိသာရှိခဲ့ရာ ယခုနှစ်တွင် ဒေသ ဈေးနှုန်း တစ်တန်လျှင် ဘတ် ၇၂၀၀ မှ ဘတ် ၈၀၀၀ ထိရှိပြီး ဈေးနှုန်း အနည်းငယ်မြင့်တက်လာကြောင်း ထိုင်းဆန်တင်ပို့သူများအသင်းဥက္ကဋ္ဌ Mr Charoen က ပြောကြားခဲ့ပါသည်။

**Source: Bangkok Post**

**မင်းအောင်အေး**

# ပြည်ပသို့တင်ပို့မည့် စားသောက်ကုန်ပစ္စည်းများအတွက် ကုန်ပစ္စည်းထုပ်ပိုးမှုဆိုင်ရာ စံသတ်မှတ်ချက် စည်းမျဉ်းများ ချမှတ်ရေးဆွဲရန် အိန္ဒိယနိုင်ငံက ဆောင်ရွက်လျက်ရှိ

ဖွံ့ဖြိုးပြီးနိုင်ငံများရှိ ဈေးကွက်များတွင် အိန္ဒိယနိုင်ငံထွက်စားသောက်ကုန်ပစ္စည်းများ တင်ပို့မှုအပေါ် မကြာခဏ ငြင်းပယ်ခံနေရမှုများ တွေ့ကြုံနေရသဖြင့် အစားအစာ လုံခြုံစိတ်ချမှုနှင့် ကျန်းမာရေးဆိုင်ရာ စံချိန် စံညွှန်းကိစ္စရပ်များကို ဖြေရှင်းရန်အတွက် အိန္ဒိယနိုင်ငံအစိုးရသည်ပြည်ပသို့တင်ပို့မည့်စားသောက်ကုန်ပစ္စည်းများအတွက် ကုန်ပစ္စည်းထုပ်ပိုးမှုဆိုင်ရာ စံသတ်မှတ်ချက်များချမှတ်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံစီးပွားရေးနှင့် စက်မှုဝန်ကြီးဌာနသည် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ဟင်းခတ်အမွှေးအကြိုင်များ၊ လက်ဖက်၊ ကော်ဖီ အပါအဝင်စားသောက်ကုန်ဆိုင်ရာပို့ကုန်အမယ် ၅၀၀ အတွက် ကုန်ပစ္စည်းထုပ်ပိုးမှုဆိုင်ရာ စံချိန်စံညွှန်းများ သတ်မှတ်ရန် ဗဟိုကော်မတီတစ်ရပ်အား ဖွဲ့စည်းထားကြောင်း၊ အိန္ဒိယနိုင်ငံက ဆောင်ရွက်မည့် ကုန်ပစ္စည်းထုပ်ပိုးမှုဆိုင်ရာ စံချိန်စံညွှန်းစည်းမျဉ်းများသည် အမေရိကန်၊ ဗြိတိန်၊ အီးယူ၊ ဂျပန်နိုင်ငံများကဲ့သို့ ဖွံ့ဖြိုးပြီး နိုင်ငံများက ချမှတ်ထားသည့် စည်းမျဉ်းများနှင့် လိုက်လျောညီထွေရှိကြောင်း အိန္ဒိယနိုင်ငံ စီးပွားရေးနှင့် စက်မှုဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြားခဲ့ပါသည်။

ကုန်ပစ္စည်းထုပ်ပိုးမှုစနစ်အား ကောင်းမွန်စွာ ဆောင်ရွက်ထားခြင်း မရှိပါက ရောဂါပိုးမွှားများတွယ်ကပ်နိုင်ခြေ အန္တရာယ်အမြောက်အများဖြစ်ပေါ်နိုင်ကြောင်း၊ အစိုးရအနေဖြင့် လတ်ဆတ်သည့် စားသောက်ကုန်ပစ္စည်းများနှင့် ပြုပြင်ထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်းများအား ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် စိတ်အားထက်သန်လျက်ရှိရာ အဆိုပါ ကုန်ပစ္စည်းထုပ်ပိုးမှု ဆိုင်ရာစည်းမျဉ်းစည်းကမ်းများသည် ပို့ကုန်လုပ်ငန်းရှင်များ စီးပွားရေးပိုမိုကောင်းမွန်စေရန်အတွက် အားပေးကူညီရာ ရောက်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

ဗဟိုကော်မတီအနေဖြင့်လည်း အဆိုပါကိစ္စရပ်အား ပို့ကုန်လုပ်ငန်းရှင်များ ပိုမိုသိရှိနိုင်ရေးအတွက် ကုန်ပစ္စည်းထုပ်ပိုးမှုဆိုင်ရာ သင်တန်းတစ်ခုအား ဖွင့်လှစ်သွားရန်လည်း ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကုန်ပစ္စည်းအမျိုးမျိုးထုပ်ပိုးမှုဆိုင်ရာ အရည်အသွေးမြှင့်တင်ရန်အတွက် ဆန်းသစ်သည့် ပစ္စည်းများဖြင့် ထုပ်ပိုးနိုင်ရန် သုတေသနပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကော်မတီတွင် အိန္ဒိယနိုင်ငံကုန်ပစ္စည်းထုပ်ပိုးမှုအဖွဲ့အစည်း၊ လယ်ယာထွက်ကုန်နှင့် ပြုပြင်ပြီး စားသောက်ကုန်ပစ္စည်းများ ပို့ကုန်တင်ပို့မှုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအဖွဲ့၊ သုတေသနအဖွဲ့အစည်းများနှင့် အိန္ဒိယနိုင်ငံ လက်ဖက်၊ ကော်ဖီဆိုင်ရာအဖွဲ့အစည်းများကဲ့သို့ စက်မှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ပါသည်။ အိန္ဒိယနိုင်ငံ ကုန်ပစ္စည်းထုပ်ပိုးမှုအဖွဲ့အစည်းမှ ဒါရိုက်တာတစ်ဦးဖြစ်ပြီး အမြဲတမ်းကော်မတီ၏ အတွင်းရေးမှူးတစ်ဦးဖြစ်သည့် NC Saha က မိမိတို့အနေဖြင့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ထုပ်ပိုးမှုဆိုင်ရာ စံချိန်စံညွှန်းများကို အကြံပြုရေးဆွဲထားပြီးဖြစ်ကြောင်းနှင့် အဆိုပါစံချိန်စံညွှန်းများကို စီးပွားရေးနှင့် စက်မှုဝန်ကြီးဌာနသို့ တင်ပြထားကြောင်း၊ ဟင်းခတ်အမွှေးအကြိုင်နှင့် လက်ဖက်ထုပ်ပိုးမှုဆိုင်ရာ စံချိန်စံညွှန်းများကိုလည်း ရေးဆွဲလျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ကုန်ပစ္စည်းထုပ်ပိုးမှု၏အရေးပါမှုကို ပိုမိုအလေးထား သိရှိနိုင်ရန်အတွက် အိန္ဒိယနိုင်ငံ ကုန်ပစ္စည်းထုပ်ပိုးမှု အဖွဲ့အစည်းသည် International Summit for Packaging Industry, Indiapack Pacprocess Exhibition နှင့် Pacmachine Awards ပွဲများကို စီစဉ်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်လာရခြင်းမှာ အနောက်နိုင်ငံ ဈေးကွက်အချို့တွင် အိန္ဒိယစားသောက်ကုန်ပစ္စည်းများ တင်ပို့မှုအပေါ် မကြာခဏ ငြင်းပယ်ခံနေရမှုကြောင့် ဖြစ်ကြောင်း သိရှိရပါသည်။

အမေရိကန်နိုင်ငံ စားသောက်ကုန်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှလည်း အိန္ဒိယနိုင်ငံမှ ထွက်ရှိသည့် ဟင်းခတ်အမွှေးအကြိုင်၊ ဘာစမာတီဆန်၊ ရေထွက်ကုန်နှင့် ပရဆေးကဲ့သို့ အိန္ဒိယစားသောက်ကုန်ပစ္စည်းများ အမေရိကန်နိုင်ငံသို့ တင်သွင်းလာမှုအပေါ် မကြာခဏငြင်းပယ်မှုများရှိကြောင်း၊ ရုရှားနိုင်ငံကလည်း အိန္ဒိယနိုင်ငံမှ ဆန်နှင့် မြေပဲတင်သွင်းမှုအပေါ် တားမြစ်ထားကြောင်း၊ အိန္ဒိယနိုင်ငံမှ နွားနို့အပါအဝင် ပြုပြင်ပြီး စားသောက်ကုန်ပစ္စည်းများ ဩစတြေးလျနိုင်ငံသို့ တင်သွင်းရာ၌ ဩစတြေးလျနိုင်ငံက ချမှတ်ထားသည့် သွင်းကုန် တင်သွင်းမှုဆိုင်ရာ စည်းမျဉ်းများအား လိုက်နာမှုမရှိခြင်းကြောင့် အသိပေး ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရှိရပါသည်။

**Source: economictimes**

**စန္ဒာထွန်း (TTI)**

# LG Electronic က အင်ဗာတာနည်းပညာသုံး လျှပ်စစ်ပစ္စည်းများအား မိတ်ဆက်

LG Electronic သည် အင်ဗာတာနည်းပညာသုံး လျှပ်စစ်ပစ္စည်းများအား မိတ်ဆက်ပွဲကို အောက်တိုဘာလ ၂၇ ရက်က Lotte ဟိုတယ်တွင် ကျင်းပခဲ့သည်။

LG Electronic မှ ထုတ်လုပ်လျက်ရှိသည် ရေခဲသေတ္တာနှင့် လေအေးပေးစက်များကို အင်ဗာတာနည်းပညာနှင့် ထုတ်လုပ်ထားသဖြင့် လျှပ်စစ်ဓာတ်အားကို ချွေတာရာ ရောက်သဖြင့် ဓာတ်အားခကုန်ကျစရိတ်များကို သက်သာစေနိုင်ကြောင်း သိရသည်။

LG Electronic ၏ အင်ဗာတာ နည်းပညာသည် မြန်မာသုံးစွဲသူများ၏ လိုအပ်ချက်နှင့် ကိုက်ညီစေရန် အထူးဖန်တီးထားသော နောက်ဆုံးပေါ် နည်းပညာဖြစ်သည်။ LG ၏ အင်ဗာတာ နည်းပညာသည် မြန်နှုန်းအမျိုးမျိုးဖြင့် လည်ပတ်နိုင်သောကြောင့် ပတ်ဝန်း ကျင်အနေအထားအလိုက် ထုတ်လွှတ်မှု (ဗို့အားနှင့်ကြိမ်နှုန်း)ကို ချောမွေ့အောင် ထိန်းညှိပေးသည်။

LG Electronic ၏ အင်ဗာတာ နည်းပညာသည် စွမ်းအင်နှင့်လျှပ်စစ် ပမာဏ အနည်းဆုံးကို အသုံးပြု၍ ထုတ်လွှတ်မှုကို တိုးမြှင့်ခြင်း သို့မဟုတ် လျှော့ချခြင်းတို့ ပြုလုပ်နိုင်သဖြင့် သုံးစွဲသူများအတွက် ထိန်းချုပ်မှုများ ပြုလုပ် နိုင်မည်ဖြစ်သည်။ စွမ်းအင်သုံးစွဲမှုကို အတတ်နိုင်ဆုံး လျှော့ချနိုင်စေသည့်အပြင် ဤနည်းပညာတွင် မီးအား အတက်အကျဖြစ်ခြင်းမှ ကာကွယ်နိုင်သည့် ဗို့အားကာကွယ်မှုစနစ် (Voltage Protection Mode) လည်း ပါဝင်သည်။ ဤနည်းပညာသည် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်တတ်သော မီးအား မငြိမ်သက်မှုမှ ကာကွယ်ပေးရန်အတွက် မီးအားမမှန်သော အချိန်မျိုးတွင် စက်ကို အလိုအလျောက် ပိတ်သွားစေပြီး၊ မီးအားပြန် လည်မှန်သောအချိန်တွင် အလိုအလျောက် ပြန်ဖွင့်ပေးနိုင်ကြောင်း သိရသည်။ အဆိုပါလုပ်ဆောင်မှုသည် LG Electronic ပစ္စည်းများကို အသုံးပြုသူများအတွက် စွမ်းအင်အသုံးပြုမှုကို လျှော့ချနိုင်စေသဖြင့် ငွေကြေးပိုမိုသက်သာစေနိုင်ကြောင်း သိရသည်။

LG Electronic မှ အင်ဗာတာ နည်းပညာဖြင့် ထုတ်လုပ်ထားသည့် အဝတ်လျှော်စက်၊ ရေခဲသေတ္တာနှင့် လေအေးပေးစက်များကို အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်များထံတွင် ယုံကြည်စိတ်ချစွာ ဝယ်ယူ နိုင်ပြီဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**



# အိုင်တီကဏ္ဍနှင့် ကားထုတ်လုပ်ရေးကဏ္ဍတို့တွင် လာရောက်ရင်းနှီးမြှုပ်နှံရန် တောင်ကိုရီးယားနိုင်ငံအား ဘူလ်ဂေးရီးယားနိုင်ငံက ဖိတ်ခေါ်

အိုင်တီနှင့် ကားထုတ်လုပ်ရေးကဏ္ဍတို့တွင် လာရောက်ရင်းနှီးမြှုပ်နှံရန် တောင်ကိုရီးယားနိုင်ငံအား ဘူလ်ဂေးရီးယားနိုင်ငံက ဖိတ်ခေါ်ခဲ့ကြောင်း Sofiaglobe သတင်းတွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ ဝန်ကြီးချုပ် Lee Nak-yon နှင့် ဘူလ်ဂေးရီးယားနိုင်ငံ ဝန်ကြီးချုပ် ဘွိုင်ကိုဘိုရီဆော့ဖ်တို့ ဘူလ်ဂေးရီးယားနိုင်ငံတွင် တွေ့ဆုံခဲ့စဉ် ဘူလ်ဂေးရီးယားနိုင်ငံ ဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ဘူလ်ဂေးရီးယားနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် လယ်ယာစိုက်ပျိုးရေး၊ စွမ်းအင်နှင့် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများ ကဲ့သို့သော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရန် အလားအလာများ ရှိနေကြောင်း၊ သို့သော် ၎င်းအနေဖြင့် အိုင်တီနှင့် လျှပ်စစ်မော်တော်ကား ထုတ်လုပ်ရေးလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံစေလိုကြောင်း ဘိုရီဆော့ဖ်က ပြောကြားခဲ့သည်။

ဘူလ်ဂေးရီးယားနိုင်ငံတွင် အခွန်ပေးဆောင်ရမှုနည်းပါးခြင်း၊ ကျွမ်းကျင်လုပ်သားများရှိခြင်းစသည့် စက်မှုဆိုင်ရာ အခြေခံကောင်းများရှိနေကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ကိုရီးယားနိုင်ငံအနေဖြင့် အိုင်တီနှင့် စက်မှုဆိုင်ရာနည်းပညာများတွင်




ရင်းနှီးမြှုပ်နှံရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် တောင်ကိုရီးယား-ဘူလ်ဂေးရီးယား ကုန်သည်စက်မှုအသင်းချုပ်ကို ဖွဲ့စည်းခဲ့ပြီဖြစ်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံသို့လည်း ဘူလ်ဂေးရီးယားဝန်ကြီးချုပ်အား လာရောက်လည်ပတ်ရန်ဖိတ်ခေါ်ခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံသည် မော်တော်ယာဉ်ထုတ်လုပ်မှု လုပ်ငန်းများတွင် ဦးဆောင်နိုင်ငံတစ်နိုင်ငံအဖြစ်ပါဝင်လျက်ရှိသည်။

"ကျွန်တော်တို့အနေနဲ့ စီးပွားရေးတိုးတက်နိုင်ဖို့အတွက် အခွန်ဆိုင်ရာမူဝါဒကောင်းတွေရှိနေတဲ့ ဘူလ်ဂေးရီးယားရဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းတွေကို ကြိုဆိုပါတယ်။ ဖွဲ့စည်းခဲ့ပြီးတဲ့ ဘူလ်ဂေးရီးယား-ကိုရီးယားကုန်သည်စက်မှုအသင်းချုပ်က ဒီလုပ်ငန်းတွေတိုးတက်ဖို့အတွက် အကူအညီပေးပါလိမ့်မယ်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နည်းဗျူဟာတွေကို ပြင်ဆင်ထားဖို့ လိုပါလိမ့်မယ်။ ကားထုတ်လုပ်ရေးလုပ်ငန်းတွေ၊ အိုင်တီကဏ္ဍနဲ့ စက်မှုနည်းပညာဆိုင်ရာကဏ္ဍတွေအားလုံးဟာ ပုဂ္ဂလိကကုမ္ပဏီတွေ ပူးပေါင်းဆောင်ရွက်ကြပါလိမ့်မယ်"ဟု တောင်ကိုရီးယားနိုင်ငံ ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ ဝန်ကြီးချုပ်သည် ဘူလ်ဂေးရီးယားနိုင်ငံသို့ တရားဝင် အလည်အပတ်ခရီးစဉ်အဖြစ် အောက်တိုဘာလ ၂၄ ရက်မှ ၂၆ ရက်အထိ သွားရောက်လည်ပတ်ခဲ့သည်။

# ယူရေးရှန်း စီးပွားရေးသမဂ္ဂအဖွဲ့ဝင်များ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန် သဘောတူညီ

အဖွဲ့ဝင်ငါးဦးပါဝင်သည့် ယူရေးရှန်းစီးပွားရေးသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သဘောတူညီချက် ၁၁ ချက်ကို လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း Armenpress တွင် အောက်တိုဘာ ၂၅ ရက်က ရေးသားဖော်ပြခဲ့သည်။

ယူရေးရှန်းစီးပွားရေးသမဂ္ဂအဖွဲ့တွင် အာမေးနီးယား၊ဘဲလာရုစ်၊ ကာဇက်စတန်၊ ကာဂျစ္စတန်နှင့် ရုရှားနိုင်ငံတို့ ပါဝင်သည်။

ယင်းငါးနိုင်ငံပါဝင်သည့် ယူရေးရှန်းစီးပွားရေးသမဂ္ဂသည် သဘောတူညီချက် ၁၁ ချက်ကို လက်မှတ်ရေးထိုးရန် အာမေးနီးယားနိုင်ငံ မြို့တော်ယီရာဗင်တွင်ပြုလုပ်ခဲ့သည့် ယူရေးရှန်းအုပ်ချုပ်ရေးကောင်စီ၏အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် ဒေသတွင်းဈေးကွက်နှင့်လယ်ယာကဏ္ဍ၊ ကုန်သွယ်ရေးနှင့်အခြေခံအဆောက်အအုံများအား အကောင်အထည်ဖော်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ယူရေးရှားစီးပွားရေးသမဂ္ဂသည် ယူရေးရှန်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအတွက် အမှတ်တံဆိပ်တစ်ခုကို ဖန်တီးသတ်မှတ်မည့်စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ယူရေးရှန်းစီးပွားရေးကော်မရှင်ဒါရိုက်တာအဖွဲ့၏ဥက္ကဋ္ဌ Tigran Sargsyan က ပြောကြားခဲ့သည်။




"ဒီနေ့ခေတ်မှာ ခေတ်မီတဲ့စီးပွားရေးဆိုင်ရာအသုံးအနှုန်းတွေကို ပြောဖို့ ဘယ်နည်းနဲ့မဆို ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဒစ်ဂျစ်တယ်အစီအစဉ်တွေမရှိဘဲနဲ့တော့ ယှဉ်ပြိုင်မှုကဏ္ဍမှာ တိုးတက်မှုဆိုတာ မဖြစ်နိုင်ပါဘူး"ဟု အာမေးနီးယားနိုင်ငံဝန်ကြီးချုပ် Karen Karapetyan က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံဝန်ကြီးချုပ် ဒီမီထရီ မက်ဒီဗက်က ယူရေးရှန်းစီးပွားရေးသမဂ္ဂအနေဖြင့် နိုင်ငံသားများ၏လူမှုစီးပွားဘဝများတွင် ပိုမိုယှဉ်ပြိုင်နိုင်စေရန်အတွက် လက်ရှိချမှတ်ထားသည့် လမ်းကြောင်းအတိုင်း လုပ်ဆောင်သွားသင့်ကြောင်း အကြံပြုပြောကြားခဲ့သည်။

ယူရေးရှန်း စီးပွားရေးသမဂ္ဂ၏ နောက်တစ်ကြိမ် အစည်းအဝေးကို ၂၀၁၈ ခုနှစ်အစောပိုင်းကာလများတွင် ရုရှားနိုင်ငံ၊ ဆိုချီမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



# ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုသည် အာရှနိုင်ငံများအတွက် အပေါင်းလက္ခဏာဆောင်သော လုပ်ငန်းတစ်ခုဖြစ်သည်ဟု စင်ကာပူဝန်ကြီးချုပ်ဆို

တရုတ်နိုင်ငံကဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Belt and Road Initiative (B&R) ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခု အစီအစဉ်သည် အာရှနိုင်ငံများအတွက် အပေါင်းလက္ခဏာဆောင်သော အစီအစဉ်တစ်ရပ်ပင်ဖြစ်သည်ဟု စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်းက ပြောကြားခဲ့သည်။

"ဒါဟာကျွန်တော်တို့ နိုင်ငံတစ်နိုင်ငံတည်းရဲ့ အမြင်ပါ။ အာရှဒေသတွင်းက နိုင်ငံအားလုံးအကျိုးရှိစေမယ့် အစီအစဉ်တစ်ရပ်ပါ"ဟု လီရှန်လွန်းက ပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ်ကတည်းက စတင်ခဲ့သည့် တရုတ်နိုင်ငံ၏ ရပ်ဝန်းတစ်ခုလမ်းကြောင်း တစ်ခုအစီအစဉ်သည် အာရှဒေသကို ဥရောပနှင့် အာဖရိကနိုင်ငံများနှင့် ဆက်သွယ်ပေးပြီး ကုန်သွယ်မှုပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခု အစီအစဉ်သည် တရုတ်နိုင်ငံ၏ ရှေးဟောင်းပိုးလမ်းမကြီးထက် သာလွန်ကောင်းမွန်နိုင်သည်ဟု ဆိုသည်။ အဆိုပါအစီအစဉ်သည် အာရှနိုင်ငံများအတွင်း ကြောင်းကျိုးဆီလျော်မှုရှိသည့် အစီအစဉ်တစ်ခုဖြစ်သည်ဟု ဝန်ကြီးချုပ်လီက ပြောကြားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့လုပ်ဆောင်ရမယ့် စီးပွားရေးလုပ်ငန်းတွေ အများကြီးရှိလာပါလိမ့်မယ်"ဟု လီက အရှေ့တောင်အာရှနိုင်ငံများကို ရည်ညွှန်း၍ ပြောကြားခဲ့သည်။

အသစ်ထပ်မံရေးဆွဲထားသည့် ပိုးလမ်းမကြီးတွင် ကုန်းလမ်းပိုးလမ်းမ စီးပွားရေးရပ်ဝန်းနှင့် ၂၁ရာစုရေကြောင်း ပိုးလမ်းမကြီးတို့ ပါဝင်သည်။ လွန်ခဲ့သည့်လေးနှစ်ခန့်ကတည်းက နိုင်ငံပေါင်း ၂၀ ကျော်ခန့်သည် ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခု အစီအစဉ်၏ ပထမအဆင့်အဖြစ် အာရှအခြေခံအဆောက်အဦ ရင်းနှီးမြှုပ်နှံမှုဘဏ်တည်ထောင်ရာတွင် ပါဝင်ခဲ့ကြသည်။

အာရှပစိဖိတ်ဒေသတွင်းရှိ နိုင်ငံများအနေဖြင့် တရုတ်နိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း လီက ထပ်လောင်းပြောကြားခဲ့သည်။

မယ်သီတာ စုစည်းသည်


## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ် ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။



The Highest Performance Standards of American Petroleum Institute
NASA®
TOTAL LUBRICATING SOLUTIONS™
အဆင့်မြင့် စက်ဆီ၊ ချောဆီ
100% Fully Synthetic
STOP OIL FOR HOT HARD DRIVING
HEAVY DUTY
Distributed by
SEIN WUT HMON CO.,LTD.
No(24),Phan Chat Won U Shwe Ohh Street, Industrial Zone (2),
Hlaing Thar Yar Township,Yangon.
01-684 842, 09-731 26116
swh.com.mm
NASA-Lubricants-Myanmar




PPT
PiONEER
Power Tools Company Limited
No.113, Ground Floor, Shwedagon Pagoda Road, Latha Tsp.,Yangon.
09 731 67156, 09 25 36 34441, 09 25 36 34445, 09 2575 92325
E-mail: james.minoo@gmail.com, pioneerpowertools87@gmail.com
skype: jaffmbtbiz
: j959253634445
SEMPROX
KANDO
makita
BOSCH
BENYU
NINJA
J-B
Möller Germany
ROCKET


အဲ့မှာ စပျော်တာပဲ
Oishi
Sweet Corn
Oishi
Pizza
Oishi
Potato Fries
Oishi
O.Wow!

Max Myanmar
Holding Co.,Ltd
Hot Line Ph:
09 263 216 662
09 263 216 664
AIRMAN
HarbinGer
SDG100
HarbinGer
Head Office : No.(123) Alanpya Pagoda,Dagon Township,Yangon.

# COMMERCE INTERNATIONAL




## ပြည်သူ သန်း ၂၀၀အတွက် စားနပ်ရိက္ခာဖူလုံစေရန် ပင်လယ်ရေဖြင့် စပါးစိုက်ပျိုးနိုင်ရန် တရုတ်သိပ္ပံပညာရှင်များက သုတေသနပြုလုပ်

တရုတ်နိုင်ငံမှ သိပ္ပံပညာရှင်များသည် စပါးအမျိုးအစား အမျိုးမျိုးအား ပင်လယ်ရေဖြင့် စိုက်ပျိုးနိုင်ရန် သုတေသန ပြုလုပ်လျက်ရှိကြောင်း၊ ယင်းသို့ပြုလုပ်ခြင်းသည် ပြည်သူ သန်း ၂၀၀ အား စားနပ်ရိက္ခာ ဖူလုံစေရန်အတွက်ဖြစ် ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ပင်လယ်ရေဖြင့် စပါးစိုက်ပျိုးခြင်းဖြင့် စပါးအထွက်နှုန်းမှာ သုံးဆနီးပါး ထွက်ရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားကြသည်။

လွန်ခဲ့သော ဆယ်စုနှစ်များစွာကပင် သုတေသီများသည် ဆားငန်ရေဖြင့် စပါးစိုက်ပျိုးရန် ကြိုးစားအားထုတ်ခဲ့ကြကြောင်း၊ သို့သော် ယခုအခါတွင် ယင်းကဲ့သို့ ပြုလုပ်ခြင်းမှ စီးပွားရေးအရ အလားအလာရှိနိုင်သည်ဟု ယူဆခဲ့ကြသည်ဟု ဆိုသည်။

သိပ္ပံပညာရှင်များသည် တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ် အရှေ့ပိုင်းရှိ ကွမ်ကျိုးမြို့၏ကမ်းခြေဒေသ မြစ်ဝါမြစ်အနီးရှိ လယ်ကွင်းများတွင် စပါးစိုက်ပျိုးခဲ့ကြသည်။

စပါးအမျိုးအစားပေါင်း ၂၀၀ ကို ဆားငန်ရေအခြေအနေအမျိုးမျိုးတွင် စမ်းသပ်စိုက်ပျိုးခဲ့ကြသည်။

ပင်လယ်ရေများကို လယ်ကွင်း အတွင်းသို့ ရေစုပ်စက်များဖြင့် သွယ်ယူခြင်း၊ ပင်လယ်ရေကို ရိုးရိုးရေဖြင့် ရောစပ်၍ လယ်ကွင်းအတွင်းသို့ ထည့်သွင်းခြင်းတို့ဖြင့် စပါးများကို စမ်းသပ်စိုက်ပျိုးခဲ့ကြသည်။

ပင်လယ်ရေဖြင့် စပါးစိုက်ပျိုးခြင်းမှ တစ်ဟက်တာလျှင် ဆန်တန်ချိန် ၄ ဒသမ ၅တန်ထွက်ရှိမည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။ သို့သော် ခန့်မှန်းထားသည်ထက် ပိုမိုထွက်ရှိနိုင်ပြီး တစ်ဟက်တာလျှင် ၉ ဒသမ ၃ တန်အထိ ထွက်ရှိနိုင်သည်ဟု ဆိုသည်။

“စမ်းသပ်စစ်ဆေးချက်များအရ ကျွန်တော်တို့ မျှော်လင့်ထားတာထက်ပိုပြီး ထွက်ရှိနိုင်ပါတယ်”ဟု Yangzhou တက္ကသိုလ်မှ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ပါမောက္ခ Liu Shiping က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံရှိ မြေဧရိယာများအနက် အငန်ဓာတ်မြင့်မားသဖြင့် စိုက်ပျိုး၍မရနိုင်သည့် မြေဧရိယာမှာ စတုရန်းမီတာပေါင်း တစ်သန်းရှိကြောင်း သိရသည်။

သိပ္ပံပညာရှင်များသည် လယ်ယာစိုက်ပျိုးရေးအတွက် အချို့သောမြေဧရိယာများကို အသုံးပြုခွင့်ရရှိမည်ဆို ပါက စပါးအမျိုးအစားအသစ်ကို ထုတ်လုပ်ရရှိနိုင်မည်ဖြစ်ကြောင်း မျှော်လင့် လျက်ရှိသည်။

စပါးစိုက်ပျိုး၍ မရနိုင်သည့် မြေဧရိယာများအနက် ဆယ်ပုံတစ်ပုံတွင်သာ စိုက်ပျိုးခွင့်ရရှိခဲ့ပါက ဆန်တန်ချိန် သန်း ၅၀ ကို ထုတ်လုပ်နိုင်မည်ဖြစ်ပြီး လူဦးရေ သန်း၂၀၀ ကို စားနပ်ရိက္ခာဖူလုံအောင် လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယင်းပမာဏသည် တရုတ်နိုင်ငံဆန်ထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်းရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ရေငန်တွင် စိုက်ပျိုးထွက်ရှိသည့် ဆန်သည် ကယ်လ်ဆီယမ်ဓာတ်ပိုမိုပါဝင်သည့်အပြင် ကျန်းမာရေးအတွက်လည်း များစွာ အထောက်အကူပြုသည်ဟု ဆိုသည်။

## ဆန်ကိုအဓိကထား စားသုံးနေမှုအား လျှော့ချရန် အင်ဒိုနီးရှားအစိုးရက ပြည်သူများအား တိုက်တွန်း

ဆန်ကို အဓိကထား၍ စားသုံးနေမှုအား လျှော့ချရန် အင်ဒိုနီးရှား အစိုးရက ပြည်သူများအားတိုက်တွန်းခဲ့ကြောင်း ဂျကာတာပို့စ်တွင်ဖော်ပြထားသည်။ အင်ဒိုနီးရှားနိုင်ငံတွင် လူတစ်ဦးချင်း ဆန်စားသုံးမှုနှုန်းသည် အခြားသော အာရှနိုင်ငံများထက် ပိုမိုမြင့်တက်နေသဖြင့် အခြားသောနည်းလမ်းများဖြင့် ကာဗိုဟိုက်ဒရိတ်ရရှိစေမည့်နည်းလမ်းများကို ရှာဖွေကြရန် တိုက်တွန်းပြောကြားခဲ့သည်။

အစိုးရအနေဖြင့် ဥအမျိုးမျိုးစိုက်ပျိုးခြင်းကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဝဥ၊ အာတာလွတ်၊ ပီလောပီနံ၊ ပြောင်းဖူးနှင့်သာကူစေ့ကဲ့သို့သော အသီးအနှံများကို စားသုံးသည့်အလေ့အထများကို ပြောင်းလဲကြရမည်ဖြစ်ကြောင်း၊ အဆိုပါဥအမျိုးနှင့် အသီးအနှံများသည်လည်း ကာဗိုဟိုက်ဒရိတ်များကို ပေးစွမ်းနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် လူတစ်ဦးချင်း ဆန်စားသုံးမှုနှုန်းသည် တစ်နှစ်လျှင် ၁၂၄ ကီလိုဂရမ်ရှိကြောင်း၊ တောင်ကိုရီးယားပြည်သူများ၏တစ်နှစ်ဆန်စားသုံးမှုနှုန်းမှာ ကီလိုဂရမ် ၄၀ရှိပြီး ဂျပန်ပြည်သူများမှာ ကီလိုဂရမ် ၅၀ ရှိကြောင်း၊ ထိုင်းပြည်သူများမှာ ကီလိုဂရမ် ၇၀ ရှိပြီး မလေးရှားပြည်သူများမှာ ကီလိုဂရမ် ၈၀ ရှိကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များကို ကိုးကား၍ ဂျကာတာပို့စ်တွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် တစ်ဦးချင်းဆန်စားသုံးမှုနှုန်းထားသည် မြင့်မားနေသော်လည်း ၂၀၁၀ ခုနှစ်က ဆန်စားသုံးမှုနှုန်းနှင့်နှိုင်းယှဉ်ပါက ဆန်စားသုံးမှုနှုန်းကို လျှော့ချနိုင်ခဲ့သည်ဟုဆိုသည်။

အင်ဒိုနီးရှားအစိုးရအနေဖြင့် လာမည့်နှစ်တွင် တစ်ဦးချင်းဆန်စားသုံးမှုနှုန်းကို ဆက်လက်လျှော့ချမည်ဖြစ်ရာ တစ်နှစ်လျှင် ကီလိုဂရန် ၉၀ အထိ လျှော့ချမည်ဖြစ်ကြောင်း Food Sovereignty Agency မှ Agung က ပြောကြားခဲ့သည်။



မယ်သီတာ စုစည်းသည်